
www.burmeseclassic.com
BURMESE CLASSIC
ကြည်းပါ®
ဒေးတာဂ္ဂသိုလ်
မုန်အိပ်ကြည်ရဲ့ မီးဏ
www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၂၆၆/၂၀၀၂ (၃)

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - /၂၀၀၂ (၃)

ပုံနှိပ်ထုတ်ဝေခြင်း - ပထမအကြိမ်၊ ၂၀၀၂

ထုတ်ဝေသူ -ဦးတင့်လွင် (သော်ကစာပေ)

၆၀၅၊ သုမောလမ်း၊ မြောက်ဥက္ကလာပ၊

ရန်ကုန်။

မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ -ဦးဇော်မြင့်ဝင်း (ကာလာဓနုပုံနှိပ်တိုက်)

အမှတ် ၁၈၄ ဘီ၊ ၃၁လမ်း၊ ရန်ကုန်။

ပန်းချီ / ဒီဇိုင်း -နီပိုဦး / ကိုယ်သီး

စီစဉ်ထုတ်လုပ်သူ -ကိုထောင်ဗိုလ် (ရွှေထီးမိုးစာပေ)

အုပ်ရေ - ၅၀၀

တန်ဖိုး - ၃၅၀ ကျပ်

မြလွှန်းချို (ဆေးတက္ကသိုလ်)

# မှန်အိမ်ကြည်ရွှမ်းစာ

အမှတ် ၂၀၂၊ ၃၁လမ်း(အထက်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။
ဖုန်း-၂၈၆၃၄၅

www.burmeseclassic.com

www.burmeseclassic.com


✣ ထီးမိုးပေးသူတစ်ယောက်အကြောင်း
✣ ညီမှုခြင်းတစ်ခုရဲ့ရှာပုံ
✣ နှောင်ကြိုးများနှင့်ချစ်ခြင်း
✣ အိပ်မက်ဖန်ဆင်းရှင်

✣ မှန်အိမ်ကြည်ရဲ့မီးစာ

✣ အနားမဲ့သမုဒ္ဒရာ




# မှန်အိမ်ကြည်ရဲ့ မီးစာ

"ဝန်ခံချက်"

တစ်စုံတစ်ယောက်ရဲ့ အဖြစ်အပျက်များကို စိတ်နဲ့ထပ်တူ ခံစားရေးဖွဲ့ပါသည်။ [illegible]ကိုမူ ထိခိုက်နစ်နာစေလိုခြင်းမရှိသည်က စာရေးသူ၏စေတနာဖြစ်ပါသည်။

မြထွန်းချို (ဆေးတက္ကသိုလ်)

ကဗျာအသုံးပြုခွင့်ပေးသော သူငယ်ချင်းဝေဝေမှုန် (နိုင်ငံခြားရေး-၂)အား [illegible]ကျေးဇူးတင်လျက်

www.burmeseclassic.com

www.burmeseclassic.com



## “ပုလဲစင်”

ရင်မောတယ်
တစ်ကိုယ်စာ ရှာချ လိုက်တဲ့ အဲဒီမိုးကိုက
သူ့အတ္တတွေ သူ့ပြန်စား လိုက်သလို
တစ်နေ့တစ်လျှား သာ ဆွဲပေတော့
အသွား မှာ တက်နေတဲ့ ဘဝတစ်ကွက်ဆင်
ကော်ဝတ်စား ချေး ချွတ်
ပေါင်းတင်ခြင်း နဲ့မီး စာကိုမြှင့်
အနှိပ်စက်ဒီရိုရိုတွေ ရဲ့ သဘော တစ်ခွင်မှာတော့
နဲ့ရင်း ....နဲ့ရင်း
အဲဒါပါပဲကွယ်
တောင်းကင်သစ်ဆီ ပြေး ထွက်ခါမှ
ငါး မြှား ချိတ်တန်း လန်း နဲ့ညတွေ
အိပ်ပြန်ရောက်ကျသူ့နောက်
တကောက်ကောက်လိုက်
အဲဒီမှာ သမား မိုးကျ ချုပ်မျှော်ခင်း
ရင်မချန်ချင်ဝမ်း ပါနဲ့လေ
အရှင်လတ်လတ်ကြီး ဆိုရင်ပဲ
နား ခွင့်ပေး သင့်တယ်
ဘာပဲဖြစ်ဖြစ် .....။

ခေခေထွန်း (ဆေး တက္ကသိုလ် - ၂)





မိန်းမတစ်ယောက်ဟာ ဘဝမှာ အချိန်နှစ်ချိန်နဲ့ပဲလုံးထွေး ကုန်ဆုံးရတယ်. . . တစ်ချိန်က မိဘညီအစ်ကိုမောင်နှမတွေနဲ့ မိသားစု ဘဝမှာ နေတဲ့အချိန် နောက်တစ်ချိန်က အိမ်ထောင်ရေးမှာ ကုန်ဆုံးတဲ့ အချိန်ပေါ့ . . . အဲဒီနှစ်ချိန်လုံး စိတ်ချမ်းသာရမဲ့ဘဝမျိုးကို လိုချင် တယ်. . . ငါလိုချင်ဖူးတယ်။ ဒါပေမဲ့ မှန်အိမ်ကြည်နဲ့ တူတဲ့အချစ်ကို သနားစိတ်နဲ့ ကြည့်မိတဲ့ခဏ . . ငါ . . . . မီးစာဖြစ်သွားခဲ့တာ ပါပဲ. . . မမရယ် မီးစာဆိုတာ အလင်းရောင်ရဖို့ ငါကတော့ တစ်သက်လုံး သူ့ရင်ခွင်ထဲမှာ အမှောင်တွေဖက်ပြီး အိပ်မက်ခဲ့ရပြီ၊ အပြင်က ကြည့်ရင်တော့ မီးလင်းနေတဲ့မှန်အိမ်လေးက ချစ်စရာလေး ပဲ. . . ဒါပေမဲ့ မီးစာရဲ့နာကျင်မှုကို ဘယ်သူမှ မသိနိုင်သလိုပဲ။ ကိုယ်ချစ် တယ်လို့ထင်တဲ့ လူတစ်ယောက်ကို လက်ထပ်လိုက်ရတဲ့မိန်းမ တစ်ယောက်က သဝန်တိုတာကို ခါးခါးသီးသီးနဲ့ မုန်းပြီးတော့ အိမ်ထောင်ပျက်သွားမဲ့ သောကကြီးကို ကျော်ပိုးပြီး . . . ငါနာတယ်သိလား။ ငါက မှန်အိမ်ထဲကမီးစာ သိုပဲ. . . အဲဒီလိုမှန်းသိရင် ငါအိမ်ထောင်မပြုခဲ့ပါဘူး။

သဝန်တိုတာခံရတဲ့ ဘဝလောက် သိက္ခာတရားကိုထိပါး စော်ကားခံရတာမရှိဘူး။ နောက်ဆုံးတော့ငါသိပြီ၊ အိမ်ထောင်ပြု လိုက်တဲ့အတွက် မိန်းမတစ်ယောက်က အရေခွံလဲခံလိုက်ရတာပဲ။ လုံးဝတို ပြောင်းလဲပစ်လိုက်ရတာပဲ။ ကိုယ်ပိုင်အခွင့်အရေးတွေကို ယောက်ျား တစ်ယောက်ရဲ့လက်ထဲမှာ စာချုပ်တစ်ခုနဲ့ အဆုံးရှုံးခံ လိုက်ရတာပဲ. . . .

ဘာစာချုပ်လဲဆိုတော့ လက်ထပ်စာချုပ်လေ. . . .

ဒေါ်ယဝင်းခင်



www.burmeseclassic.com

www.burmeseclassic.com



"နိဒါန်း"

ကျောက်သင်ပုန်းပေါ်မှာ ၁၉၈၃ခုနှစ် မောင်မယ် သစ်လွင်များအား ရှုတ္တပေဒ၌ါနမှ ကြိုဆိုဂုဏ်ပြုပွဲစာတန်းကို မြေဖြူရောင်စုံဖြင့် လှအောင်သုံးပြီး ရေးထားသည်။ ခင်နဲ့သိတဲ့ သူငယ်ချင်းတွေအားလုံး အထက်တန်းအောင်ပြီးတော့ ကွဲသွားကြ တာမို့ ဒီမေဂျာကို ခင့်အပြင် နောက်ထပ်ဘယ်သူတွေ ထပ်လျှောက် ကြသေးလဲ ခင်မသိ၊ နယ်ကလာသူမို့ ခင့်မှာ လောလောဆယ် တစ်ယောက်တည်း အူကြောင်ကြောင်နဲ့ ငေါင်တိငေါင်တောင်။ မေမေကို သတိရလိုက်တာ။ ခင်က အိမ်မှာတော့ အငယ်ဆုံး။ လက်ရှိတော့ ခင့်နားမှာ ဆိုးလို့ရမဲ့သူငယ်ချင်းဆို၍ တစ်ယောက်မှမရှိသေး။ သိရေတာထဲမှာ ထိုင်နေသော ကျောင်းသားကျောင်းသူတွေမှ အများကြီး။ ခုချိန်ထိ ခင်နဲ့သိတာ တစ်ယောက်မှမရှိသေး သလိုပင်။ ရှေ့ဆုံးခုံထောင့်စွန်းမှာ ထိုင်နေသောခင်သည် ရုတ်တရက် အနောက်က တစ်စုံတစ်ယောက် စူးစူးနစ်နစ်စိုက်ကြည့်တာ ခံရသလိုစိတ်ထဲမှာ ခံစားမိတာမို့ဆတ်ခနဲ နောက်လှည့်ကြည့် လိုက်သည်။

"..............."

ဘယ်သူမှ ဘာစကားမှ မပြောကြသော၊ ဘယ်တုန်းကမှ မသိခဲ့ကြသော၊ သူစိမ်းနှစ်ယောက်ကြား ဘာမှန်းနာမည်တပ်မရတဲ့ ခံစားမှုသည် ခင့်ရင်ဘတ်ထဲကို အရှိန်ပြင်းပြင်းနဲ့ စီးဝင်လာခဲ့သည်။

ဒါဝါလက်ထပ်ရမဲ့ ယောကျ်ားများလား။ စိတ်ထဲမှာ ပြဋ္ဌာန်း





ထားပြီးသားလို စွဲထင်သွားလေသည်။ လုံးဝရုပ်ရည် ချောမောမှု မရှိသောယောကျ်ား။ ဘာဆွဲဆောင်မှုမှလည်းမရှိ။ သို့သော် သူ ခင့်ကို စူးစိုက်ကြည့်နေပြီး ခင်ကပြန်လှည့်ကြည့်သည့်တိုင်အောင် လုံးဝ အကြည့်ကိုရုပ်သိမ်းမသွားဘဲ ဆက်ကြည့်နေလေသည်။

အဲဒီအခိုက် ခင့်ပခုံးကို ဆတ်ခနဲပုတ်တာခံလိုက်ရတာကြောင့် ခင်လန့်သွားပြီး မျက်နှာကရှေ့ဘက် ပြန်ရောက်လာသည်။

"ငါတို့က တူပါတယ်လို့ ကြည့်နေတာ . . . ယမင်းရုပ်ပဲ"

"အေးလေ . . . နင်ဘာကိုလှည့်ကြည့်နေတာလဲ"

ဆယ်တန်းတုန်းက ရန်ကုန်မှာ ကျောင်းလာတက်ပြီး စာမေးပွဲဖြေခဲ့သည်။ အဲဒီတုန်းက အဒေါ်တွေအိမ်နဲ့ကပ်လျက်က အမွှာညီအစ်မနှစ်ယောက်နဲ့ တော်တော်အဖွဲ့ကျသွားခဲ့သည်။ ခုတော့ သူတို့ကလည်း ဒီမေဂျာကိုပဲလျှောက်ကြပုံရတာမို့ ခင့်စိတ်ထဲမှာ ဝမ်းသာသွားသည်။ ခင်က အငယ်ဆုံးမို့လားမသိ။ စိတ်ပျော့သည်။ မှီချင်သည်။ ခုတော့ ဆိုးလို့ရတဲ့ သူငယ်ချင်းတွေနဲ့ တက္ကသိုလ်တူတူ တက်ရတော့မှာမို့ စိတ်ထဲမှာ စောစောကအားငယ်တာတွေပျောက် သွားသည်။

"စီစီမာ . . . . . သီသီမာ"

"တော်သေးတာပေါ့ . . . . ငါတို့ နာမည်ကို မှတ်မိလို့"

"မှတ်မိတာပေါ့ . . . နင်တို့လည်း ဒီမှာပဲလား"

"အေး . . . ငါတို့ပြန်ဆုံတော့ ပြန်ပျော်ကြတာပေါ့ ယမင်းရုပ်"



www.burmeseclassic.com

www.burmeseclassic.com



ခင်ခေါင်းကို ခပ်သွက်သွက်ညိတ်လိုက်သည်။

ခင့်ကိုသိပ်လှလွန်း၍ သူတို့က ယမင်းရုပ်ဟုခေါ်ကြလေ့ ရှိသည်။ ခင့်ကိုယ်ခင်တော့ သိပ်လှတဲ့အမျိုးအစားထဲမှာ မထည့် ထား။ သို့သော်ခင့်မှာ ရှမ်းသွေးကြောင့်ဝါဝင်းသော အသားအရည် ရှိသည်။ မျက်လုံးမျက်ခုံးက နက်မှောင်သည်။ ခင့်အရပ်က ငါးပေ ငါးလက်မမို့ မြန်မာမိန်းကလေး တစ်ယောက် အနေနဲ့မြင့်သည်။ ဒီလောက်ပါပဲ။ ခင့်မှာ တခြားသူတွေထက် ထူးခြားတာ ဘာမှမရှိ။

"နင်ဘာလှည့်ကြည့်နေတာလဲ"

စီစီမာက ခင့်ကို စပ်စုသည်။ အမြွာနှစ်ယောက်အလယ်မှာ ခင့်ခမျာ အစစ်ဆေးခံရတော့မည်ကို သဘောပေါက်လိုက်သည်။

"ဟို . . . . နောက်ဆုံးတန်းက လူတစ်ယောက်"

စီစီမာက လှည့်ကြည့်လိုက်သည်။

"ဂျပုလေးပဲ"

ခင်ထပ်လှည့်ကြည့်လိုက်တော့ သူမရှိတော့။ သူ့နေရာမှာ မျက်နှာခပ်သေးသေး၊ စာကလေးခေါင်းနဲ့ အသားခပ်မည်းမည်း ကောင်လေးတစ်ယောက်က ထိုင်နေသည်။ အရပ်က အနည်းငယ် ပုမှန်းသိသာသည်။ စားပွဲပေါ်မှာ ခေါင်းတင်ထားတဲ့အတိုင်း၊ လောကကြီးမှာ ဒီကောင်လေးမမှီမကမ်းတဲ့အရာတွေ အများကြီးရှိဦးမှာပဲဟု ခင်တွေး လိုက်မိသည်။





"သူမဟုတ်ဘူး"

"ဒါဆို နင်ဘယ်သူ့ကို ကြည့်နေတာလဲ"

"လူတစ်ယောက်ပါပဲ"

"လူမကြည့်လို့ ခွေးမှဒီအတန်းထဲမှာ မရှိတာ"

သီသီမာ့စကားက နားထဲကို ကန့်လန့်ဝင်လာသည်။ ပြီးတော့ သီသီမာက ခပ်ပုပုကောင်လေးကို ဆက်ပြီးဝေဖန်သည်။

"သူ့အမေကလည်း . . . ကလေးမွေးတုန်းက ဘာဆေးမှ သောက်ပုံမရဘူး။ သနားပါတယ်ဟယ်။ လူကသာပုတာ ရှိုးကများ သေး . . . နေကာမျက်မှန်တပ်ထားသေးတယ်။ ကြည့်ရတာ မျက်လုံး တစ်ဖက်များမမြင်ဘူးလား မသိဘူး . . . . အဲသလိုသာ ဆိုရင်တော့ ဒုက္ခပဲ. . . ."

"သီသီမာ. . . ဘာလို့သူများကို မှိုချိုးမျှစ်ချိုးပြောတာ လဲ. . . သနားပါတယ်"

"ယမင်းရုပ်. . . နင်သိပ်သနားတတ်တာပဲ။ ကြပ်ကြပ်သနား ဒုက္ခရောက်မယ်"

အဲဒီအချိန် ဆရာတွေဝင်လာသဖြင့် စကားစပြတ်သွား လေသည်။ သနားတတ်ခြင်းသည် ခင့်ဘဝ ကြိုတင်စီမံထားမှုအားလုံးကို ကပြောင်းကပြန် သွန်မှောက်လိုက်နိုင်ကြောင်း ခင့်စိတ်ထဲမှာ သံသယမရှိခဲ့။ ခင်က အငယ်ဆုံး သမီးမိုပီ အမြဲအစီမံခံခဲ့ရသူဖြစ် သည်။ ဒါပေမဲ့ ဘဝဆိုတာ ဘယ်အချိန်မှာ



www.burmeseclassic.com

www.burmeseclassic.com



ဘာဖြစ်ရမယ်ဟု လူတွေ ကြိုတင်စီမံထားလို့မရ။ သူ့ဟာသူ ပြဋ္ဌာန်းထားပြီးသား ဖြစ်လေသည်။ ခင်တို့လူသားတွေ ရှောင်လွှဲလို့မရ။ အဲဒါကို ကံကြမ္မာဟု သတ်မှတ်၍ ရနိုင်လား။ ခင်မသိ။ ကံကြမ္မာကို မယုံကြည်ခြင်း၊ ယုံကြည်ခြင်း အရာရာသည် လူအပေါ်မှာသာအဓိက မှီတွယ်လျက် ရှိခြင်း အဲဒီကိစ္စအားလုံးသည် ခင့်ရဲ့အားနဲချက်ဖြစ်သော သနားခြင်းကြောင့် သိပ်သိသာထင်ရှားသော ယုံကြည်ချက်တွေ ဖြစ်မလာခဲ့။ ခင်က သူတပါးကို သနား၍ မှီခိုမိခြင်းသည် နောင်တချိန်မှာ ခင့်ကိုယ်ခင် သနားမိတဲ့ အကြောင်းရင်းဖြစ်လာ မှာကိုလည်း ခင်မသိနိုင်သေးချိန်မှာ ခင်သည် သူငယ်ချင်းအုပ်စု ခြောက်ယောက်ထဲတွင် ပျော်ရွှင်ခဲ့သည်။

* * *





### အခန်း (၁)

စားသောက်ဆိုင်တစ်ဆိုင်လုံး သိမ်းဆည်းပြီးသွားချိန်မှာ ညတစ်နာရီထိုးနေပြီ။ ကျွန်တော့်မှာ ငွေစာရင်းစစ်ရမဲ့အလုပ် ကျန်သေးသည်။ တနေ့တာအတွက် ရောင်းရငွေ၊ ပြီးတော့ နောက်တစ်ပတ်အတွက် ဝယ်ရမည့်စာရင်းတွေ လုပ်ရဦးမည်။ စာကြည့်စားပွဲမှာ ထိုင်လိုက်စဉ် ငါဟာတက္ကသိုလ်ကျောင်းသားပဲ ဆိုတာ ခဏသတိရဖြစ်သည်။ သက်ပြင်းမောတစ်ချက်နဲ့အတူ ယမင်းရုပ်လေးနဲ့တူသော မနတ်တကောင်မလေးကို သတိရသည်။ဘဝအမောမှန်သမျှ ဘာမှသိပုံမရသော မျက်လုံးကြည်ကြည် ကလေးတွေမှာ အားငယ်စိုးရွံ့စိတ် တွေဖုံးလွှမ်းနေပြီး ငိုတော့မလို မဲ့နေသော မျက်နှာလေးက ကျွန်တော် အာရုံထဲမှာ ပြတ်ပြတ် ထင်ထင်ပေါ်လာသည်။ ကျွန်တော့်ထက် ကောင်မလေးက ငါးနှစ်ခြောက်နှစ် လောက်တော့ငယ်မည်။ ကြည့်ရတာ အမြဲတည် သက်သက်လေး -



www.burmeseclassic.com

www.burmeseclassic.com



စာရင်းစာအုပ်ကို ဖွင့်လိုက်ပြီး ဘောလ်ပင်ကိုင်ထားပေမဲ့ ကျွန်တော်ဘာမှ ရေးလို့မရသေး။ အဲဒီကောင်မလေးက ခေါင်းထဲမှာစွဲနေသည်။ ဖျောက်လို့မရ။

"ကိုလတ် . . . . ဘာတွေးနေတာလဲ"

အစ်မအသံက နားထဲကို ပုရစ်တစ်ကောင်လို စူးဝင်လာသည်။ နံဘေးမှာ လာရပ်သောအစ်မကို ခေါင်းခါပြလိုက်သည်။ ဒါတောင် အစ်မကမယုံ။ ဆက်မေးနေသေးသည်။

"နင် တစ်ခါမှ ဒီလိုငိုင်နေတာ မတွေ့ဖူးဘူး"

"အစ်မကလည်းဗျာ . . . . ကျွန်တော်ဘာမှ မဖြစ်ပါဘူးဆို . . ."

"မသိဘူးလေ . . . . နင်အလုပ်တွေများပြီး ဦးနှောက်ချောင်သွားမှာစိုးလို့"

မိသားစုငါးယောက်ရှိသော ကျွန်တော်တို့အိမ်မှာ လက်ရှိ အလုပ်ကို ဦးဆောင်နိုင်သူမှာ ကျွန်တော်ပဲရှိသည်။ ညီလုပ်သူက ဆယ်တန်းကိုသက်စေ့ဖြေမဲ့သူ။ အစ်မက အိမ်တွင်းအချက်အပြုတ် အချုပ်အလုပ်သာရသူ။ သားအလတ်လိမ္မာ၏ဟူသောစကားပုံသည် သားအလတ်ပင်ပန်း၏ဟု ဖြစ်သင့်သည်။ နေ့တိုင်းညနှစ်နာရီခွဲလောက်မှ အိပ်ရကာ မနက်ငါးနာရီ ပြန်ထရသော ဆိုင်တာဝန်ကို ပခုံးပေါ် ထမ်းထားရတဲ့ လူတစ်ယောက်မှာ မိန်းကလေး တစ်ယောက်အကြောင်းကို စိတ်ကူးယဉ် ထိုင်တွေးနေဖို့ အချိန်မရှိခဲ့။ ဆယ်တန်းအောင်ထားတာ ကြာပေမဲ့





တက္ကသိုလ်ကို တမင်မတက်သေးဘဲ ဆိုင်အလုပ်ကိုဝင်ဦးစီးခဲ့ရသူ တစ်ယောက်အဖို့ အိပ်ချိန်နဲ့အလုပ်ချိန်က balance မဖြစ်။ ကျွန်တော် ဒေါသကြီး သူတစ်ယောက်ဖြစ်လာဖို့အတွက် အလိုမကျသော မင်မန်းမှု များက အခြေခံသည်ဟုထင်သည်။ ဆိုင်ဆိုတာကလည်း လူမျိုးစုံဆက်ဆံရ သည်။ စားပွဲထိုးတွေ အချိုးမပြေလျှင် အော်ငေါက်ရသေးသည်။

"အစ်မ"

"ဘာလဲ"

အစ်မက Fridge ထဲက ရေစာစ်ပုလင်းကို ထုတ်ယူပြီး ကျွန်တော့်ဘက်လှည့်မကြည့်ဘဲမော့သောက်သည်။ မေးသင့်မမေးသင့် ဦးစားပြီးမှ မေးချင်စိတ်ဘက် အလေးသာသွားလေသည်။

"အစ်မ . . . အချစ်ဆိုတာဘယ်လိုမျိုးလဲ"

အစ်မရေသောက်နေရာမှ သီးသွားလေသည်။ ကျွန်တော့်ကို မျက်မှောင်ကြုတ်၍ကြည့်သည်။

"ကျွန်တော်မေးတာ ဖြေလေ . . . အစ်မ"

"နင်ဘာဖြစ်နေလဲ ကိုလတ်"

"ကျွန်တော် . . . အချစ်ဆိုတာ ဘာလဲသိချင်တယ်"

"နင့်ဟာက ဖိုဦးပေါ် ဦးထုံးထဲကလို ဖြစ်နေပြီ"

"ဘယ်လိုဖြစ်လို့လဲ အစ်မ"

"ပြော် . . . ဦးပေါ် ဦးကို ဘိုးတော်ဦးဝိုင်းကမေးတယ်။ ခိုင့်ခါနံ



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာ ဘာတဲ့လဲပေါ့ . . . ဦးပေါ်ဦးက ပုံပမာတစ်ခုနဲ့ ပြန်ဖြေတယ် ညီအစ်မနှစ်ယောက်မှာ အငယ်မကယောက်ျားနဲ့ အကြီးမက အပျိုကြီး . . . အဲဒါ အကြီးမက အငယ်မကိုမေးတယ်။ ယောက်ျားယူတာ ဘယ်လို အရသာရှိလဲပေါ့ . . . အငယ်မက ပြန်ဖြေတယ် . . . အစ်မကိုယ်တိုင် ယူကြည့်မှ အဲဒီအရသာကိုသိမယ်တဲ့။ ဦးပေါ်ဦးကလည်း ဘိုးတော် မင်းတရားကြီးကို မင်းတရားကြီးကိုယ်တိုင် နို့ဗွာန်ရောက် မှနိဗ္ဗာန်အရသာကို သိမယ်လို့ ပြန်လျှောက်တင်သတဲ့ . . . အခု နင့်မေးခွန်းကလည်း ဒီအတိုင်းပဲ။ နင်ကိုယ်တိုင်ချစ်ဖူးမှ အချစ်အကြောင်း သိမှာပေါ့” အစ်မက ရေသောက်ပြီးသောအခါ တစ်ချက်သမ်းဝေပြီး သူ့အခန်းဘက်ပြန် ဝင်သွားသည်။

အချစ်ဆိုတာဘာလဲဟု ကျွန်တော့်ကို အစ်မ ကတောင် မပြောပြနိုင်လျှင် ဘယ်သူက ပြောပြနိုင်မည်လဲ။

အစ်မလို ဝဟုသုတကြွယ်သူကတောင် အချစ်ဆိုတာ ကိုယ်တွေ့ကြုံမှ ဘာလဲဆိုတာ သိရမည်ဆိုတော့ . . . ။ကျွန်တော်ရဲ့ အလွန်နည်းပါးသော အိပ်ချိန်သည် ကောင်မလေးကြောင့် ပျက်ကွက်ရလေသည်။ အိပ်ပစ်လိုက်ရမှာကိုပင် နှမြောသည်။ အာရုံထဲမှာ ကိုယ့်စိတ်ကို ဖမ်းစားနိုင်မဲ့မိန်းမတစ်ယောက် အကြောင်းတွေးနေရတာ စိတ်ချမ်းသာသည်။ သိပ်လှတဲ့ ကောင်မလေး။ အရပ်မြင့်မြင့်၊ ကိုယ်ဟန်က သေးသေးသွယ်သွယ်လေးနဲ့။

* * *





ဆိုင်အလုပ်ချိန်ချည်းဖြစ်နေသော ကျွန်တော်သည် သူငယ်ချင်းခြောက်ယောက်အုပ်စုလေးရဲ့ ခေါင်းဆောင်ဖြစ်လာခဲ့သည်။ ဘယ်လိုလုပ်အဲဒီရာထူးရသွားလဲဆိုတော့ မောင်မောင်လတ် ဆိုသောနာမည်အရ ကျွန်တော့် ခုံနံပါတ်သည် ကျွန်ငါးယောက်နဲ့တော်တော်မနီးစပ်။ သို့သော် နောက်ဆုံးတန်းမှာ ထိုင်တတ်သော ကျွန်တော်သည် ကျောင်းချိန်မမှန်သူဖိုပီ ကျောင်းပြေးတတ်သော ကောင်လေးနှစ်ယောက်နဲ့ အဖွဲ့ကျသွားသည်။ တစ်ယောက်က ဂျပုလေး။ နာမည်က ရဲထွဋ်။ နာမည်နဲ့ လူနဲ့ပြောင်းပြန်။ နောက်တစ်ယောက်က အာတာ။ ကျွန်တော်တို့သုံးယောက်လုံး ကျောင်းအလွန် ပြေးကြတာချင်းတူသည့်အပြင် စာမေးပွဲနီးမှ မှတ်စုစာအုပ်တွေ အမြိုင် Photo ကူးကြသောသူများ ဖြစ်ကြသည်။ အာကာက စီစီမာ၊ သီသီမာ ညီအစ်မနှစ်ယောက်နဲ့ ခင်သည်။ အဲဒီအမွှာနှစ်ယောက်နဲ့တွဲသော ယမင်းခင်ကပါ ကျွန်တော်တို့ ကျောင်းပြေးတိုင်းစာတွေ ကူညီကူပေးတတ်သည်။ နောက်ဆုံး အဲဒီခြောက်ယောက်သည် သူငယ်ချင်းအုပ်စုတစ်စု ဖြစ်သွားကာ အသက်အကြီးဆုံးဖြစ်သူ ကျွန်တော့်ကို အစ်ကိုဟု နာမ်စားသုံးကာ အဖွဲ့ရဲ့ဘာကိစ္စပဲဖြစ်ဖြစ် တိုင်ပင်ကြသည်။ အဖွဲ့ထဲမှာ ကောင်မလေးက အငယ်ဆုံး။ အတူတူအနေနီးလာသောအခါ ယမင်းရှပ်လေးရဲ့ စိတ်ဓါတ်ကလေးကို ပိုရင်းနှီးလာသည်။

ကျွန်တော့် ယမင်းရှပ်ကလေးက တစ်နေ့စာတနေ့ပုံမှန် ချက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



သူငယ်တန်းတလေးတစ်ယောက်လို လတိုင်းကျောင်း လစာသွင်းမဲ့သူ တစ်ယောက်ရှိသည်။

တစ်နေ့မှာ အဲဒီတစ်ယောက်အကြောင်းကို ယမင်းရုပ် ကလေးက အမြွှာနှစ်ယောက်ကို ပြောပြနေခိုက် ကျွန်တော်ရောက်သွားသည်၊ ကျွန်တော် သူ့အနားရောက်နေတာကိုတောင် ယမင်းရုပ်လေးက မမြင်ရှာ။

"သူက ငါ့ကျောင်းပြီးရင် လက်ထပ်ရမဲ့သူလေ"

နားထဲမှာ အနုမြူဗုံးပေါက်ကွဲသွားသည်။ ပိုင်ဆိုင်နိုင်တဲ့ အခွင့်အရေးတစ်ခုက သူစိမ်းတစ်ယောက်ရဲ့ လက်နှစ်ဖက်ထဲမှာ အပြည့်။ ကျွန်တော့်လက်နှစ်ဖက်ထဲမှာ လေတွေပဲရှိသည်။ စိတ်ထဲ က နာကျင်မှုသည် နှလုံးအိမ်ကို ပြင်းပြင်းထန်ထန် ထိခိုက်ပွန်းရှ စေသည်။ ငါ့မှာ . . . . ဘာလို့ အခွင့်အရေးတစ်ခုတောင် ကြိုတင်မပေးခဲ့တာလဲ ကံကြမ္မာ။ သို့သော် ကျွန်တော်က ကံကြမ္မာရဲ့ စီရင်ချက်ကို ယုံကြည်သူမဟုတ်။ ကျွန်တော်က အရာရာကို လက်တွေ့ကျကျနဲ့လုပ်ကိုင်ကာ လူအပေါ်မှာပဲ တာဝန်ရှိတယ်ဟု ပြင်းပြင်းထန်ထန် ယုံကြည်ယူဆသောသူဖြစ်သည်။

"နင် သူ့ကို ချစ်လား"

ကျွန်တော့်အတွက် အဆုံးအဖြတ်တစ်ခုကို မကြားချင်။ ယမင်းရုပ်က စီစီမာ့အမေးကို တိုးညင်းစွာ ပြန်ဖြေသည်။

"ငါ့ကို အလိုလိုက်တယ်လေ. . . ကျောင်းတောင်သူအပ် ပေးတာ. . . မေမေတို့ကလည်း သဘောတူတယ်. . ချစ်လား. . ဆိုတော့ မသိဘူးဟ"





ကျွန်တော် ယမင်းရုပ်ဘေးနားက ခွေးခြေပုလေးမှာ ဝင်ထိုင် လိုက်သည်၊ ယမင်းရုပ်က ရုတ်တရက်မို့လန့်သွားပုံရသည်။

"ဟင် . . . အစ်ကို . . . ဘယ်တုန်းကရောက်လဲ"

"အခုပဲ"

ယမင်းရုပ်က ကျွန်တော်ရောက်လာတာကို ခုမှမြင်သွားပုံဟန်ဖြင့် မေးသည်၊ စီစီမာနဲ့သီသီမာက ကျွန်တော့်ကို အဓိပ္ပါယ်ပါသော မျက်လုံးတွေ နဲ့ကြည့်နေသည်။ ယမင်းရုပ်မျက်နှာက ဘာမှ စွန်းထင်းခြင်းမရှိတဲ့ အဖြူရောင်လက်ကိုင်ပုဝါတစ်ထည်လို သန့်ရှင်းနေသည်။

"အစ်ကို ဘာစားမလဲ"

"ဘာမှမစားတော့ဘူး ငါ Practical လာလုပ်တာ"

"အစ်ကိုအတွက် Note တွေ Photo ကူးထားတယ်"

ယမင်းရုပ်က ကချင်လွယ်အိတ်အနီလေးထဲကနေ စာရွက် တွေတထပ်ကြီး ထုတ်ပေးသည်။ အပတ်စဉ် Tutorial ဖြေဖို့ တိုက်တွန်း တတ်သော ယမင်းရုပ်ကြောင့်သာ ကျွန်တော်စာအနည်းငယ်ကျက် ဖြစ်ခဲ့ခြင်းဖြစ်သည်။ ယမင်းရုပ်လက်ထဲက စာရွက်တွေ လှမ်းယူလိုက်သော ကျွန်တော့်လက်တွေ အနည်းငယ်တုန်ယင်နေသည်။

စီစီမာက အဲဒါကိုကြည့်ပြီး ပြုံးသည်။

"အစ်ကိုလတ် နေမကောင်းဘူးလား"

"ကောင်းပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"မသိပါဘူး . . . အစ်ကိုလတ်ရောဂါများ ပြင်းထန်နေ သလားလို့"

ယမင်းရှပ်က ဖျတ်ခနဲသူ့ကိုကြည့်သည်။ တဆိတ်။ ငါ့ကို အဲသလို မျက်ဝန်းတွေနဲ့ မညှို့စမ်းနဲ့ကောင်မလေးရယ်။ ကျွန်တော် လွယ်အိတ်ထဲ စာရွက်တွေ အထပ်လိုက် ထိုးထည့်လိုက်သည်။

"ဟော . . . ရဲထွဋ်လာပြီ"

တနေ့ကို ကျောင်းဝင်းထဲ တစ်ခါမျှမျက်နှာလာပြရုံ တာဝန်ယူထားတတ်သလို ကျောင်းပြေးသော ရဲထွဋ်သည် ကျွန်တော်တို့အဖွဲ့ဆုံရာ ခေမရဇ္ဇကိုတော့ ပုံမှန်လာသည်။

"အစ်ကိုလတ်ပါ ရောက်နေတာကိုး"

"အေး"

အဖွဲ့ထဲမှာ အသက်ကြီးဆုံးဖြစ်သော ကျွန်တော့်ကို ယမင်းရှပ်က အစ်ကိုဟုခေါ်ပြီး ကျန်လူအားလုံးက အစ်ကိုလတ်ဟု ခေါ်ကြသည်။

"မင်းကျောင်းလခ သွင်းပြီးပြီလား"

"မသွင်းရသေးဘူးဗျ . . . အဲဒါလာသွင်းတာ"

"ကျွန်မတို့နှစ်ယောက်အတွက်လည်း တစ်ခါတည်းသွင်းပေးပါလား" မြင့်သူက . . . .

"အစ်ကိုလတ်ကိုပဲ သွင်းခိုင်းလိုက်ကြလေ . . . ကျွန်တော့်အတွက်လဲ သွင်းပေးပါ။ ကျွန်တော်အလုပ်ရှိလို့ သွားတော့မယ်"

ရဲထွဋ်ကပိုက်ဆံထုတ်ပေးပြီး လွယ်အိတ်စလွယ်သိုင်းကာ





တပျာကယာ ပြန်ထွက်သွားသည်။

"ယမင်းရှပ်ရော . . . သွင်းပြီးပြီလား"

"ကိုထင်အောင် သွင်းပေးပြီးပြီ အစ်ကို"

မေးမိတဲ့နှုတ်ခမ်းတွေကို ကျွန်တော်စိတ်နာစွာ ဖေ့ပိတ်ထားမိတော့သည်။ ကျောင်းပြီးလျှင် လက်ထပ်ရမဲ့လူက ယမင်းရှပ်အတွက် လစဉ်ကျောင်းလခ သွင်းပေးသည်။

"ဟုတ်လား"

မကောင်းတတ်၍ တစ်ခွန်းပြန်မေးလိုက်သေးသည်။ နေ့တိုင်းကျောင်းကို ကားနဲ့လိုက်ပို့တတ်သော လူတစ်ယောက်ကို ယမင်းရှပ်နဲ့ နက်ရှိုင်းစွာပတ်သက်မည်ဟု ထင်ခဲ့ပြီးသား။ ဒါပေမဲ့ ကျွန်တော့်အဖြစ်က တဖြည်းဖြည်းရင့်သန်စွဲမြဲလာသော သံယောဇဉ် တရားကို မလွန်ဆန်နိုင်။ တစ်ဖက်သတ် တွယ်ငင်ခြင်းသည် လူကို ပင်ပန်းဆင်းရဲစေတတ်သော ဝေဒနာတစ်ခုဖြစ်လေသည်။

"ကျွန်မတို့ အရင်အတန်းထဲ သွားတော့မယ်"

စီစီမာနဲ့သီသီမာက လွယ်အိတ်တွေလွယ်ကာ ထိုင်ခုံမှထသည်။ ယမင်းရှပ်က . . . . .

"နေဦးလေ . . . ငါပါလိုက်မှာပေါ့ . . . အစ်ကို ထလေ"

"ခဏလေး . . . နင်တို့သွားနှင့်ကြဟာ . . . ယမင်းရှပ်ကို မေးစရာရှိသေးလို့"



www.burmeseclassic.com

www.burmeseclassic.com



အမြွှာနှစ်ယောက်ထိသွားသောအခါ စားပွဲဝိုင်းလေးသည် တိတ်ဆိတ်ငြိမ်သက်စွာကျန်ရစ်သည်။ ယမင်းရုပ်ရှေ့မှာ တစ်ဝက်မျှကျန်သေးသော ကော်ဖီတစ်ခွက်ရှိသည်။ ကျွန်တော့်ရှေ့မှာ အငွေ့မသေသေးသောစီးကရက်တစ်လိပ် စီးကရက်ခွက်ထဲမှာရှိသည်။

"အစ်ကို"

"ဘာလဲ"

"အာကာဘာလို့ ဒီနေ့ကျောင်းမလာတာလဲ"

"အင်း . . . သူ ကားအရောင်းအဝယ်နဲ့ မန္တလေးတက်သွားတယ်"

"သူကကျောင်းသိပ်ပြေးတာပဲ . . . စာမေးပွဲနီးရင်ဒုက္ခပဲ"

ကျွန်တော်က ယမင်းရုပ်ကို ဖျတ်ခနဲကြည့်သည်။ ကျွန်တော် မဟုတ်တဲ့ အခြားတစ်ယောက်ကို ပူပန်စိုးရိမ်နေတာ မကြိုက်။ ပြီးတော့ အာကာဆိုတာက မိန်းကလေးတော်တော်များများ စိတ်ကူးယဉ်ချင်စရာ ရုပ်ရည်မျိုးပိုင်ဆိုင်သည်။ ဆံပင်အညို ပခုံးကုပ်ထောက်နဲ့ ဖြူဝင်းသော အသားအရည်ကြောင့် အာကာ့ပုံစံက လူကြားထဲမှာ ထင်ရှားသောပုံစံမျိုးဖြစ်သည်။

"ကိုယ်လည်းအလုပ်တွေများလို့ ကျောင်းမှမတက်နိုင်တာ"

ယမင်းရုပ်က လွယ်အိတ်လွယ်ကာ. . . .

"အစ်ကို . . . . အတန်းသွားတက်တော့မယ်. . . လိုက်မှာလား"

"အင်း"





စီးကရက်ကို စီးကရက်ခွက်ထဲထိုးချေထည့်တာ ကျွန်တော်ပါ လိုက်ရုပ်သည်။ ဒါလိမ္မာပါးနပ်စွာ ရှောင်လွှဲခြင်းဟု နားလည်လိုက်သည်။ သိမှာပါ ငါ့မျက်ဝန်းတွေရဲ့ လေးနက်မှုကို ကောင်မလေးခံစားမိမှာပါ။ ဒါပေမဲ့ ကောင်မလေးကို ဘာမှခန့်မှန်းလို့မရ။ သူငယ်ချင်းတွေထဲမှာ ကောင်မလေးဂရုအစိုက်ဆုံးက အာကာဆိုတာ ကျွန်တော်လက်မခံချင်လို့လည်းမရ။ ကျွန်တော် ယမင်းရုပ်ကို မစွန့်လွှတ်နိုင်တဲ့ ခံစားချက်ကိုလည်း လက်မခံချင်လို့မရ။ လောကကြီးရေ။

လက်မခံချင်တာသိပ်များလာတဲ့အခါ လူတစ်ယောက်မှာ ဘာရွေးချယ်မှုနဲ့ အသက်ဆက်ရပါ့မလဲ။

* * *



www.burmeseclassic.com

www.burmeseclassic.com



မိုးအေးအေးနဲ့မို့ ဆိုင်ထဲမှာ လူရှင်းနေသည်။ လေးငါးယောက်ခန့်ပဲ အရက်သောက်ရင်း စကားစီမြည်ပြောနေကြသည်။ ဆိုင်ရှေ့ကိုဆိုင်ကယ်လ်တစ်စီး ထိုးရပ်လာပြီး ဆိုင်ကယ်လ်ပေါ်ကနေ စမတ်ကျကျဆင်းလိုက်သောသူဆီ ကျွန်တော်လှမ်းကြည့်လိုက်တော့ အာကာဟဲမက်ကိုချွတ်ကာ ပျော့ပျောင်းသော ဆံပင်ညှိုတွေဝဲခါကာ ကျွန်တော်ထိုင်နေသော ကောင်တာနားမြုံးဖြဲဖြဲနဲ့ ဝင်လာသည်။

"အစ်ကိုလတ် . . . ဒီနေ့ ကျောင်းသွားသေးလား"

"အေး . . . ကျောင်းလခသွားသွင်းတာ. . ."

"ယမင်းရုပ်ရော . . . သူကတော့ ကျောင်းမှန်မှာပါ"

ကျွန်တော်ဘာမှမပြောဘဲ ငြိမ်နေလိုက်သည်။ အာကာက ဒူးယားတစ်လိပ်ကို မီးညှိသောက်ကာ ဆက်ပြောသည်။

"ကျွန်တော် မနက်ကမှ မန္တလေးက ပြန်ရောက်တာ။ ဒီလောက် အမြတ်ကျန်တယ်"

လက်သုံးချောင်းထောင်ပြပြီး တစ်ချက်ရယ်သည်။

"မင်းက သူဌေးပဲ"

"မထင်ပါနဲ့ အစ်ကိုရာ လမ်းမှာ ဟိုတယ်တက်ဖြုန်းတာ တော်တော်ကုန်သွားတယ်။ အစ်ကိုလိုမလိမ္မာဘူးဗျ"

"မလိမ္မာတော့ လွတ်လပ်တာပေါ့"

"မလိမ္မာတော့ သူများအထင်ကြီးပြီး အားကိုးတာမခံရဘူး



အစ်ကို . . . ခင်ဗျားမှာ ခေါင်းဆောင်နိုင်တဲ့ အရည်အသွေးရှိတော့ သူများအားကိုးတာပေါ့"

အာကာ့မျက်နှာက အဲဒီစကားပြောနေရင်း တည်သွားသည်။ ပြီးတော့ . . .

"ကျွန်တော်လမ်းကြုံလို့ ဝင်နှုတ်ဆက်တာ" ဟုဆိုကာ ပြန်ထွက်သွားသည်။

အာကာ၊ ကျွန်တော် ပြီးတော့ ကျောင်းပြီးလျှင် လက်ထပ်ရမဲ့သူ အိမ်ကသဘောတူထားသူရှိနှင့်နေသော ယမင်းရုပ်။ ဒီလူတွေကြားမှာ တစ်စုံတစ်ရာက ဘာဖြစ်မလဲ။ ကျွန်တော်မပြောတတ်။ အာကာ့ဆီမှာလည်း ယမင်းရုပ်နဲ့ပတ်သက်ပြီး တစ်ခုခုရှိနေမှန်း မွေချင်းခြေမြင်ပါသည်။ သက်ပြင်းတစ်ချက် မှုတ်ထုတ်လိုက်သည်။

ငါမရှုံးချင်ဘူး။ တင်းမာခိုင်ကျည်သော ဆုံးဖြတ်ချက်တစ်ရပ်ကို ကျွန်တော်ကိုင်စွဲပြီး မနက်ဖြန်တွေကို ရင်ဆိုင်တော့မည်။ တစ်ခါတ်ရံမှာ ထွက်ပြေးချင်နေတဲ့စိတ်၊ အပေါ်ယံက တော်တတ်ထက်မြက်သော လူတစ်ယောက်ရဲ့ရင်ထဲက ဝမ်းနဲနာကျင်စိတ်ကို ဘယ်သူကများခံစားပေးနိုင်မှာလဲ။

အလုပ်တွေများလွန်း၍ stress ဖိစီးသောဒဏ်၊ မျိုသိပ် ရမလား၊ ဖွင့်ထုတ်ရမလား တွေဝေခွဲရခက်သော လေးလံမှုများကြောင့် ဒေါသကြီး စိတ်တိုတတ်သောသူ ဖြစ်မှန်းမသိဖြစ်လာခဲ့ လေပြီ။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်ချစ်တဲ့ကောင်မလေးရယ်သံတွေကြားရတိုင်း စိတ်က နူးညံ့သိမ်မွေ့လာတတ်ကာ အဲဒီရယ်သံတွေကို တစ်ယောက်တည်းပဲ ပိုင်စိုးချင်သောအတ္တဖြင့် တစ်ကိုယ်ကောင်းဆန်သူလည်း ဖြစ်လာခဲ့လေပြီ။ ကျွန်တော့်အတွက် အချစ်ဆိုတာ ပိုင်ဆိုင်ရယူဖို့ ပြဋ္ဌာန်းထားသော ဥပဒေဟု ဆုံးဖြတ်ချက်ခိုင်မာစွာချမိသည့် အချိန်မှစ၍ ယမင်းရုပ်ကို ရယူဖို့ အစီအစဉ်တွေ ချမှတ်မိ တော့သည်။ မှန်ရှေ့မှာ တစ်ကိုယ်တည်း မတ်တပ်ရပ်ကာ ကိုယ့်ကို ကိုယ်စကားပြောကြည့်သည်။

"ငါ သူ့ကိုချစ်တယ်. . . အဲဒါ ဘာနဲ့မှလဲပြီးသွားအောင် တိုက်ခိုက်လို့မရတဲ့ အမှန်တရားပဲ. . . ဒါကြောင့် ငါသူ့ကိုပိုင်ဆိုင်ရမယ်"

မှန်ထဲက ကျွန်တော်သည် အပြင်ကကျွန်တော်ကို ခပ်တည်တည်မှုန်ကုပ်ကုပ်နဲ့ ပြန်ကြည့်နေသည်။ ကျွန်တော်တစ်ယောက်တည်းမှာတောင် အရိပ်နဲ့လူအစစ်နှစ်ယောက်ဖြစ်နေသလို ခံစားရပြီး အဲဒီအထဲက တစ်ယောက်ကိုတောင် ယမင်းရုပ်ကိုပိုင်ဆိုင်လုယူသွားမှာ စိုးရိမ်ခံစားရသေးသည်။

* * *



## အခန်း (၂)

ဝန်တိုစိတ်ကြီးမားသော၊ ပြင်းထန်တဲ့စကားလုံးတွေနဲ့ တပါးသူကို ဖဲ့စွလက်ဖွတ်ပြောဖို့ ဝန်မလေးသော လူတစ်ယောက်ကို ခင်ကြောက်သည်။ ဒါပေမဲ့ အဲဒီလူမှာ ခင့်ကိုလွှမ်းမိုးနိုင်တဲ့ စွမ်းအား တစ်ခုခုရှိနေခဲ့တဲ့အခါ ခင့်ကြောက်စိတ်က အားကိုးလိုစိတ်ကို ပြောင်းသွားခဲ့ပြန်သည်။

"မိန်းမဆိုတာ. . . တကယ်အခွင့်အရေးဆုံးရှုံးတဲ့ အမျိုးအစားပဲ"

မိုးခပ်ဖွဲဖွဲရွာသောတနေ့၊ ကျောင်းပိတ်ရက် လားရှိုးအိမ်ကို အပြန်တွင် မမက ခင့်ကိုလေသံတိုးတိုးဖြင့် ပြောပြခဲ့သည်။ ခင်သိပ်နားမလည်ပါ။ မမပြောချင်တဲ့ အခွင့်အရေးက ဘာကိုဆိုလိုသည်လဲ ခင်မသိ။ သီတင်းကျွတ်ကျောင်းပိတ်ရက် အိမ်ကိုပြန်လာ သောခင်သည် ရုတ်တရက် လက်မှတ်ထိုးလက်ထပ်လိုက်သော မမကို အံ့အားသင့် ရင်ဆိုင်

www.burmeseclassic.com

www.burmeseclassic.com



လိုက်ရသည်။ ယောကျ်ားတစ်ယောက်နဲ့ ဖြုန်းခနဲလက်ထပ်ရအောင် မမမှာချစ်သူမရှိတာ ခင်သိသည်။ ခင်တို့ညီအစ်မသုံးယောက်လုံးသည် မိဘအုပ်ထိန်းမှုအောက်တွင် အရှက်အကြောက်ကြီး၍ ပတ်ဝန်းကျင်ကို အင်မတန်ဂရုစိုက်လေ့လာကာ ပတ်ဝန်းကျင်က အပြစ်ပြောမခံရဖို့ သတိထားကြသူများ ဖြစ်သည်။

မမကြီးက ခင့်ထက်အသက်ဆယ်နှစ်ခန့်ကြီး၍ မိခင်နီးပါး ချစ်ပြီးကြောက်ရသည်။ အလတ်ဖြစ်သောမမက နှစ်နှစ်သာကွာပြီး တစ်ခန်းတည်းအတူအိပ်ခဲ့သူများမို့ တော်ရုံတန်ရုံဆို သူငယ်ချင်းလိုပဲ ပြောဆို ပွင့်လင်းကြသည်။

"မမ. . . နင်ဘာလို့ရုတ်တရက် လက်ထပ်လိုက်တာလဲ"

ခင့်မေးခွန်းကို မမဖြေပုံမှာ အေးတိအေးစက်နိုင်လှသည်။

"ငါရှက်လို့"

"ခင်နားမလည်ဘူး"

"ငါလည်းနားမလည်ဘူး ခင်. . . . ငါယောကျ်ားမယူချင်ဘူး. . . နင်သိပါတယ်. . . ငါသူစိမ်းယောကျ်ားတွေကို မျက်လုံးနဲ့ကြည့်ဖို့တောင် ကြောက်တဲ့မိန်းမ . . . အခုလိုလက်ထပ်ဖို့ ဘယ်တုန်းကများ ပြောဖူးလို့လဲ. . . ကြိုတောင်တွေးမထားဘူး. . ငါစိတ်ကူးလည်း မယူခဲ့ဘူး . . . ဒါပေမဲ့ လူ့လောကကြီးမှာ ကြိုမတွေးထားဘဲ ဖြစ်တာတွေ အများကြီးပါပဲ ခင်. . . နင်လည်း ငါ့လိုပဲကြုံနိုင်တယ်"





"ခင့်မှာ ကိုထင်အောင်ရှိတာပဲ"

"နင်မှ သူ့ကိုမချစ်တာ. . . ဟုတ်တယ်မို့လား"

"ဟင်း . . . . ."

ခင်သက်ပြင်းတစ်ချက်ချမိသည်။

"မမ . . . နင်လက်ထပ်လိုက်ရတဲ့ အကြောင်းတွေပြောပြဦးလေ"

မမက ခေါင်းအုံးပေါ်မှာ မျက်နှာအပ်ကာ တစ်ချက်ရှိုက်သည်။ လက်ထပ်တာ တစ်ပတ်မျှရှိသေးသော မိန်းမတစ်ယောက်ရဲ့ အိမ်ထောင်ရေးထဲ ရုတ်တရက်ခုန်ဆင်းလိုက်ရသော ခံစားချက်က ကြက်သီးထစရာ ကောင်းလောက်အောင် ကြောက်မက်ဖွယ် ကောင်းလှသည်။ အချစ်ဆိုတာ ဘာမှန်းသေချာမသိသေးဘဲ ပတ်ဝန်းကျင်ကိုငဲ့ညှာ၍၊ မိဘဂုဏ်သိက္ခာကိုငဲ့ညှာ၍ ယောကျ်ားတစ်ယောက် ရင်ခွင်ထဲ ဘဝကို သော့ခတ်ပိတ်လိုက်ရတဲ့ဘဝ။ ခင် ‌ဝေ့ွးပျက်သွားမိသည်။

"ငါ့နောက်ကို တချိန်လုံးလျှောက်လိုက်တယ်. . . ဆိုင်မှာထိုင်ရင် တချိန်လုံးဆိုင်နားမှာပဲ အချိန်ဖြုန်းတယ်. . . ကြာတော့ ဈေးထဲကလူတွေက သူနဲ့ငါ့ကို ကြိုက်တယ်တွဲတယ်လို့ ထင်လာကြတယ်၊ လူတွေရဲ့ထင်မြင်ချက်က ဘယ်လောက်ကြောက်ဖို့ကောင်း တယ်မှတ်သလဲ ခင်. . . သူတို့ ထင်တာအရေးမကြီးဘူး . . . ပါးစပ်ကပြောတာတွေက သိပ်လန့်စရာ ကောင်းတယ်. . . ဖေဖေတို့အကြောင်းလဲနင် သိတာပဲ. . . အဲဒီသတင်း ဖေဖေ့နားထဲရောက်သွားတော့ . . . ငါ့ကိုခေါ်မေးတယ် . . . ခင်. . နင်



www.burmeseclassic.com

www.burmeseclassic.com



သိလား ... ငါသူ့ကိုမချစ်ဘူး ... ဒါပေမဲ့ ဖေဖေ့နားထဲပေါက်တဲ့သတင်းက ငါတို့ ချစ်သူတွေတဲ့ ... အရမ်းတွဲကြတယ်တဲ့ ... ဖေဖေက ငါ့ကိုမေးတယ် ... ငါမဟုတ်ပါဘူးလို့ ဖြေခဲ့သေးတာပဲ ... ဖေဖေမယုံဘူး ခင် ... မေမေလဲ မယုံဘူး ... အဲဒါ ငါစိတ်အနာရဆုံးအချက် ပဲ ... ငါ့ရဲ့ကိုယ်ကျင့်သိက္ခာကို မိဘတွေကတောင် မယုံကြတော့ ငါမျက်လုံးစုံမှိတ်လိုက်တာပဲ ... အဲဒီအချိန်မျိုးမှာ သူကမိဘတွေနဲ့ အိမ်လာတောင်းတယ် ... အဲဒီမှာ ဖေဖေတို့က လက်ခံလိုက် တယ် ... ဒါပါပဲ ... ခင် .. ငါအိမ်ထောင်ကျခဲ့ရတာ တကယ့်ဝရုန်း သုန်းကားပဲ ... ဒါပေမဲ့ အားလုံးကြိုတင်စီစဉ်ထားတဲ့ အတိုင်း ပဲ ... ငါဘာမှငြင်းခွင့်မရှိဘူး ... ဣန္ဒြေသိက္ခာ၊ ပတ်ဝန်းကျင်အ တိုင်းအတာအောက်မှာ ငါဘာမှန်းမသိဘဲ လူတစ်ယောက်ကို လက်ထပ်လိုက်ရတယ် ... ဘယ်လောက်ကြောက်ဖို့ကောင်းသလဲ ... မိန်းမဆိုတာ အခွင့်အရေးတွေဆုံးရှုံးဖို့လူဖြစ်လာခဲ့တဲ့ အမျိုးအစားလား ... ငါမသိတော့ဘူး ငါမတွေးတတ်တော့ဘူး ခင် ..."

ခင် နားထောင်ပြီး မမပခုံးလေးကို လက်နဲ့အသာဆုပ် ကိုင်မိသည်။ ခေါင်းအုံးကခွာလိုက်ပြီး ခင့်ကိုကြည့်လိုက်သော မမမျက်ဝန်းတွေ နီရဲ စိုလက်လျက်ရှိသည်။ မမငိုနေခဲ့ပါလား .. ဘုရား ဘုရား ... ယောကျ်ားယူတာဒီလောက်တောင် နာကျင်ကြေကွဲပြီး ကြောက်စရာကောင်းလား ... ခင် မသိ ... ခင်သိတာ ခင်ကြောက်နေတာပဲဖြစ်သည်။





မမမျက်ရည်တွေကို ခင်လက်ဖမိုးလေးနဲ့ အသာ သုတ်ပေးတော့ ခင့်ကို မမက ရင်ခွင်ထဲဆွဲ၍ ပွေ့ဖက်ကာ ခင့်ခေါင်းလေးကို ဖွဖွလေး ပွတ်သပ်သည်။

"ငါနင့်ကို သိပ်သနားတာပဲ မမရယ်"

"မသနားပါနဲ့ ခင် ... ငါ့မှာဖွင့်ပြောဖြစ်ရာ နင်ပဲရှိတာ ... ငါအသနားမခံချင်ပါဘူး ... အိမ်ထောင်ပြုလိုက်တဲ့ အတွက် ငါနဲ့နင့်ကြားမှာ ဘာမှပြောင်းလဲမှုမရှိပါဘူး ခင်"

"ဒါပေမဲ့ ဟာ ... အရင်နဲ့အခုဘယ်တူတော့မလဲ"

"ငါတို့က မိဘရဲ့ယုံကြည်တာတောင်မခံရတဲ့အထိ အနေအထိုင်ပိုးစိုးပက်စက်နိုင်တဲ့ မိန်းမတွေတော့မဟုတ်ပါဘူး .. ဒါပေမဲ့ ပတ်ဝန်းကျင်ဆိုတာ သိပ်ကြောက်ဖို့ကောင်းတယ် ခင် ... ငါ့ ဘဝတစ်ခုလုံး ဖောက်ထိုးမိုးမျှော်ဖြစ်သွားအောင် ထင်မြင်ချက်တစ်ခုနဲ့ လုပ်ပစ်နိုင်ကြတယ် .. နင်ငါ့လိုမဖြစ်စေနဲ့ခင် .. ကိုထင်အောင်ကိုလည်း အိမ်ကသဘောတူထားတယ်ဆိုပြီး နင်မျက်စိမှိတ် လက်ခံစရာမလိုပါဘူး ... ငါတစ်ယောက်ပဲ စိတ်ဆင်းရဲခံမယ် ... နင်ငါ့ကို အင်ခန်းစာယူ ခင် ... ကိုယ်တိုင်ဆုံးဖြတ်ချက် မပါဘဲ ဘယ်လိုယောကျ်ားကိုမှ လက်ထပ်စရာမလိုဘူး ... ကြားလား"

"ငါတစ်ခုမေးမယ် မမ"

"ဘာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်တိုင်ဆုံးဖြတ်ချက်ဆိုတာ . . . အချစ်လား"

"မဟုတ်ဘူး ခင် . . . ယောကျ်ားတစ်ယောက်ကို ကိုယ့်စိတ် နဲ့ တကယ်ဆုံးဖြတ်ပြီးမှ လက်ထပ်ဖို့ ချစ်ဖို့ပြောတာ . . . ကိုယ့်ကို ကိုယ်သေချာပါစေ ခင် . . . ပြီးမှပတ်ဝန်းကျင်ကိုကြည့် . . . ပတ်ဝန်းကျင်က အမိကတော့မကျပါဘူး . . . ဒါပေမဲ့ ရှေးရိုးဆန်တဲ့ ငါတို့မိဘတွေက ပတ်ဝန်းကျင်ရိုက်ခတ်တဲ့ဒဏ်ကို ဂရုစိုက်ကြ တာ . . . နင်ငါ့လိုမဖြစ်စေနဲ့ ခင်"

"ငါယောကျ်ားမယူတော့ဘူး"

မမက ခင့်ကိုကြည့်၍ ဟက်ခနဲတစ်ချက်ရယ်သည်။

"နင် ကိုထင်အောင်ကြီးကို ဘယ်လိုလုပ်မလဲ"

"ငါမှအစကတည်းက မကြိုက်တာ"

"နင်ကြိုက်တာရှိနေလို့လား ခင်"

ခင် မမမေးခွန်းကို မဖြေရဲပါ။ မျက်ဝန်းထဲမှာ ဆံပင်အညို ရောင်ကုပ်ထောက်နဲ့ ကောင်လေးတစ်ယောက်ပုံရိပ်က လာထင်သည်။ တီရှပ်အဖြူနဲ့ဂျင်းဘောင်းဘီများသာ အဝတ်များသော သူ့ပုံစံက ရင်ခုန် နိုင်အောင် အစွမ်းတစ်ခုခုတော့ရှိသည်။

"ခင် . . . ငါမေးနေတယ်လေ"

"ဘာကိုလဲ"

"နင်ကြိုက်တာရှိနေလားလို့ . . . နင်တို့ကျောင်းမှာလေ"





"မမ . . . ငါမဖြေချင်ဘူးဟာ"

"နင်တကယ်ကြိုက်တဲ့လူတွေ့နေပြီပဲ"

"ဟင့်အင်း . . . တကယ်ကြိုက်တာတော့ မဟုတ်သေးဘူး ထင်ပါတယ်"

"ဘယ်ကလဲ"

"သူငယ်ချင်း"

"သူငယ်ချင်း"

မမက ခပ်တိုးတိုးလိုက်ရေရွတ်သည်။ သူငယ်ချင်း တစ်ယောက်ရဲ့ အပြုံးမျိုး သူ့ကို ခင်ပြုံးပြဖြစ်ခဲ့ရဲ့လား ဒီနေ့ထိခင် မဝေခွဲနိုင်သေးချေ။

"နင်မရှုပါနဲ့ ခင်ရယ်"

"ငါကြိုးစားပြီး ဟန်ဆောင်ပါတယ် မမ . . . ဘယ်သူမှ မသိနိုင်အောင် ပြီးတော့ သူကိုယ်တိုင်လည်းမသိနိုင်အောင်ပေါ့ . . . ငါ ကိုယ်ငါတော့ မသိဟန်ဆောင်လို့ မရတာခက်တယ်"

မမက ခင့်ဒုက္ခကို ကိုယ်ချင်းစာပုံမျိုးဖြင့် ခေါင်းခါယမ်း ပြသည်။ ခင့်အခန်းထဲက မမပြန်ထွက်သွားပြီးနောက် ရန်ကုန်ကနေ ခင့်ဆီ တယ်လီဖုန်းဝင်လာလေသည်။ အိပ်ရာဘေးမှာတင် တယ်လီဖုန်း ထားတာမို့ ခင်ကောက်ကိုင်လိုက်တာနဲ့ . . . .

"ဟဲလို . . . ယမင်းရုပ်နဲ့ တွေ့ချင်လို့ပါ ခင်ဗျာ"ဆိုသော အသံကို အသံက နားထဲကို တိုးညှင်းစွာဝင်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ . . . ယမင်းရုပ်ပြောနေပါတယ်"

"ဪ"

အစ်ကိုဘက်က ဘာမှထပ်ပြောသံမကြားရ။ ရန်ကုန်ကနေ လားရှိုးကို ဒီနေ့မနက်ကမှ ပြန်ရောက်ခဲ့သောခင်သည် တညမကြာခင် ခင့်ကိုဖုန်းဆက်တဲ့ အစ်ကို့ကိုသိပ်အံ့ဩမနေတော့ပါ။

"ရကားရ၏။ မလိုချင်သူထံမှ" ဟူသောစကားဖြင့် အစ်ကို့ကို မနာကျင်စေ မစော်ကားရက်ပါ။

"အစ်ကိုအခု ဘာလုပ်နေလဲ"

"ကိုယ်ဖုန်းပြောနေတယ်လေ"

"ဟင်း . . ဟင်း . . . အစ်ကိုရယ်စရာပြောတတ်သားပဲ"

"ကိုယ်အရမ်းသတိရနေတယ် . . . "

"အစ်ကိုအလုပ်တွေများနေမှာပေါ့နော်"

"ကိုယ့်ကိုစကားလမ်းကြောင်း ဘာလို့လွှဲပစ်တာလဲ ယမင်းရုပ် . ."

"ဟို . . . "

ခင်ဘာဆက်ပြောရမှန်းမသိတော့ချိန်မှာ အစ်ကိုက . . .

"ဒီလိုပါပဲ . . . ကိုယ်ကဘယ်တုန်းကမှ ကံကောင်းဖူးခဲ့တဲ့သူ မဟုတ်ဘူး" ဟုဆိုကာဖုန်းချသွားလေသည်။ ခင့်စိတ်ထဲကို အဲဒီစကားတ များတစ်စင်းနဲ့တူလှစွာ စူးစိုက်သွားသည်။

အစ်ကို . . . ခင်တို့ကြားမှာ တစ်ခုခုမှားပြီး မစိုက်ပျိုးချင်ဘူး





ခင့်ကိုမချစ်ပါနဲ့ အစ်ကို။ ခင်ကချစ်ဖို့ကောင်းတဲ့ မိန်းမမဟုတ်ဘူး။ ခင့်မှာကြိုးတွေနဲ့ ပြီးတော့ တွေဝေမှုတွေ၊ ခက်ခဲမှုတွေရှိတယ်။ ခင်ကဘယ်တော့မှ ပြတ်ပြတ်သားသားဝန်ခံရဲတဲ့ မိန်းမမဟုတ်ဘူး။ လူတစ်ယောက်ကို ခင်သံယောဇဉ်ရှိတယ်။ ဒါပေမဲ့ အဲဒီလူဟာ အစ်ကိုမဟုတ်ဘူး။ ခင်အစ်ကို့ကို အဲဒီလူလိုမခံစားရပေမဲ့ တဖြည်းဖြည်းဆွဲငင်တတ်တဲ့ အင်အားတစ်ခုက ခင်လွတ်အောင်ရုန်းနိုင်ပါ့မလား။

ခင်တွေးရင်း ထိတ်လန့်သွားသည်။

ကိုယ့်အတွက်ရင်ခွင်တစ်ခုက အချစ်တွေပြည့်နှက်ပြီး အဆင်သင့်ဖြစ်နေခဲ့တဲ့အခါ မိန်းမများသည် မှီခိုလိုသော သဘာဝ ဥပဒေအရ အဲဒီရင်ခွင်ထဲငုံ့ဝင်အားကိုးတတ်ကြတာ ဓမ္မတာဟု ဆိုလျှင် . . . . .

* * *



www.burmeseclassic.com

www.burmeseclassic.com



မမယောက်ျားသည် အရုပ်ပြတ်၏။ ရုပ်ကရွက်ကြမ်း ရေကျို ဖြူဖြူနုနု မမနဲ့ လုံးဝမလိုက်ဖက်။ ဒါပေမဲ့ စကားပြောရာမှာ ညင်သာ၏။ မမကို 'အရုပ်ကလေးတစ်ရုပ်လို တသသရှိလှ၏။ ထမင်းစားဝိုင်းတွင်ပင် ခွံ့ကျွေးတော့မတတ်ပြုလုပ်တတ်သည်။ တစ်မနက် ခင်နဲ့မမနှစ်ယောက် ထဲရှိချိန်မှာ မမက မှန်တင်ခုံရှေ့ ဝင်ထိုင်ပြီး မျက်နှာပေါ်က သနပ်ခါး တွေကို ပြန်ဖျက်နေသည်။

"ဘာလို့လဲ မမ"

"သူလိမ်းပေးသွားတာ"

မမက သနပ်ခါးပါးကွက်ကျားကြီးကို ရေတွေနဲ့ဖျက်သည်။ ပထမတော့ ခင်ကမမစကားကို ရယ်ချင်သေးသည်။

"ပါးကွက်ကွက်ပေးသွားတာလား . . . ကောင်းပါတယ် မမရဲ့"

မမက ခင့်ကိုမျက်စောင်းလှမ်းထိုးသည်။

"နင်မသိဘူးနော်. . . ခင်"

"ဘာကိုလဲ မမရဲ့"

"ငါ့ကို စျေးဆိုင်သွားတိုင်ရင် သူများတွေကြည့်မှာစိုးလို့ သနပ်ခါး ပါးကွက်နဲ့သွားတဲ့ . . . ခါတိုင်းသနပ်ခါးရေကြဲနဲ့ နှုတ်ခမ်းနီပါးပါးလေး ဆိုးနေကျလေ"

"ဟင် . . . အဲဒါကြီးကတော့ ချုပ်ချယ်လွန်းတယ်. . ကိုယ့် မိန်းမ လှတော့ ပိုမကောင်းလားကွယ်. . . ခင့်အမြင်မှာတော့ မိန်းမတစ်ယောက်က





အိမ်ထောင်ကျသွားပေမဲ့ အပျိုဘဝတုန်းကလိုပဲ ပြင်ပြင်ဆင်ဆင်ရှိဖို့ လိုအပ်တယ်ထင်တာပဲ. . . အမြဲ fashinable ဖြစ်နေရမှာပေါ့"

မမက တစ်ချက်ရယ်လေသည်။ မမရယ်သံက ခြောက်သွေ့ကာ နာကြည်းသံများပါနေသလိုပင် ထင်ရသည်။ မမနှုတ်ခမ်းများက ထောင့်စွန်း တစ်ဖက်စီကွေးယူပြီး မဲ့လိုက်ခြင်းမှာ အရယ်ကို ဆုံးသတ်တာမို့ ခင် မမကိုနားမလည်နိုင်အောင်ပင် ဖြစ်သွားရသည်။

"ငါတို့မြန်မာမိန်းမတွေက ယောက်ျားရရင် အအိုဖြစ်သွားပြီဆိုပြီး မပြုမပြင်နဲ့ နေတတ်ကြတာများတယ်နော် ခင်. . . ဒါပေမဲ့ ငါလည်း အဲသလိုပစ္စလက္ခတ်လုပ်တာမကြိုက်ပါဘူး . . . ငါက လှလှပပလေး ဝတ်ချင်တောင် ရုပ်တော့မဆိုးချင်ဘူး . . . သူက ပြောတယ်. . . နှုတ်ခမ်း နီဆိုးတာ နောက်တစ်ယောက်လိုချင်လို့လားတဲ့"

"အို"

"ခင်ရယ် . . . အဲသလိုအမေးခံရတော့ ရင်ထဲမှာဘယ်ကောင်း မလဲ. . . လော်လီဖောက်ပြားချင်တဲ့စိတ် စိုးစဉ်းမှမရှိဘဲ အမြဲ တန့်သတ်ချုပ်ချယ်ခံရတာ. . . သံသယနဲ့ jealsy ရှိခံရတဲ့ အိမ်ထောင်သည်ဘဝက ငါ့အတွက်ပျော်စရာမကောင်းတာ ဆန်းသလား ခင်"

ခင်မဖြေနိုင်။ ခင်မှအိမ်ထောင်မကျသေးတာ။ အိမ်ထောင်ကျတဲ့ မိန်းမတစ်ယောက် ခံစားချက်ကို ဘယ်လိုသိနိုင်ပါမည်လဲ။ ဒါပေမဲ့



www.burmeseclassic.com

www.burmeseclassic.com



အရှမ်းလက်ပေါက်ကတ်တဲ့ယောကျ်ားတစ်ယောက် နဲ့ ဘဝတစ်လျှောက်လုံး သေတဲ့အထိအတူတူနေရမည်ဆိုလျှင်တော့ စိတ်ညစ်စရာပင် ဖြစ်လိမ့်မည်။

မမက'စကားဆက်သည်။

"ဒါကြောင့် ရှေးလူကြီးသူမတွေက ပြောကြတာ. . . လင်ကုန်ရှုံးရင်တစ်သက်လုံးမှောက်ရောပဲတဲ့ . . . နင်အိမ်ထောင်ပြုတဲ့အခါ သေချာစဉ်းစားပါ ခင်ရာ"

ကျောင်းပိတ်ရက်အိမ်ပြန်လာသောခင်သည် မပျော်ရဘဲ မမရဲ့ အဖြစ်ကိုကြည့်ကာ စိတ်ညစ်ရလေသည်။ ပြီးတော့ ခင့်မှာ ညဘက်တွေဆို ရန်ကုန်မှ အစ်ကို့ဖုန်းကို လက်ခံပြောဆိုရတာ အလုပ်တစ်ခု။ အစပထမတော့ ခင်သည် အစ်ကိုနဲ့ဖုန်းပြောရတာကို စိတ်သိပ်မပါလှ။ သို့သော် တိုက်ပါများလျှင် ကျောက်တုံးပင်ပွန်းပဲ့ထွက်တတ်သည့် သဘောတရားအတိုင်းပင် ခင်လည်း အစ်ကိုရဲ့ချွဲနွဲ့သော သတိရကြောင်းစကားလုံးများရဲ့ဒဏ်ကြောင့် အနည်းငယ်တော့ ပျော်ဝင်မြူလာသည်။

ဥပမာ အစ်ကိုက ခင့်ကိုညကအိပ်မက်ထဲမှာ တွေ့တယ်ဟု ပြောလာလျှင် လူတစ်ယောက်ရဲ့အိပ်မက်ထဲ ပါဝင်ရလောက်တဲ့အထိ ခင့်စွဲဆောင်အားကို သဘောကျသလိုဖြစ်ကာ အဲဒီအိပ်မက်ထဲ သိလိုသောစိတ် ပြင်းပြလေသည်။ အဲဒါ မိန်းမသဘာဝပါပဲ။

ခင်ကလေး အိပ်မက်ထဲမှာ. . . ဟု အစ်ကိုက စီကာပတ်ကုံး





ပြောပြလျှင် ခင်ကအိပ်ငွေ့ချန်ရသူမမာ ပီတိဖြင့် နားထောင်နေလေ့ရှိသည်။ ညတိုင်းဖုန်းလာတော့ မေမေကစတင်၍ မေးမြန်းသည်။

"ဘယ်ကလဲ သမီး ညတိုင်းဆက်တာ"

ခင်သည်လိမ်ဖို့တော့ မကြိုးစားမိချေ။

"ရန်ကုန်ကပါ မေမေ"

"ယောကျ်ားလေးလား"

ခင်ခေါင်းညိတ်ပြသောအခါ မေမေက မျက်မှန်အောက်က စူးရှသော သူ့မျက်လုံးများဖြင့် ဆက်မေးသည်။

"မောင်ထင်အောင်လား"

"ဟင့်အင်း"

"ဒါဆို သမီးချစ်သူလား"

"မဟုတ်ပါဘူး မေမေ"

ကပျာကယာဖြေရှင်းချက်ထုတ်သောခင့်ကို မေမေက သိပ်တော့ မယုံကြည်ဟန်မပြ။ မေမေ့မျက်လုံးများကို ကြည့်ကာ ခင်အနည်းငယ်ဝမ်းနည်းသွားလေသည်။ အဲဒီအစ်ကို. . . အကြောင်းမရှိအကြောင်းရှာ ဖုန်းဆက်တာဟု စိတ်ထဲမှာလဲ အပြစ်တင်မိလေသည်။ မေမေက ဆက်ပြောသည်။

"မိန်းကလေးဆိုတာ အနေအထိုင်သိမ်မွေ့ရတယ် ခင်. . ပြီးတော့ ဘတ်ဝန်းကျင်က လူလေးစားအောင်နေရတယ်. . . ခဏ ခဏဖုန်းလာတော့



www.burmeseclassic.com

www.burmeseclassic.com



သမီးဖေဖေကအောင် သတိထားမိနေပြီ. . ရည် ရွယ်ထားတဲ့သူဆိုလည်း အိမ်ခေါ်ခဲ့ချေ။ မောင်ထင်အောင်ကို မေမေတို့ သဘောကျတာမှန်ပေမဲ့ အခုဘာမှ ခြေလှမ်းလက်လှမ်း နှုတ်လှမ်းထားတာမရှိဘူး . . . ဒီတော့ သမီးအတွက် အချိန်မှီသေးတယ်"

ဘာအပြစ်မှမရှိဘဲ စီရင်ချက်ချခံရသူပမာ ခင်သည် ခဏ တော့ ကြက်သေသေမိလေသည်။ ခင်ရည်ရွယ်ထားတဲ့သူ. . .။ခင် တစ်ခါမှ မတွေးကြည့်ခဲ့မိဘူးပါ။ မေမေ ခင့်အခန်းထဲက ပြန်လှည့်ထွက်သွားသောအခါ ခင့်မှာ ဖုန်းလာတာနဲ့ပတ်သက်ပြီး မေမေ့ စကားများကို ချိန်ထိုး၍ စဉ်းစားခန်းဝင်နေမိလေသည်။ မိန်းမ ဆိုတာ ကိုယ်ဘာမှ မမှားဘဲနဲ့တင် အပြစ်တင်ခံရတဲ့ type လား။ ပြီးတော့ ပတ်ဝန်းကျင်လေးစားခံရတယ်ဆိုတဲ့ အနေအထားကနေ သွေဖယ်ပြီး ခင်ဘာများလုပ်မိသလဲ။ ခင်တွေးရင်း စိတ်ညစ်လာသည်။

ခင်တို့လူ့ဘောင်အဖွဲ့အစည်းကသိပ်ပြီး သေးသိမ် ကျဉ်းမြောင်းသောအမြင်များနဲ့ သတ်မှတ်ချက်တွေကိုင်စွဲထားကြတဲ့ အမျိုးအစားဆိုတာတော့ ခင်သိသည်။ ဘာမဆို သူများမျက်လုံးတွေရဲ့ ဒဏ်ကိုပဲ ဂရုစိုက်ကာ ကိုယ့်ကိုကိုယ်အပြစ်ကင်းလွတ်အောင်နေတဲ့ မိသားစုမှာ အငယ်ဆုံးသမီးလာဖြစ်ရတဲ့အတွက် ခင်တစ်ခါမှ စိတ်မပျက်ဘူးပေမဲ့ ဒီတစ်ခါတော့ စိတ်ထဲမှာ စနိုးစနောင့်။ ခင်မှားသလား။ ခင့်ကို ဂရုစိုက်သောသူစိမ်းယောကျ်ား တစ်ယောက်နဲ့ ခင်အချိန်အကြာကြီး





စကားပြောတာမဟုတ်ဘဲ စကားလေးငါးခွန်းပြောရုံနဲ့တင် သတိပေးသလိုအပြောခံရတာတော့ မတရားဟုထင်သည်။

ခင့်မှာ အိပ်ချင်စိတ်ပျောက်ပြီး ခုတင်ပေါ်တွင် လူးကာလိမ့်ကာဖြင့် တစ်ခုခုကို မကျေနပ်သလို ပူလောင်နေရသည်။ ထိုအခိုက် အစ်ကို့ဆီက ဖုန်းရဲ့အသံက စူးစူးရှရှ မြည်လာသည်။ဖုန်းကောက်ကိုင်လိုက်သော ခင့်လက်တွေက အလိုမကျသလို ပြုစုသောခံစားချက်ပါဝင်လျက်ရှိလေသည်။

"ခင်လား"

အစ်ကိုအသံညက်ညက်ကလေးက သာသာနူးညံ့စွာပင် ခင့်နားထဲတိုးဝင်လာသည်။

"အစ်ကို"

"ဘာလဲ . . . . ခင်"

"နောက်နှစ်ရက်ဆို . . . ခင်ရန်ကုန်ပြန်ရောက်တော့မှာပဲ ဖုန်းမဆက်နဲ့တော့ . . . မေမေတို့က မကြိုက်ဘူး"

အစ်ကို့ဘက်ကအသံတိတ်ဆိတ်သွားပုံမှာ ချောက်ချားစရာတော့ ကောင်းလှသည်။ တော်တော်ကြာမှ . . . .

"ဒါပဲ ခင် . . . ဖုန်းချလိုက်တော့မယ်"

ဟုဆိုကာ ဖုန်းချသွားလေသည်။

ခင်ကတော့ ဖုန်းခွက်ကလေးကို ကိုင်ကာခင်လုပ်တာ မှားသလား



www.burmeseclassic.com

www.burmeseclassic.com



မှန်သလား မသိနိုင်အောင် တွေဝေလျက်ရှိသည်။ ပြီးတော့ အစ်ကို့ကိုလည်း သနားသည်။ ဖုန်းဖွက်ကလေးကို အသာ ကလေး ငေးကြည့်နေမိသည်။ စိတ်မရှိပါနဲ့ အစ်ကို။ ယမင်းရုပ်က အပြစ်မတင်တာပဲ ဖြစ်စေချင်တာ။ တစ်စုံတစ်ယောက်ရဲ့ အပြစ်တင်ခံရတဲ့ ခံစားချက်က တော်တော် အောင့်သက်သက်ဖြစ်သည်။

ညဘက်ရောက်တော့ အိပ်မက်ထဲမှာအစ်ကိုက ယမင်းရုပ်ကို စိတ်ဆိုးမာန်ဆိုးနဲ့ လက်ညှိုးငေါက်ငေါက်ထိုးကာ ရန်တွေ့နေသည်ဟု မြင်မက်လေသည်။ အိပ်မက်ထဲက အစ်ကို့မျက်နှာသည် ကြောက်စရာ ကောင်းလှသည်။ မျက်လုံးများက နီရဲခက်ထန်နေပြီး ယမင်းရုပ်ရဲ့ ပခုံးနှစ်ဖက်ကို သူ့လက်နှစ်ဖက်နှင့် ကြမ်းကြမ်းတမ်း တမ်းဆုပ်ကိုင်လျက် ယမင်းရုပ်ကို ဆွဲခါနေလေသည်။ အစ်ကို့ ပါးစပ်က စကားတွေပြောနေကာ ဘာတွေပြောနေမှန်းလည်း မသိအောင် ဗလုံးဗထွေးဖြစ်လျက်ရှိသည်။ ပြီးတော့ ယမင်းရုပ်က ငိုနေသေးသည်။

အိပ်မက်ကလန့်နိုးလာတော့ ခင့်တစ်ကိုယ်လုံးမှာ ချွေးတွေ ရွှဲနစ်နေကာ ရေအလွန်အမင်းဆာလောင်လျက်ရှိသည်။ ကပျာ ကယာအိပ်ရာပေါ်မှထကာ ထမင်းစားခန်းထဲ ရေသောက်ဖို့သွား လိုက်သည်။ ထမင်းစားခန်းထဲမှာ မမကို ငုတ်တုတ်ထိုင်နေတာ တွေ့သည်။ ထမင်းစားပွဲခုံတစ်ခုံမှာ ဝင်ထိုင်ပြီး . . . .

"မမ . . . မအိပ်သေးဘူးလား"





မျက်နှာချင်းဆိုင်ကြည့်မိတော့မှ မမမျက်လုံးတွေ နီရဲမို့ အစ်နေတာ တွေ့ရသည်။ မမမျက်နှာကြောင့် ခင့်ရဲ့ရေဆာတဲ့ စိတ်တောင်ပျောက်သွားသည်။

"မမ . . . . ဘာဖြစ်တာလဲ"

မမက ခေါင်းခါပြကာ ဘာမှမဖြေ။

"မမ . . . ဘာဖြစ်တာလဲ"

ခင့်အသံနဲ့နဲကျယ်သွားတာမို့ မမက သူ့လက်ညှိုးနဲ့နှုတ်ခမ်းကို တန့်လန့်လုပ်ကာ သတိပေးသည်။

"မသိချင်ပါနဲ့ခင် . . . ဘာမှမဟုတ်ဘူး"

"မမငိုထားတယ် မဟုတ်လား"

"ခင် . . . ငါပြောနေတယ် . . . ဘာမှမဟုတ်ဘူးလို့"

"ဟင့်အင်း . . . ခင်သိပါတယ် . . . မမငိုထားတယ်"

"ခင် . . . နင်ဘာလုပ်ဖို့ထလာတာလဲ"

"ရေသောက်မလို့"

"သောက်လေ"

ခုံကထကာ ရေပုလင်းထယူပြီး ရေတစ်ခွက်ငှဲ့သောက်သည်။

ခမတ . . . .

"ခင် . . . ရေသောက်ပြီးရင် ပြန်အိပ်တော့ ညီမလေးရယ်"

"မမ . . . ဘာဖြစ်တာလဲ ပြောဦးလေ"



www.burmeseclassic.com

www.burmeseclassic.com



မမဆီက သက်ပြင်းချသံခပ်ပြင်းပြင်း ကြားရသည်။

"ခင် နင်ဘာမှနားမလည်သေးဘူး။ အလိုဆန္ဒချင်း ညှိလို့ မရတဲ့ အိမ်ထောင်ရေးပြဿနာကို နင်ဘယ်လိုနားလည်မှာလဲ"

"ဘာရယ် . . . ဘာအလိုဆန္ဒချင်းလဲ"

"အချစ်မပါတဲ့အခါ ခါးသီးတဲ့အလိုဆန္ဒပေါ့ . . . နင်အိမ်ထောင်ပြုတဲ့အခါ နားလည်ပါလိမ့်မယ်။ အခုကြိုမသိချင်နဲ့ ခင်ရယ် ငါပြောရမှာ လည်ချောင်းမှာတင်နင်တယ်"

အိပ်ရာပေါ်ပြန်ရောက်၍ ခေါင်းအုံးနဲ့ခေါင်းထိကပ်လိုက်သည့်တိုင် ခင့်စိတ်ထဲမှာ မကျေနပ်မှုက အစိုင်အခဲဖြစ်နေရှာန်း။ အပျိုဘဝတုန်းက မမဟာ ဒီလိုပုံစံမဟုတ်။ ခင်နဲ့အတူ ရယ်မောပျော်ရွှင်စွာ ဘာအပူအပင်မှမရှိ။ ခင်က မမဆံပင်အုံထူထူကြီးကို ဖြီးသင်ဖြီးကျစ်ဆံမြီးကျစ်တဲ့အခါများဆို ညီအစ်မနှစ်ယောက် ဘတ်စ်ကားပေါ်မှာ ခင်တွေ့ဖူးသော သန်းဗရပွနဲ့မိန်းမအကြောင်း ပြောရင်းရယ်ကြရမြဲ။ မမရဲ့ အုန်းဆီလိမ်းသော ဆံပင်နက်နက် ထူထူများ ဖြီးသင်ပေးတိုင်း အဲဒီမိန်းမရဲ့ နီကြောင်ကြောင်ဆံပင်တွေမှာ သန်းတွေကူးနေတာကို မှတ်မိနေသော ခင်သည် . . . . .

" အဲဒီ မိန်းမခေါင်းကိုလေ နောက်ကနေကြည့်ပြီး ခင်ကြွင်း သိပ်အသည်းယားတာပဲ . . . သန်းတွေက ပိစိမွှစိကလေးတွေ . . . ပြီးတော့ ကူးနေတာ . . . ရွစိရွစိနဲ့ . . . ဟာ . . . ပြောရင်း ရင်ဘတ်ထဲကတောင် ယားလာပြီ"



"ကုဝ်လိုက်လေ"

ဟုဆိုကာ မမကရယ်နေတတ်သည်။ တစ်ခါတလေကျရင် တော့ ညီအစ်မနှစ်ယောက် လက်ဖက်သုပ်စားရင်း ညလုံးပေါက် အခန်းပြတင်းပေါက်မှာထိုင်ကာ ကောင်းကင်မှာကြယ်တွေ လက်လက်ထနေတာကို ကြည့်နေတတ်သည်။

"ကြယ်လေးတွေက အများကြီးပဲနော် . . . လက်လက် လက်လက်နဲ့ ခင် . . . ဟော . . . ဟိုထောင့်ကကြယ်တွေလား . . . ရွေ့နေသလိုပဲ သေချာကြည့်"

"ဟုတ်ပါဘူး . . . မမ မျက်လုံးမကောင်းလို့ပါ . . . မမတော့ မျက်မှန်တပ်ရခါနီးပြီ . . . အသက်ကကြီးပြီမို့လား"

"ခင်စုပ် . . . ငါ့အသက်ငယ်ငယ်ကလေးရှိသေးတယ်"

တစ်ခါတလေကျရင်တော့ မမနဲ့အတူ ဟင်းစားဝယ်ထွက်တတ်သည်။ ငါးရံ့ခြောက်တွေကို ဈေးကြည့်ရမှာ ရွံသောခင့်ကို မမက . . .

"ဖုတ်ပြီးဆီဆမ်းတဲ့အခါ နင်လာမစားနဲ့"ဟုကြိမ်းမောင်းတတ်လေသည်။ ခင်က . . .

"လက်နံတယ် မမရဲ့ " ဟု အထွန့်တက်မိလျှင် . . .

"ငါကတော့ လက်မနံဘူးဆိုတဲ့သဘောလား" ဟု ရွဲ့ပြီး ပြန်မေးတတ်သည်။ သို့သော် ခင်အစားမမကပဲ ငါးကိုင်တာတို့ အသားခုတ်တာတို့ လုပ်ပေးတတ်သည်။

www.burmeseclassic.com

www.burmeseclassic.com



အခုအိမ်ထောင်ကျပြီးသောအခါ မမနဲ့ခင့်မှာ အဲသလို လွတ်လပ်ခွင့်တွေမရှိတော့။ တစ်ခါတလေ မမယောကျ်ားက မမခါး ကိုဖက်ပြီး ထမင်းစားခန်းထဲဝင်လာလျှင် မမခမျာ မနေတတ်သလို လက်ကိုပွတ်ချချင်ပေမဲ့ ဟိုလူကလည်း အကြောခပ်တင်းတင်းနဲ့ ရွဲ့တတ်သူမို့ မျက်နှာပူပူဖြင့် မိဘတွေနှင့်ညီမရှေ့မှာ အောက်အီးသည်းခံရပုံပေါ်သည်။

အဲသလိုအခါမှာဆိုလျှင် မမမျက်နှာသည် ဆီးရွက်လောက်သေးငယ်ပြီး သနားဖို့ကောင်းသည်။ ဖေဖေနဲ့မေမေကတော့ ဘာမှမပြော။ သို့သော် ခင်ကတော့ ဒီလိုယောကျ်ားမျိုးကိုမကြိုက်။ မျက်နှာကြီးက ရွက်ကြမ်းရေကျိုကြီး။ ပြီးတော့ မျက်လုံးတွေက အသားစိမ်းတွေ့သောဘီးလူးသဘက်နှယ်။ အသားအရည်က အဆီပြန်တတ်တဲ့အမျိုး။ ခေါင်းမှာလည်း ဆီတွေရွှဲနေအောင်လူးတတ်သေးသည်။ မမညဘက်ဆို အဲဒီလူကြီးနဲ့ နှစ်ယောက်တည်း . . .။ အတွေးနဲ့တင် ခင်တွန့်သွားသည်။

ရန်ကုန်ကို ပြန်တော့မယ့်နေ့တွင် မမက ခင့်ကို ဖက်နမ်းကာ နှုတ်ဆက်သည်။ ပြီးတော့ မှာသည်။

"ရဲရင့်ပါစေခင် . . . မိန်းမဖြစ်ရတဲ့အတွက် ဘယ်တော့မှ သတ်မှတ်ချက်တွေနဲ့ ဘဝကိုဘောင်မခတ်ခံရပါစေနဲ့ . . . ပြီးတော့ ကိုယ်မချစ်တဲ့လူဆို ကိုယ့်ကိုလာကြည့်ခွင့်တောင် မပေးနဲ့ . . . ယောကျ်ားတွေ မိန်းမတွေကိုလိုက်တဲ့အခါ ပထမအဆင့်က ကိုယ်ကြည့်တာ သူသိပါစေတဲ့ အဲဒီတော့ မကြိုက်ရင်အကြည့်ကိုမခံနဲ့ ခင် . . . ဖာသီ





ဖာသာဆိုပြီးအကြည့်ခံနေရင် သူတို့လိုတဲ့ဖက်ဆွဲတွေးကြမှာပဲ . . . ခင်ငါနောက်ဆုံးတစ်ခုပဲမှာမယ် . . နင် အိမ်ထောင်ပြုဖို့ လူတစ်ယောက်ကို တက္ကသိုလ်မှာရွေးမယ်ဆိုရင် နင်ချစ်တဲ့လူပဲ ဖြစ်ပါစေ"

မမက အဲသလိုမှာပေမဲ့ မမကြီးကကျတော့ တစ်မျိုးမှာ သည်။

"ကျောင်းကို စာသင်ဖို့လွှတ်တာနော် ခင် . . . စာပဲအာရုံစိုက် . . . ဘာမှစိတ်ဝင်စားစရာမလိုဘူး . . . ယောကျ်ားဆိုတာနဲ့ ဝေးဝေးရှောင် . . . . ကျောင်းမှန်မှန်တက် . . . ပြီးတော့ သူများ တွေဝတ်တာစားတာကို လိုက်ကြည့်ပြီး အတုမယူနဲ့၊ မပြိုင်ဆိုင်နဲ့ . . . ကိုယ်ကပညာသင်ဖို့လာတာ . . . အဲဒါကို သဘောပေါက် . . . ဘွဲ့မရခင် ဘာမှမကြားချင်ဘူး"

အပျိုကြီးမို့လို့ အိမ်ထောင်ပြုတဲ့အရေးကို အပြစ်တစ်ခုလို မမကြီးက သဘောထားသည်။ မမအိမ်ထောင်ကျသွားတာကို မမကြီးက စိတ်ဆိုးလွန်းသဖြင့် ညီအစ်မချင်း စကားမပြောတော့။

"ကိုယ့်ဟာကိုယ် အေးအေးနေရင် ရသားနဲ့ ဒီယောကျ်ား ယူတော့ ဘာထူးလို့လဲ . . . အမျိုးမဟုတ်တာပဲ အဖတ်တင်တယ် . . . အသက်ကြီးလို့ အရားအားထုတ်ချင်ရင်တောင် ကလေး တို့လို့တွဲလောင်းနဲ့ ယောကျ်ားကတစ်မျိုး ဒီလူဘောင်အမှုဒီလောက်ရှုပ်တာ တော်တော်အငြိမ်မနေနိုင်ဘူး"

* * *



www.burmeseclassic.com

www.burmeseclassic.com



**အခန်း (၃)**

"ခင် . . . နည်းနည်းပိန်သွားသလိုပဲ"

ခင်လက်ဖျားခြေဖျားတွေ အေးစက်လာကာ ဘာစကားမှပြန်မပြောဖြစ်ဘဲ အာကာကို ပြုံးပြလိုက်သည်။ ကျောင်းကိုပြန်လာပြီးကတည်းက အခုတစ်ခေါက် ပထမဆုံးအာကာနဲ့ ရင်ဆိုင်ရခြင်းဖြစ်သည်။ ခင်ဘေးနားကို ပူးကပ်ထိုင်ချလိုက်သော အာကာဆီကနေ ခြင်စူးစူးအနံ့ကိုရသည်။

"ခင် . . . စကားမပြောတော့ဘူးလား"

ခင်နှုတ်ခမ်းကို လျှာနဲ့တစ်ချက်သပ်လိုက်သည်။

"နံတယ်"

"ဪ . . . ကိုယ်ညကနည်းနည်းများသွားတယ် . . ပြီးတော့ အဆောင်မှာ ရေမလာလို့ ရေမချိုးခဲ့ရဘူး . . . အရမ်းနံနေလား"





"အင်း"

ထို့နောက်စကားသံများ တိတ်ဆိတ်သွားပြန်သည်။

"ဟဲ့ . . . အာကာ . . . ကျောင်းပြေး . . . ကျောင်းကိုလာလည်တာလား"

အသံနဲ့အတူ အနားရောက်လာသော စီစီမာနဲ့သီသီမာက ဖြိုင်တူလွှယ်အိတ်တွေနှင့် အာကာ့ကျောပြင်ကိုထုသည်။ စီစီမာနဲ့သီသီမာနောက်မှာ အစ်ကို၊ ခင့်ကို ခပ်စူးစူးတစ်ချက်ကြည့်ကာ မျက်နှာလွှဲသွားသည်။

"ရဲထွဋ်ရော"

စီစီမာကမေးသည်။ အစ်ကိုက ခင့်နံဘေးက ခုံပုလေးတစ်ခုံမှာဝင်ထိုင်သည်။

"ခင်လည်းမသိဘူး . . . ရဲထွဋ်ကို ကျောင်းမှာတွေ့ကိုမတွေ့သေးတာ"

"ဒီကောင်ညက နည်းနည်းသောက်တာ များသွားလို့အဆောင်မှာမှောက်နေတယ်"

အာကာက သူ့ရှေ့မှာရှိသော လက်ဖက်ရည်ခွက်ကို အကြည့်စိုက်ထားရင်းဖြေသည်။ ခင့်စိတ်ထဲ အာကာကိုယ်တိုင်လည်း တင်းရဲ့လားဆိုတာ သံသယဝင်သည်။ အာကာက မသတ္တဝါနဲ့ တောင်မကင်းနိုင်။

"ဒါနဲ့အစ်ကို ယမင်းရှပ်ရဲ့လူကြီးနဲ့တွေ့ပြီးပြီလား . . ဈာန်တော်နဲ့လမ်းမှာ တွေ့ခဲ့တယ်"



www.burmeseclassic.com

www.burmeseclassic.com



ကိုထင်အောင်နဲ့ ခင့်သူငယ်ချင်းတွေအကုန်လုံးကို မိတ်ဆက်ပေးထား၍ သိကျွမ်းနေကြသည်။

အာကာက သူနဲ့ ကိုထင်အောင်တွေ့ခဲ့တဲ့ အကြောင်းနဲ့ အစ်ကိုနဲ့ဘာမှမဆိုင်ဟု ခင်ထင်သည်။

ဒါတစ်ခုခုကို ဦးတည်သတိပေးတဲ့သဘောများလား။ အစ်ကိုမျက်နှာက သုန်မှုန်သွားလေသည်။ ပြီးတော့ . . .

"ငါဆိုင်ပြန်တော့မယ်ကွာ"

ဟု ရုတ်တရက်ထ၍ ပြန်သွားလေသည်။

အစ်ကိုပြန်သွားတာနဲ့ အာကာသည်လည်း လိုက်ထွက်သွားသည်။

သူတို့နှစ်ယောက်လုံး မရှိတော့သောအခါ စီစီမာက ဝေဖန်သည်။

"ဒီနှစ်ယောက်လုံးမရိုးသားဘူး . . . သူတို့ကြားမှာပြဿနာရှိတယ်"

"ခင်စိတ်မဝင်စားချင်ဘူး . . . လောလောဆယ် ခင်စိတ်ညစ်နေတယ်"

"ယမင်းရုပ် . . . နင်ဘာဖြစ်တာလဲဟင် . . . အိမ်မှာတစ်ခုခုပြဿနာတက်လာလား"

ခင်ဘာမှမဖြေ။

"မပြောချင်လဲနေပါဟာ . . . ငါတို့ကသူငယ်ချင်းတွေဆိုတော့နင်တစ်မျိုးဖြစ်နေတာ သတိထားမိလို့ပါ"





"မမ အိမ်ထောင်ကျသွားပြီ"

"ဟုတ်လား . . . အဲဒါဘာထူးဆန်းလို့လဲ ခင်ရာ"

"မဟုတ်ဘူး . . . မမက ချစ်လို့ယူလိုက်တာမဟုတ်ဘူး . . . အဲဒီလူက အတင်းလိုက်ကပ်ပြီး လူတွေအထင်လွဲအောင်လုပ်လို့ အိမ်ကပေးစားလိုက်တာ"

"တစ်မျိုးပါလား"

"တစ်ခါမှ မကြားဖူးဘူး"

"ဟုတ်တယ် . . . အဲဒါကြီးကိုတွေးပြီး ခင်စိတ်ထဲမှာ မကျေနပ်သလိုပဲ"

"ကဲပါ ခင်ရာ . . . ထားလိုက်ပါ . . . အချိန်တန်တော့ ပြီးသွားမှာပေါ့"

သို့သော် မပြီးပါ။ ညဘက်အဆောင်ရောက်လျှင် တစ်ယောက်တည်းနေရတဲ့အချိန်တိုင်း မမရဲ့စကားသံတွေ၊ စိတ်ဆင်းရဲဖွယ်ရာ ရုပ်သွင်တွေကို မျက်လုံးထဲမြင်ပြီး အိပ်မရ။

အိပ်လိုက်ပြန်ရင်လည်း အစ်ကိုနဲ့ခင် အိပ်မက်ထဲမှာ ခွန်းကြီးခွန်းငယ်စကားများပြီး ခင်ငိုယိုနေတဲ့ အိပ်မက်မျိုးကို မြင်မက်သည်။

အဲဒီအိပ်မက်မျိုးကို ခင်စိတ်ထဲကနေ ခါးသီးလှသည်။

ဒီလိုမျိုးအပြင်မှာ တကယ်ဖြစ်မလာတန်ပါဘူး။ ကိုယ့်ကိုကိုယ်အားပေးရင်း ပရိတ်ရွတ်ကာ ခင်အိပ်ရလေသည်။ တစ်နေ့မှာ မိန်းမလေးတို့



www.burmeseclassic.com

www.burmeseclassic.com



သဘာဝအရ ရှေ့ဟောနက္ခတ်ဗေဒင်ဆရာတစ် ယောက်ဆီသွားဖို့ စီစီမာက အကြံပေးသည်။

"အဲဒီဆရာက ရုပ်ကြည့်ပြီးလည်းဟောတတ်တယ်တဲ့ . . . မှန် တယ်လို့ပြောတယ် . . . ဘာပဲဖြစ်ဖြစ် သွားမေးကြရအောင်"

အင်းစိန်ဘက်က အဲဒီဆရာဆီရောက်တော့ ဆရာက အရင်ဆုံး ခင့်ကိုကြည့်ကာဟောသည်။

"သမီးက သိုက်ကာလာတာ"

စီစီမာနဲ့ သီသီမာမျက်လုံးတွေက စိတ်ဝင်စားမှုဖြင့် တလက်လက် ဖြစ်နေသည်။ ခင်ကတော့ ဘာမှမပြော။ ခင်က သိုက်ဖွားပဲလေ။

"သမီးက အနာဂတ်တွေကို ကြိုသိနိုင်တဲ့စွမ်းရည်ရှိတယ်"

"ဟယ် . . . ငါတို့ကို ယမင်းရုပ်လျှိုထားတယ်"

"အေးလေ . . . ဒီလိုမှန်းသိ ဗေဒင်ဆရာဆီ ဘယ်လာမလဲ"

ပြောပြီးမှနှစ်ယောက်သား ပြန်တိတ်ဆိတ်သွားသည်။ ဗေဒင် ဆရာက သိပ်ကြည့်ပုံမရတော့။

"ပြောပါဆရာ. . . ခင့်သူငယ်ချင်းတွေက ပျော်တတ်လို့ နောက်တာပါ"

"အင်း . . . သမီးအိမ်ထောင်ပြုလို့မရဘူး"

"ဘာပြုလို့လဲဆရာ"

"မေးခွန်းသုံးခုပြည့်သွားပါပြီ"



ခင့်စိတ်ထဲ အောင့်သက်သက်ဖြစ်သွားသည်။ မေးခွန်းသုံးခုကို ငွေနှစ်ရာပေးရသည်။ မတရားလိုက်တာ။ ပြီးတော့ ဟောတာတွေက သေါက်ကရတွေ။ ဗေဒင်ဆရာတွေက လိမ်၊ ခင်တို့လိုလူတွေက အလိမ်ခံ၊ နောက်မေးခွန်းသုံးခုကို နောက်ထပ်ငွေနှစ်ရာ ပေးရဦးမည်သဘော၊ ငွေကိုနှမြောစေးနှဲခြင်း မရှိသော်လည်း အိမ်ကပို့သမျှငွေကို ဒီလိုကိစ္စမျိုး အတွက်သုံးရတာ ကိုယ့်လိပ်ပြာကိုယ်မသန့်။ ဗေဒင်ဆရာဆီက ပြန်တော့ လမ်းမှာ သီသီမာက စပ်စုသည်။

"ခင် . . . နင်တကယ်သိုက်ကလာတာဆိုရင် အိမ်ထောင် ပြုလို့မရဘူးဆိုတာ တကယ်ပဲတဲ့ . . . သိုက်ကလာတဲ့လူတွေက သိုက်ဆောင် ဖြတ်ရင်တော့ရတယ်. . . နင်ဘယ်သိုက်ကလဲသိလား"

"ပြောကြတာပါပဲ . . . ငါက ရှမ်းဆက်သိုက်တစ်ခုကတဲ့"

"ဒါနဲ့အနာဂတ်ကို ကြိုသိနိုင်တဲ့စွမ်းရည်ဆိုတာကရော တကယ် ရှိတာလား ခင်"

"မသိဘူးလေ . . . ဒါပေမဲ့ ငါငယ်ငယ်ကဆို တစ်ခုခု ကြိုပြော အမြဲမှန်တတ်တယ်တဲ့ . . . ပြီးတော့ ကိုယ့်ဟာကိုယ်လည်း အိပ်မက်မ မက်တဲ့အကျင့်ရှိတယ်"

"အဲဒီအိပ်မက်တွေအတိုင်းရော မှန်တတ်လား"

ခင် အဲဒီမေးခွန်းကို မဖြေခင် အခုတလော ခင်မက်တတ်သော အိပ်မက်တွေကို သတိရမိလေသည်။ အဲဒီအိပ်မက်တွေများ တင

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်မယ်ဆို ခင်နဲ့အစ်ကိုနဲ့ ကျိန်းသေပေါက်တစ်ခုခု ပတ်သက်ရမှာဖြစ်သည်။ စိတ်ထဲကတော့ အမှန်အတိုင်းဝန်ခံလျှင် အစ်ကို့ကို ခင်ကြောက်သည်။

အစ်ကို့ပုံစံက ကြမ်းတမ်းမဲ့ပုံ ပြီးတော့တယူသန်ဆန်သည်။ နိုင်ထက်စီးနင်းလုပ်တတ်သည့် မျက်နှာထားမျိုးရှိသည်။

"ငါ့အိပ်မက်တွေက အမြဲမှန်တယ်လို့တော့ ငါမထင်ဘူး"

"ပြောလို့ဘယ်ရမလဲ ယမင်းရုပ်ရဲ့"

"ဟင့်အင်း . . . မမှန်ပါဘူး"

ခင့်အဖြေကို ခင်ဖာသာပဲ နားလည်သည်။ ခင်မှအစ်ကို့ကို မချစ်တာကွယ်။ အစ်ကိုနဲ့နက်နက်ရှိုင်းရှိုင်းပတ်သက်ရမှာရွံ့သည်။

စိတ်ထဲမှာကြိတ်တွေးပြီး ကြောက်ကိုကြောက်နေတာ။

"ခင် . . ."

ပခုံးကိုပုတ်ခေါ်လိုက်မှ ခင်သတိပြန်ဝင်လာသည်။

"တစ်ခုမေးမယ် ခင် . . . ."

"ဟင် . . . ဘာလဲ"

"ခင့်ကို အစ်ကိုကြိုက်နေတာသိလား"

"မဟုတ်ပါဘူး"

"ခင်ကလည်း . . . . ခင်လည်းသိတယ်မို့လား . . မညာပါနဲ့"

"ခင်စိတ်မဝင်စားဘူး . . . ပြီးတော့ အစ်ကို့ကို ခင်ကြောက်တယ်"

"ဘာလို့လဲ ခင်"





"မသိဘူး"

သူတို့နှစ်ယောက်လုံးတိတ်ဆိတ်သွားကြသည်။ ခင်ကပဲစကားဆက်သည်။

"ခင်ဘာကြောင့်ကြောက်လဲတော့မသိဘူး . . . ဒါပေမဲ့ အစ်ကို ခင့်ဆီကို အိမ်ပြန်တုန်းက ဖုန်းနေ့တိုင်းဆက်တယ် . . အိမ်က ခင်ရည်ရွယ်ထားတဲ့ လူဆိုခေါ်ခဲ့တဲ့ . . . . ဘာမှမဆိုင်ဘဲ အဲသ ငိုမျိုးကြီး အပြောခံနေတော့ ခင့်စိတ်ထဲမှာ မသတီဘူး . . . ကိုထင်အောင်ကြတော့ အစ်ကိုလိုပဲ အလိုရှိရတယ် . . . စိတ်ထဲမှာ သန့်တယ် . . . ကိုထင်အောင်ကို လက်ထပ်ရင် အိမ်ကမကန့်ကွက်တဲ့ အနေအထားမျိုးပေါ့နော် . . . ဒါပေမဲ့ ခင် ကိုထင်အောင်ကိုလည်း လက်ထပ်ဖြစ်မှာ မဟုတ်ပါဘူး"

"ဒါဆို ခင်က ဘယ်သူ့ကိုလက်ထပ်မှာလဲ . . . . ခင်ချစ်တဲ့ သူတို့လား"

အဲဒီမေးခွန်းမှာ ခင်ကြေကွဲသွားရသည်။ ခင်ချစ်တဲ့သူတဲ့။ ဒါပေမဲ့ ကိုယ်ကတိတ်ဆိတ်စွာမျှော်လင့်ရင်း လူသိမှာလည်း ကြောက်တဲ့အခါ . . . ။ ပြီးတော့ သူက ခင့်ထက်အရေးပါသော အရာများစွာရှိနေတဲ့သူ။ ပိုက်ဆံကိုရှာပြီး မကောင်းမှုနည်းမျိုးစုံ မှာ အသုံးချတဲ့သတ္တဝါ။ ခင်ကမလုပ်နိုင်တာဆုံးမလျှင် ပိုလုပ်မဲ့လူ။ ခင့်မျက်နှာကို အရိပ်လိုကြည့်မဲ့အစား နိုင်လိုမင်းထက်နဲ့ ခင်ကသာ သူ့မျက်နှာကို အရိပ်လိုကြည့်ရမဲ့သူ။ ပြီးတော့ သူကခင့်ကို သာမန်မျှပဲ သဘောထားသူဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီတော့ ခင်က ရှေ့ဆက်တိုး၍ ဘာများလုပ်နိုင်မည်လဲ။ ခင်ကတိတ်တိတ်လေးချစ်ပြီး တိတ်တိတ်လေးကြေကွဲရသူဖြစ်သည်။ ကြေကွဲရတာမကောင်းဘူးဟုဆိုလျှင် ခင့်အတွက် အချစ်ဆိုတာ ကြေကွဲခြင်းဖြစ်လေသည်။

"ခင်ချစ်တဲ့လူ . . . မရှိဘူး"

* * *

တစ်ယောက်တည်း အဆောင်ညှော်ခန်းမှာ မဂ္ဂဇင်းတစ်အုပ် ဆင်းယူစဉ် အစ်ကိုဝင်လာတာနဲ့တိုးသည်။ ညှော်ချိန်မို့ ညှော်ခန်းမှာ တချို့ အတွဲများစကားပြောကြသလို မေဂျာမတူသူတွေ လာလည်တာမျိုး ရှိသည်။ အဆောင်ဆိုတာကတော့ လူစုံ၊ ပါးစပ် စုံသလောက် မျက်စိစုံသော နေရာ။

"ခင်နဲ့တွေ့တာအတော်ပဲ . . . ခင့်ဆီလာလည်တာ"

"ကိစ္စရှိလို့လား အစ်ကို"

"အင်း"

အဆောင်မှူးကိုခွင့်တိုင်ပြီး အပြင်ထွက်သည့်လူစာရင်းမှာ လက်မှတ်ထိုးရသည်။ အင်းလျားဘက်လမ်းလျှောက်တော့ အစ်ကိုက ခင့်မျက်နှာကိုမလွှတ်တမ်းငေးမောနေလေသည်။





"အစ်ကို . . . ကိစ္စရှိလို့ဆို"

"ခင် . . . ကိုယ်ဖုန်းဆက်တာမကြိုက်လို့ ဟိုတစ်ခါက ပြောတာ သားလို့ သိချင်တယ်"

"နယ်ဝေးမို့လား အစ်ကို . . . အသံကလည်းသိပ်သဲသဲကွဲကွဲ ကြားရဖူးလေ . . . ဒီလိုပါပဲ"

"ဟုတ်ရဲ့လား ခင် . . . ကိုယ့်ကိုညာနေတာများလား"

"အစ်ကို . . . ခင်စိတ်ညစ်လာပြီ"

"ခင် စိတ်ညစ်အောင်မေးတာမဟုတ်ဘူး ခင် . . . ကိုယ့်စိတ်ထဲမှာ သိချင်နေတာတစ်ခုကို မေးတာပဲ . . . ကိုယ့်ကိုခင့်က မလိုလားမှာ သူစိမ်းလို ဆက်ဆံမှာကို ကိုယ်လက်မခံချင်ဘူး . . . ကိုယ်ခင့်ရဲ့အရင်းနှီးဆုံးလူပဲ ဖြစ်ချင်တယ်"

အင်းလျားဘောင်ပေါ်မှာ လမ်းလျှောက်နေတဲ့သူတွေမှ အများကြီး ပဲ။ တချို့ကခင့်အဆောင်က ကောင်မလေးတွေမို့ ခင်နဲ့အစ်ကို့ကို အကဲကြည့်ကွက်ကြည့် လုပ်နေကြသည်။

"အဆောင်ပြန်မယ် အစ်ကို"

"နေပါဦး ခင်"

"အစ်ကိုသိချင်တာ သိပြီးပြီမို့လား"

"ခင် . . . ကိုယ်ပြောစရာရှိတယ်"

"ဘာလဲ အစ်ကို"



www.burmeseclassic.com

www.burmeseclassic.com



"အာကာ ကားခိုးမှုတစ်ခုနဲ့ အချုပ်ထဲရောက်နေတယ်"

ခင့်ရင်ထဲမှာ ဒိန်းကနဲပြည်သွားလေသည်။ အစ်ကိုကဆက်ပြောပြသည်။

"ခိုးရာပါကားကို သူကဝယ်ရောင်းလုပ်မိတာ. . . ရှင်းလို့ ရမယ် ထင်တာပဲ . . . ခင့်ကိုပြောပေးပါဆိုလို့ လာပြောပြတာ. . ကိုယ့်ဆီ ဖုန်းဆက်တယ်လေ"

"အခုကောဟင်"

အဖျားခတ်အသံတွေ တုန်ရင်သွားသည်။

"စိုးရိမ်နေလား ခင်"

အစ်ကို့ မေးခွန်းက တစ်စုံတစ်ရာကို ကျိန်းသေပေါက် သိနေဟန်။ အစ်ကို့မျက်ဝန်းတွေကနေ ပုန်းခိုစရာနေရာတစ်ခု ကမန်းကတန်း ခင်လိုက်ရှာသည်။ မသေမသပ်သော အပြုံးတစ်ခု နဲ့ ခင့်ကိုအစ်ကိုက . . . .

"ကိုယ်သိပါတယ် . . . ကဲ. . . ခင်အဆောင်ပြန်မယ်မို့လား . . . ကိုယ်လိုက်ပို့ပေးမယ်"

ခင်အပြန်လမ်းမှာ စကားတစ်ခွန်းမှ မပြောနိုင်။ မတော်တဆ ထောင်ကျသွားမှဖြင့် ဆိုသောအတွေးက ဖိစီးနေလေသည်။

အာကာကိုအခုနေသွားအားပေးချင်သည်။

"ဒါနဲ့ အာကာက ဘယ်မှာလဲအစ်ကို"

"မန္တလေးမှာ"





ခင်လိုက်သွားလို့ မဖြစ်နိုင်။

"ခင်လိုက်သွားမလို့လား"

အစ်ကိုက ခင့်စိတ်ကို အကုန်ထွင်းဖေါက်မြင်နေတော့တာပဲ။

"မိန်းကလေးတစ်ယောက်တည်းသွားလို့ မသင့်တော်ဘူး ခင်"

"ခင်သိပါတယ်"

"ခင်"

"ရှင် . . . အစ်ကို"

"ဘာလို့လောကကြီးမှာ အပေးအယူမမျှတဲ့ကိစ္စတွေရှိနေတာလဲ. . . ဘာလို့ပေးကားပေး၏မရဆိုတာတွေ ကြုံနေတာ လဲဟင်. . ."

"ခင်မသိဘူး"

"ခင်သိပါတယ်. . . ခင်မသိဟန်ဆောင်နေတာ. . အိပ် နေသော သူနိုးရခက်သတဲ့ခင် . . . ခင့်ဖာသာခင်နိုးလာတဲ့နေ့ အထိ ကိုယ်စောင့်ပါမယ်. . . အဲဒီအချိန်ထိ ကိုယ်မေတ္တာကတည် မြဲနေမယ်လို့ ကိုယ်ကိုယ်တိုင်လည်း မျှော်လင့်ထားပါတယ် ခင်"

ပြောပြီးချာခနဲလှည့်ထွက်သွားသော အစ်ကို့ကျောပြင်ကို ခင်ငေးကြည့်နေမိသည်။ ပေးကားပေး၏ မရတဲ့လား အစ်ကို။ ခင်လည်းပေးတာပါပဲ ဒါပေမဲ့ ခင်မရဘူး အစ်ကို။ ခင်ဘာမှပြန် မရပါဘူး။ အချစ်ဆိုတာ ပြန်ရဖို့တစ်ခုတည်းကိုပဲ မျှော်လင့်ထားရင် ဘယ်တော့မှ ပျော်စရာကောင်းမှာမဟုတ်ဘူး။



www.burmeseclassic.com

www.burmeseclassic.com



ခင်အစ်ကို့ကို ကိုယ်ချင်းစာလေသည်။ တစ်ဖက်သတ် အချစ်ဆိုတာကို ခင်ကအမြဲထိတ်လန့်ပုန်းရှောင်နေသူဖြစ်ပြီး ကြုံတွေ့နေရသူမို့ အစ်ကို့ခံစားချက်ကို ထပ်တူမဟုတ်နိုင်ရင်တောင် တစ်စိတ် တစ်ပိုင်း နားလည်လေသည်။ ခင်ကိုဘာလို့ လာချစ်တာလဲ အစ်ကို။ ခင်က တွေ့ဝေတဲ့သူ၊ ပြီးတော့ခင်က ခင်လိုချင်တဲ့အရာတစ်ခုကိုလည်း ပြတ်ပြတ်သားသားမျှော်လင့်ရဲလောက်အောင် သတ္တိမရှိပါဘူး။

ဒါပေမဲ့ ခင်ဝန်ခံချင်သေးသည်။ အဲဒါ ခင်တစ်စုံတစ်ရာကို မျှော်လင့်စောင့်ဆိုင်းနေသေးသည်။ မိန်းကလေးဆိုတာ စောင့်ဆိုင်းမျှော်လင့်ရင်း မျိုသိပ်ရတဲ့အမျိုးအစားမဟုတ်လား။ ပြီးတော့ ခင်က အစစအရာရာ စည်းကမ်းတကျမွေးမြူခြင်းခံရသော အသိုင်းအဝိုင်းထဲက လူတစ်ယောက်မို့လား။ ဘောင်တွေထဲမှာ ပုံစံကျလာခဲ့သော အရာတစ်ခုသည် သူ့ပုံစံခွက်ကို ကျယ်တဲ့ကမ္ဘာလေးဟုထင် မှတ်သကဲ့သို့ ခင်သည်လည်း ကိုယ့်ပုံစံခွက်ထဲမှာတွယ်ကပ်ရင်း ကျေနပ်နေသည်။

ခင်တို့မိန်းမတွေ အားလုံးသည် အချိန်တန်၍တင့်တောင်း ခံရမည့် အလေးတိုက်ပစ္စည်းများနှင့်ချိန်စရာ ကုန်ပစ္စည်းများဖြစ်ပြီး အဲဒါကိုပဲ ဂုဏ်ယူစရာဟု လက်မထောင်ခဲ့သော အသိုင်းအဝိုင်းကြီးကို ဘယ်ကာလ ဆီကနေ ထူထောင်ခဲ့ကြလဲ ခင်မသိ။

မိန်းမမှန်လျှင် တင်တောင်းခံရပြီး ဘယ်ရွှေ့ဘယ်မျှဆိုသည်က လက်မထောင်ကြွားစရာတစ်ခု ဖြစ်နေခဲ့တာ။ နှစ်ဖက်မိဘ သဘောတူညီပြီး





ကိုယ့်ဘက်သူ့ဘက်မင်္ဂလာဆောင်မှာ ပစ္စည်းဥစ္စာ ပြိုင်ဆိုင်ကြတာ. . .။

အဲဒီဓလေ့ထုံးတမ်းတွေသည် မိန်းမတစ်ယောက်ရဲ့အချစ်ကို အညှိသွင်းတွက်ချက်ခြင်းမပြုသော အစိမ်းရောင်မျက်ကွယ် အစဉ်အလာတွေဖြစ်သည်ဟု ခင်ကတော့ထင်သည်။

ဘာမဆိုပတ်ဝန်းကျင်ကို ဂရုစိုက်နေတာ အလုပ်လုပ်ရင်း ရှုပ်ရှင်မင်းသမီး မင်းသားအကြောင်းဆွေးနွေးတာ၊ အချိန်တန်လျှင် မီးဖိုချောင်ထဲမှာပဲ ချက်ပြုတ်ကျွေးမွေးရသော အနေအထားတစ်ခုဖြစ်သွားတာ . . . ။

ချစ်ချစ်မချစ်ချစ် သတ်မှတ်ချက်တွေ၊ မလွန်ဆန်နိုင်မှုတွေနဲ့ သက်ထပ်လိုက်ရသော ယောကျ်ားတွေရဲ့ ပုံစံခွက်ထဲ မိန်းမတွေသေဆုံး ကြရတာ. . . ။

ခင်သည် အစဉ်အလာဟောင်းများကို အော့နှလုံးနာသူ ဖြစ်သည်။ သို့သော် ခေတ်ကခင့်ကို အခြေအနေမပေးပါ။ ခေတ်က အပြောင်းအလဲ အရွတ်သုတ်ခတွေက အင်မတန်ရှုပ်ထွေးနေတာ။ခင်သည် အစ်ကိုနဲ့ အစ်စုံတစ်ရာကို မျှော်လင့်နေတာခြင်းတူပါ သည်။

အစ်ကိုချစ်သောသူက ခင်ဖြစ်နေပြီး ခင်ချစ်တဲ့သူက အာကာ ဖြစ်နေတာပဲကွာသည်။ ခင်တို့နှစ်ယောက် ကိုယ်မျှော်လင့်တဲ့အရာတွေကို ဘယ်သူက အရင်ရမလဲမသိ။

* * *



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၄)

ပြောပစ်ခဲ့ပြီ။ မထင်မှတ်ဘဲ ပါးစပ်ကထွက်ကျသွားပြီ။ ကျွန်တော့် စိတ်ထဲမှာ မခံမရပ်နိုင်ဖြစ်မှုက တော်တော်ဆိုးရွားနေသည်။

"ကိုလတ်. . . ဖုန်း . . . အာကာတဲ့"

ဖုန်းခွက်ကို ကောက်ကိုင်လိုက်စဉ် အာကာရဲ့ပျော်ရွှင်သံတ ကျွန်တော်ဆီ ကူးစက်လာသလို ခံစားရသည်။

"အဆင်ပြေသွားပြီ ကိုလတ်. . . အားလုံးအိုကေပဲ . . ကွင်းလုံး ကျွတ်ရှင်းသွားတယ် ပင်ပန်းလိုက်တာဗျာ. . . ခိုးမှုနဲ့ဝင်နေရတော့မလား ဆိုပြီး လန့်နေတာ. . . ဒါနဲ့ . . . . ခင့်ကိုပြောလိုက်သေးလား , . . သူဘာ ပြန်ပြောလဲ"





"ဘာမှမပြောဘူး"

အာကာဘက်ကငြိမ်သွားသည်။ ကျွန်တော် ဘာလို့မှသား သုံးမိ ပါလိမ့်။ အနည်းဆုံး ခင်က မင်းကိုစိုးရိမ်နေတယ်ဟု ပြောလိုက်လျှင် ပန်းမွေ့ရာမှာ နှလုံးသားခင်းပေးမဲ့ အနေအထားဖြစ်တော့မှာပေါ့။

"သူစိုးရိမ်တဲ့ပုံမပြဘူးလား"

"မင်းနဲ့သူဘာဆိုင်လို့လဲကွ"

"ကိုလတ်ကလည်း . . . . သိရဲ့သားနဲ့"

"ဒါနဲ့မင်းရန်ကုန်ကို ပြန်လာဖို့ရော အစီအစဉ်ရှိရဲ့လား"

"လောလောဆယ် မရှိသေးဘူး တစ်လလောက်ကြာဦး မယ်. . . . , လက်ထဲကရှိတဲ့ပိုက်ဆံနဲ့ လျှောက်ပွေးလိုက်ဦးမယ် ဗျာ. . . ကိုလတ်"

"ဘာလဲ . . ."

"ခင့်ကို ကျွန်တော်လွတ်လာပြီလို့ ပြောလိုက်နော်. . ပြော ဖြစ်အောင်ပြောနော်"

"အေးပါကွာ"

"ပြီးတော့ ကျွန်တော်နဲ့ဘာမှမပတ်သက်ဘူး . . ကျွန်တော်က ခိုးရာပါမှန်းမသိလို့ ဝယ်မိတာဆိုတဲ့အကြောင်းပါ ပြောပြပေးဦး"

"မလိုပါဘူးကွ"

"မဟုတ်ဘူးလေဗျာ . . . သူ့ကာကျွန်တော့် character ကို



www.burmeseclassic.com

www.burmeseclassic.com



တစ်မျိုးထင်သွားမှာစိုးလို့"

"မင်းကအစကတည်းက ကောင်းတဲ့ကောင်မှမဟုတ်တာ"

"ကိုလတ်ကလည်းဗျာ"

"မင်းဘာပြောဦးမှာလဲ အာကာ"

"ဘာဖြစ်လို့လဲ ဖုန်းမီတာတက်မှာစိုးလို့လား"

"အေး"

"ကိုလတ် . . . . ခင်ဗျားငါးမူးကိုနှစ်ပြား ထွက်မလားခွာမဲ့လူပဲ တကယ့်လူ"

"ဒါစီးပွားရေးကွ"

"ကျွန်တော်လည်းစီးပွားရေးလုပ်နေတာပဲ"

"ဒါပေမဲ့ မင်းကဖြုန်းဖို့လုပ်တာလေ. . . ငါကမိသားစုကို ဦးဆောင်နေရတာ. . . မတူဘူးကွ"

"ခင်က ကိုလတ်ကို အဲဒါကြောင့်အားကိုးတာဖြစ်မှာပေါ့"

ခင့်ရင်ထဲက အမြေမှန်ကိုသိနေတဲ့အတွက် ရင်ထဲမှာ စစ်ခနဲနာသည်။ ခင်ကအာကာကို သဘောကျတာ။ ကျွန်တော်ဘက်မှာ မဲမရှိ။

"ကိုလတ်"

"ဘာလဲ"

"စိတ်ကူးယဉ်နေတာလား"

"မင်းကြီးတော်ကြီးတဲ့မှုပဲ"





"ကျွန်တော် ဒီတစ်လလောက်စိတ်လွတ်ကိုယ်လွတ် လျှောက်သွားလိုက်ဦးမယ်ဗျာ"

"မင်းဘယ်တော့ လိမ္မာမှာလဲ အာကာ"

"ကျွန်တော်လား . . . ဟဲ ဟဲ . . တနေ့နေ့ပေါ့"

"မင်းရည်းစားရတဲ့နေ့လား"

"ကျွတ် . . . ဝေးသေးတယ်. . . ချုပ်ချယ်ခံရမှာကြောက်တယ်ဗျ. . . အချုပ်အချယ်ကြိုက်မှဖြင့် ကျွန်တော်ထောင်ထဲသွား နေမှာပေါ့ . . . ရည်းစားရလို့တော့ ပြောင်းလဲမယ်မထင်နဲ့. . . ဒီအတိုင်းပဲ. . . အရာရာကို မိန်းမတစ်ယောက်ကြောင့် ပြောင်းလဲ ပစ်မဲ့လူစားမျိုးထဲ ကျွန်တော်မပါဘူး"

"မင်းဒီတသက် ဆိုးမဲ့ကောင်ပဲ"

"ဒီလိုပါပဲ ကိုလတ်ရာ . . . ယောက်ျားဗျ"

"ငါလဲယောက်ျားပဲ"

"ကျွန်တော်က လူ့ဘဝသက်တမ်းတိုတိုလေးမှာ ပျော်ပျော်ပဲ နေချင်တယ်. . . ဟိုဟာမလုပ်ရ ဒီဟာမလုပ်ရစည်းကမ်းတွေ မလိုချင်ဘူး . . . ခင့်ကိုအလှကြည့်နေတာပဲ ကောင်းပါတယ်ဗျာ"

"ဒါဆို မင်းဖွင့်မပြောတော့ဘူးလား"

"ဟ. . . ပြောမှာပေါ့ဗျ . . ဘာလဲခင်ဗျားက ကြိတ်ကြိုက်နေတာလား"



www.burmeseclassic.com

www.burmeseclassic.com



"ခွေးကောင်"

အဲ့တာက တဟားဟားရယ်ရင်း ဖုန်းချသွားသည်။

ရင်ထဲမှာ ဝန်တိုစိတ်တွေက အလိပ်လိပ်။ ဒီကောင် ဖွင့်ပြောလိုက်ရင်ဖြင့် ဟိုတကျိန်းသေအဖြေ ပြန်ပေးတော့မှာပဲ။

ကျွန်တော် ဘာလုပ်ရမလဲ။ ကျွန်တော် ခင့်ဆီကအဖြေကို ခါးပြတိုက်တောင်းယူမှရတော့မည်။

ဒါတောင် ခင်ကပေးပါ့မလား။ ခင်မပေးလည်း ကိုယ်က ချစ်နေရင် ပြီးတာပဲ့။

* * *





"အစ်ကို . . . ခင်နေမကောင်းလို့ မလိုက်တော့ဘူး"

အဆောင်ဧည့်ခန်းမှာ လူရှင်းနေလေသည်။ ခင့်မျက်နှာ နွမ်းနွမ်းလေးကိုကြည့်ပြီး ပွေ့ဖက်ထားချင်စိတ်ပေါက်သည်။

"ဆေးခန်းမသွားဘူးလား ခင်"

"လိုက်ပို့မဲ့သူက ညနေငါးနာရီမှလာမှာ"

"ဘယ်သူလဲ"

"ကိုထင်အောင်"

ကျွန်တော် ခင့်နဖူးကိုစမ်းကြည့်တော့ ပူခြစ်နေတာခံစားရသည်။ ဆံကိုင်ပုဝါလေးနဲ့ နှာရည်တွေတရွှဲရွှဲကျနေတာကို သုတ်နေမှသာ ခင့်မျက်ဝန်းများသည် မျက်ရည်ကြည်များဖြင့် လှပနေသည်။

"ကိုယ်တအားပူနေတာပဲ ခင် . . အခုသုံးနာရီခွဲ . . နောက်ထပ်နာရီခွဲထိစောင့်မနေနဲ့တော့ . . . ထ . . ကိုယ်လိုက်ပို့မယ်။ ကားပါတယ်"

"ရပါတယ် အစ်ကို . . . . ခင်အားနာလို့"

"သူစိမ်းတွေလား ခင်"

ခင်ဘာမှ ပြန်မပြော။ ဒီလိုနဲ့ အသိဆေးခန်းဆီ ခင့်ကို လိုက်ပို့သည်။ အပြန်မှာ ကြေးအိုးကောင်းကောင်းသောက်ချင်တယ်ဆို၍ ဆိုင်တောင်တန်းကို ဝင်သည်။

ကြေးအိုးဖတ်ပူပူတွေကို တူနဲ့ဆွဲမွှေကာ ပါးစပ်နဲ့မှုတ်ပေးနေသော



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ကိုခင်က ခပ်တွေတွေစိုက်ကြည့်နေသည်။ ခင့် စိတ်ထဲမှာ ကျွန်တော်နဲ့ပတ်သက်ပြီး တွေဝေနေတာ ကျွန်တော်သိသည်။ ခင်က ပျော့ညံ့သည်။ ပြီးတော့ မိန်းမဆိုတာ အမှီတစ်ခုရှိမှပဲ သူတို့ကိုယ်သူတို့ လုံခြုံပြီးထင်ကြတဲ့အမျိုး။ ခင့်ကရော မိန်းမပဲ။ မိန်းမသည် ဆင်းရဲဒုက္ခမျိုးစုံကိုခံနိုင်ရည်ရှိပေမဲ့ ယောကျ်ားရဲ့အကြင်နာကို ခံနိုင်ရည်မရှိ။ သူတို့က မှီချင်ကြပြီး ကျွန်တော်တို့က အမှီခံချင်တာမျိုး။ ဒီတော့ ခင်လည်း ဘယ်လောက်ထိ မာကျောနိုင်မလဲ။

“အစ်ကိုက စိတ်သိပ်ရှည်တာပဲနော်”

“ဘာကိုလဲ ခင်”

“ခင့်ကိုလေ”

“အင်း . . . . ချစ်လို့ပေါ့”

ခင်က ကျွန်တော့်မျက်နှာကို ငေးမောကြည့်နေသည်။

“ကဲ . . . သောက်လို့ရပြီ ခင်”

ခင့်နဖူးဖျားမှာ ဆံနုနုကလေးတွေအများကြီးရှိသည်။ ခင့် မျက်လုံးများနဲ့ မျက်ခုံးများက လိုက်ဖက်လှပသည်။

“အစ်ကို . . . ခင့်ကို ဘာကြည့်နေတာလဲ”

“လှလို့”

“ခင့်ကိုရယ်စရာ ပြောနေတာလား”

“ခင် . . . ကိုယ်လုပ်နေတာတွေ အားလုံးရယ်စရာလို့ ထင်နေလို့လား”





“. . . . . . . .”

“တစ်ခါတလေကျရင် ရယ်စရာလို့ထင်တဲ့အရာတွေက ဘယ်လောက်လေးနက်တယ်လို့ ခင်တွေးမိရဲ့လား . . . လူရွှင်တော်အစ်ယောက်က သူ့ရင်ထဲမှာ ဝမ်းနည်းနေရင်တောင် ဟာသဖြက်ရသေးတာပဲ ခင် . . . ပြီးတော့ အလေးအနက်ထားတဲ့ ခံစားချက်ကို ရယ်စရာဟာသလုပ်ပစ်ပြီး မစော်ကားပါနဲ့ . . . ခံရတဲ့သူက နှစ်ဆခံရတာ . . . ထောင်တန်တဲ့စကားရယ်ပေါ့ဆိုတာ ကြားဖူးတယ်မို့လား”

ခင်ဘာမှမပြော။

“ခင့်ကို ဘယ်လောက်ထိကိုယ်ချစ်လည်းဆိုတာ ပြောမပြတတ်ဘူး ခင် . . . ကိုယ်သိတာ ခင့်ကိုကိုသိပ်ချစ်တယ် . . . ဆုံးရှုံးရမှာကြောက်တယ် . . . တခြားဘယ်သူ့လက်ထဲကိုမှ အပ်မခံနိုင်ဘူး။ ပြီးတော့ ခင့်ကိုပိုင်ဆိုင်ချင်တယ် . . . ကိုယ့်အဲဒီအတွက် ဘာတွေပဲ စွန့်လွှတ်ရစွန့်လွှတ်ရပစေ နှဲတွက်နိုင်ဘူး . . . ခင့်ကိုတွေ့စကတည်းက အဲဒီစိတ်ဖြစ်လာတာ”

ခင့်လက်ကလေးတစ်ဖက်ကို ဖမ်းဆုပ်ကိုင်တော့ ခင်ကမရုန်း။

“ခင်”

“ရှင်”

“ကိုယ့်ကို ယုံပါလားခင်”

“ခင် . . . . မပြောတတ်ဘူး အစ်ကို”

“ခင် ပြောတတ်မှာပါကွာ”



www.burmeseclassic.com

www.burmeseclassic.com



ခင် အဲဒီနေ့ညနေမှာ ဘာမှမပြောဘဲ အဆောင်ပေါ် တက်သွားခဲ့သည်။ ခင့်ရင်ထဲမှာ မှုန်းတစ်စင်းစိုက်နေပြီဆိုတာတော့ သိသည်။ ခင့်ကို အနုနည်းနဲ့ အချိုသပ်ပြီး ကြိုတင်ပိုင်ဆိုင်ရအောင် လုပ်ထားမှု၊ တရားသည်ဖြစ်စေ၊ မတရားသည်ဖြစ်စေ ဟိုဟိုဒီဒီ ဖြစ်နေသော ခင့်စိတ်ကို ကျွန်တော့်ဆီ ဆွဲစုထားမှု . . နို့မို့ဆို အာကာက ဖွင့်ပြောလိုက်မဲ့အချိန်စောသွားလျှင် ကျွန်တော် လက်နှေးသွား၍ ဆုံးရှုံးရမည်။ ကြိုးစား၍မရခြင်းက မကြိုးစားဘဲ မရတာထက်ပိုကောင်းသည်။ ဘာဖြစ်ဖြစ် ကြိုးစားကြည့်ချင်သည်။

ခင့်ပုံစံက အာကာဖွင့်မပြောဖြစ်ဘဲ ကျောင်းပြီးသွားချိန်ကျရင် ကိုထင်အောင်နှံ့ပဲ လက်ထပ်လိုက်မည့် အခြေအနေဖြစ်သည်။

ခင်သည်ဘဝကို ရေစုန်အတိုင်းလိုက်ပါမျောချင်သူ၊ ခင့်မှာ ကိုယ်ပိုင်ဆုံးဖြတ်ချက်ဆိုတာထက် ကံကြမ္မာက သတ်မှတ် ပေးသည့်အတိုင်း ဖြစ်ချင်ရာဖြစ်တော့ဟု စိတ်ဒုံးဒုံးချမည့် အမျိုးအစား။

မပျော့လွန်း၊ မမာလွန်းသောစိတ်ခံစားချက်နဲ့ ခင်သည် သာမန်မိန်းမတစ်ယောက်ပင်ဖြစ်သည်။ သို့သော် ခင့်မှာ သာမန်ထက် တွေဝေသောစိတ်ရှိလေသည်။

* * *





"နင်ခုတလော ညနေတိုင်းဆိုင်မထိုင်ဘဲ သူများနဲ့လွဲထားတယ်နော်. . . ကိုလတ်. . . ဘာဖြစ်နေတာလဲ"

အစ်မ အမေးကို ဘယ်လိုဖြေရမှန်းမသိ။ မဖြေဘဲစာရင်းစာအုပ်ထဲမှာ ရောင်းရငွေတွေ ဆက်ထည့်နေလိုက်သည်။

"နင် . . . . မိန်းမများသွားပိုးနေလား"

အစ်မမျက်လုံးထဲမှာ စူးစမ်းရိပ်နဲ့ မနှစ်မြို့မှုတွေတွေ့သည်။

"ငါတို့မိသားစုမှာ နင်ကခေါင်းဆောင်ပဲ. . . မိန်းမယူဖို့ မယူဖို့ ငါမပြောချင်ပါဘူး . . . ဒါပေမဲ့ မယူရင်တော့ကောင်းတာပေါ့"

အိမ်တစ်အိမ်မှာ ဦးဆောင်ငွေရှာရသောသူတိုင်း ကျွန်တော့်လို ကြုံတွေ့ကြရမည်ဖြစ်သည်။ သူတို့စိတ်ထဲမှာ ကျွန်တော့်ဘေးနားသူစိမ်းတစ်ယောက်ရောက်လာပြီး သူတို့ဆီကနေ ဖဲ့ထုတ်သွားမှာ၊ သူတို့အပိုင်မဲ့ဖြစ်၍ ကျန်ခဲ့မှာကို စိုးရိမ်ကြသည်။

နောက်လိုက်တို့သည် ခေါင်းဆောင်အားထာဝရမှီခိုချင်သောသဘောရှိနေသရွေ့ ခေါင်းဆောင်၏ကိုယ်ပိုင်လွတ်လပ်ခွင့် ဆုံးရှုံးမည်မှာ မွေတာသဘောပင်ဖြစ်သည်။

"အိမ်မှာနင့်ကိုပဲအားကိုးနေရတာ. . . နင်မရှိလို့မဖြစ်ဘူး. . . အငယ်ကောင်က ခုတလောရောဂါထနေသေးတယ်"

"ဘာရောဂါလဲ"

"ကျောက်စိမ်းသွားတူးမလို့တဲ့လေ"



www.burmeseclassic.com

www.burmeseclassic.com



"အံ့မိပွါယ်မရှိလာ"

"နင်ထိန်းဦး . . . ငါတော့ပြောမရဘူး"

"ကျွတ် . . . အဲဒါခက်တာပဲ . . . လူငယ်ဆိုတော့ စွန့်စား ချင်တာ ဗျ . . . ဝဏ္ဏထဲမှာရုပ်ရှင်ထဲမှာ ကျောက်စိမ်းသွားတူးတာ တခါတည်း သိန်းချီတန်တဲ့ကျောက်တွေ့ပြီး ချမ်းသာတဲ့အကြောင်းပါပေမဲ့ အပြင်မှာ အဲသလိုမဟုတ်ဘူးဗျ . . . ထမင်းစားကျောက်လောက်နဲ့ ငှက်ဖျားဒဏ်၊ အစားအသောက်ရှားတဲ့ဒဏ်နဲ့ မျှော်လင့်ချက်ကြီးပိုက်ပြီးစောင့် နေတာ . . . ကျောက်မရဘဲသေသွားတဲ့ လူတွေမှတပုံကြီး သိပ်ခက် တာပဲ . . . ပါးစပ်ရှေ့ကထမင်းလုတ်ကို ဟင်းချေးများလို့မရဘူးဗျ"

"ငါလည်းသူ့ကို ဆိုင်မှာပဲကူလုပ်စေချင်တယ်။ ကိုယ့်မိသားစု လုပ်ငန်းတော့ ကူမလုပ်ဘဲအဝေးကြီးမှာ သွားလုပ်ချင်တယ်"

"အဲဒါ သေလမ်းဗျ . . . ရှင်ရင်လည်းမသေမရှင်ဖြစ် မှာ . . . ဘယ်မလဲဒီကောင်"

"ရှိတယ် . . . အခုတော့အိမ်မှာမရှိဘူး . . . လမ်းထိပ်မှာ ဂစ်တာသွားတီးတယ် . . . လမ်းထိပ်မှာ ဆယ်တန်းကျူရှင်တစ်ခုရှိသည်။ ကျူရှင်ဆင်းချိန်တွေမှာ အငယ်ကောင်ဂစ်တာတစ်လက် ဆွဲယူကာ ထွက်သွားတတ်သည်။

"အိမ်မှာ ယောက်ျားလေးနှစ်ယောက်ရှိတာ တစ်ယောက်က ပေါ့လားဝါးလားနဲ့ယောင်ဝါးဝါးလုပ်ချင်တယ် . . . နောက်တစ်ယောက်





ကလည်း ခြေလှမ်းတွေပျက်နေပြီ နင့်ကိုယ်နင်မနိုင်ဘဲနဲ့ အငယ်ကောင် ကိုမထိန်းနဲ့ ကိုလတ်"

"အစ်မ . . . ကျွန်တော်ဘာလုပ်နေလို့ အပြစ်တွေစွတ်တင်နေရ တာလဲ . . . အိမ်မှာ ကျွန်တော်ပုံမှန်ဆိုင်ထိုင်၊ ငွေသိမ်း ငြိမ်းကြီးကြပ်နေတာပဲ"

"ငါအစိုးရိမ်လွန်တယ်ပဲ ထားလိုက်ပါတော့"

အစ်မကဗျစ်တောက်ဗျစ်တောက်လုပ်ပြီး အနားကမထွက်သွားဘဲ ကျွန်တော့်စာအုပ်တွေဆွဲလှန်နေသေးသည်။

"နင်ကျောင်းစာရော လိုက်နိုင်ရဲ့လား"

"စိတ်မပါဘူးဗျ . . . ကျောင်းနဲ့ဝေးနေတာကြာလို့လား မသိဘူး . . . ဒါပေမဲ့ ဘွဲ့တစ်ခုတော့ လူရှိသေရှင်ရှိသေ ယူရမှာပါပဲ"

"ဒါဆိုလည်း ကျောင်းတက်တာ ဘာအမိပွါယ်ရှိမှာလဲ"

"အစ်မ . . . ကျွန်တော့်အရွယ်က ဘွဲ့ရသင့်တဲ့အရွယ် ဗျ . . . အင်း ကျောင်းတက်တယ်ဆိုတာလည်း ဘာအလုပ်မှမလုပ်ဘဲ ပိုက်ဆံ ဖြုန်း၊ အင်းလျားမှာထိုင် အချိန်တန်အိမ်ကို ပိုက်ဆံလှမ်းမှာ အိမ်မှာ ရှိတာလဲမသိ မရှိတာလဲမသိ ဘာမှမငဲ့ကွက်ဘဲ ပျော်သလိုနေရမှကောင်းမှာ မလွတ်မလပ်နဲ့အလုပ်တွေ တန်းစီတဲ့နောက်တော့ ကျွန်တော်က ဘာအမိပွါယ်ရှိဖို့ လိုအပ်ဦးမှာလဲ"

"အေးပါ . . . ငါမပြောတော့ပါဘူး . . . မိန်းမယူရင် ပြီးတာပဲ . . . တစ်ခုတော့ ခေါင်းထဲမှာတွေးထားပေါ့ဟ . . . အိမ်က



www.burmeseclassic.com

www.burmeseclassic.com



နင်လက်လှုပ်မှ ပါးစပ်လှုပ်ကြရတော . . . နင်မဟုတ်တာတစ်ခုခု မလုပ်ပါနဲ့ဟာ"

အစ်မမသိအောင် သက်ပြင်းတစ်ချက် ခပ်ပြင်းပြင်းရှိုက်လိုက်သည်။ အတ္တကြီးရန်ကောအစ်မရယ်။ ဘာလို့ ကျွန်တော့်ရဲ့ တစ်ကိုယ်စာဆန္ဒကို ဘာလို့များကန့်သတ်ချုပ်ချယ်ချင်ရသလဲ။

* * *





## အခန်း (၅)

"ဒီနေ့ ခင့်မျက်နှာတော်တော်လန်းသွားပြီ"

ဆေးခန်းထဲကထွက်လာပြီးနောက် ခင်အသက်ကိုအားပါးတရရှူလိုက်သည်။

"အဖျားသွေးမရှိတော့ဘူးတဲ့ အစ်ကို"

"ညကရော အိပ်ပျော်ရဲ့လား"

"ပျော်ပါတယ်"

"ကျန်းမာရေးကို ဂရုစိုက်ပါ ခင် . . . ခင်က အိမ်နဲ့ခွဲပြီး ကျောင်းလာတက်နေရတာ တစ်ယောက်တည်း အားငယ်မှာပေါ့"

"အိမ်ကိုတော့ စိတ်ပူမှာ စိုးလို့မပြောဘူး အစ်ကို"

"ဒါနဲ့ ကိုထင်အောင်ဆိုတဲ့ လူရော"

www.burmeseclassic.com

www.burmeseclassic.com



"သူလား . . . သူလာတဲ့နေ့က ခင်နဲ့မှ မတွေ့လိုက်တာ. . . သူလည်းနယ်ထွက်ရမှာမို့ လာနှုတ်ဆက်တာတဲ့"

အခြေအနေသည် အစ်ကိုတစ်ယောက်တည်းပေါ်မှာသာ မှီခိုရသော အနေအထားဖြစ်သည်။

နေမကောင်းတော့ လူကပျော့သည်။ ထစ်ခနဲရှိ အိမ်ကို တွေးပြီး ပြန်ပြေးချင်သည်။ ဒီမှာနေရတာ အားလုံးစိတ်တိုင်းမကျ။ အဆောင်ထမင်းဟင်းက နေကောင်းတဲ့အချိန်မှာ ပြဿနာမရှိပေမဲ့ ဘာမှစားချင်သောက်ချင်စိတ်မရှိတဲ့အချိန်မှာ အရသာကင်းမဲ့လျက် ရှိလေသည်။ အဒေါ်တွေအိမ်ကလာပြီး ဟင်းပို့ပေးပေမဲ့ ကိုယ့်မိဘမဟုတ်တော့ အားနာသည်။

"ဪ . . . ခင့်ဖို့ကြက်သားထွင်ပြီး ကြွပ်ကြွပ်လေးကြော်လာတယ်"

"အစ်ကိုကလည်း အားနာစရာ"

"ကိုယ့်လက်ရာလေ"

ခင်အံ့ဩသွားသည်။ ယောကျ်ားတစ်ယောက်က ခင့်အတွက် တကူးတကကြော်လှော်ချက်ပြုတ်ပေးတာ ဘယ်လောက်များဂုဏ်ယူစရာကောင်းသလဲ။ မိန်းမပီသစွာ သွေးနားထင်သို့မာန ရောက်လိုက်သေးသည်။

အဆောင်သို့ပြန်ရောက်သောအခါ ခင်သည် ကြက်သားအကြော်ပုလင်းလေးကို စားပွဲပေါ်တင်ကာ တစ်စုံတစ်ရာကို ကြည်နူးမိလေသည်။ ဒီလိုဆိုတော့လည်း သူများအချစ်ခံရတာ အရသာတော်တော်ရှိတာပဲ။ ကိုယ့်ထက်အသက်လည်းကြီးသည်။ ကိုယ့်ကိုလည်း မျက်နှာမညိုအောင် အမြဲအရိပ်ဖမ်းတတ်သောသူ၊ ကိုယ့်ဆန္ဒကို အဲသလိုလူမျိုးကမှ ရှေ့တန်းမတင်ရင် ဘယ်လိုလူမျိုးကများတင်မည်လဲ။



အာကာ။ ခင်ဆက်စောင့်နေတော့ကော ရီဝေဝေအကြည့်တွေကယွဲ့ပြီး ဘာများရမှာလဲ။ ခင့်ထက်ပျော်စရာတွေကို တပ်မက်သူတစ်ယောက်က ခင့်ကို ဘယ်အချိန်မှာ ရှေ့တန်းတင်ချစ်မြတ်နိုးမည်လဲ။ မသေချာ။

စီစီမာနဲ့ သီသီမာကတော့ အစ်ကိုနဲ့ခင့် အနေအထားကို ဘာတစ်ခွန်းမှမစပ်စု။ ကိုထင်အောင်ကိုတော့ မေးဖူးသည်။

"တကယ်လို့ ခင်. . . ရည်စားရသွားရင်ကော"

"ရပါတယ် ခင်. . . ရည်းစားထားချင်လဲထားပေါ့. . ပြဿနာမရှိပါဘူး"

အိမ်ကအတိအလင်းသဘောတူထားတာ မဟုတ်ဘဲ. . သဘောကျတဲ့ အခြေအနေ၊ ပြီးတော့ ခင်ကဝေဖန်ဆဲ အခြေအနေမို့ ကိုထင်အောင်က စောင့်ဆိုင်းနေရတဲ့ အနေအထားမျိုးဖြစ်သည်။ သို့သော် ကိုထင်အောင်တို့စိတ်ထဲမှာ ဘယ်လိုမှ ချစ်သူရည်းစားလို့ ခံစားလို့မရ။

အစ်ကိုနဲ့ကျတော့ ရင်ခုန်သည်။ တစ်ခါတလေများ သာတီလက်လွတ်နဲ့ ခင့်ကိုငေးကြည့်နေတတ်သော အစ်ကို့မျက်ဝန်းတွေနဲ့



www.burmeseclassic.com

www.burmeseclassic.com



ဆုံလျှင်ခင့်စိတ်ထဲ တမျိုးဖြစ်သွားတတ်သည်။

ခင်ကတကယ် ချစ်တဲ့လူကို ရွေးရရင်တော့ . . . . ။

သို့သော် ခင်က ခင့်ကိုချစ်တဲ့လူကိုပဲရွေးဖို့ ဆုံးဖြတ်ထားလိုက်လေသည်။ နေကောင်းသွားပြီး နောက်တစ်နေ့မှာ အစ်ကိုနဲ့ ခင် အင်းလျားစောင်းမှာ အကြာကြီးထိုင်ဖြစ်ကြသည်။

"အစ်ကို"

"ပြောလေ ခင်"

"မာင့်အင်း . . . . ဘာမှ မဟုတ်တော့ဘူး"

"ခင်ကလေ . . . တစ်ခါတလေကျရင် ကလေးလိုပဲ . . ပြောမှာသာပြော . . . ကိုယ်စိတ်မဆိုးဘူး"

"အစ်ကို့ကို . . . တိုလေ . . . . ခင်အဖြေပေးဖို့ လိုအပ်လား"

အစ်ကိုမျက်နှာကို ပြုံးသွားသည်။

"ကိုယ့်ကို ခင်ချစ်နိုင်တာသေချာမှပါ . . . မသေချာလည်း မချစ်နဲ့ပေါ့ ခင် . . ဘာမဆို ခင့်စိတ်တိုင်းကျပဲ . . ကိုယ်ကဖိအားပေးတာကြောင့် ခင်ယိမ်းယိုင်သွားတာမျိုး မဖြစ်စေချင်ဘူး"

ခင့်နှုတ်က ပြောတော့မဲ့စကားသည် ချောမောလှပသော မျက်နှာကလေးတစ်ခုကို စိတ်ကူးထဲမှာပေါ်လာသည်ဆိုရင်ပဲ ပြောမဲ့ဟာ မပြောထွက်တော့ မသေချာသေးပါဘူး။ ခင်မှ အစ်ကို့ကို မချစ်တာ။

"ခင်"





"ရှင်"

"ဘာတွေးနေတာလဲ"

"ဪ . . . အိမ်ကမိသားစုအကြောင်းပေါ့"

"ဟုတ်လား . . . မိသားစုဆိုလို့ ကိုယ်တို့အိမ်လည်း ဒီနှစ်တွေထဲမှာ စီးပွားကျတယ်ကွာ . . . ဘယ်လိုဖြစ်တာလည်းမသိဘူး။ ဆိုင်ကသူဝင်တယ် . . . ဒါပေမဲ့ ပစ္စည်းဈေးက ဈေးမငြိမ်ဘူး . . ပြီးတော့ ဆိုင်ပြိုင်လည်းရှိလာတယ် . . . စီးပွားရေးက အဲဒါပဲ ခင် . . ကိုယ်က လူအင်အားလဲမရှိ၊ ငွေအင်အားကလည်း ဒီနေ့အမြတ် နောက်နေ့အရင်းဆိုတော့ အကယ်အရှုံးခံပြီးလုရောင်းတဲ့ ဆိုင်ပြိုင် မျိုးဆိုရေရှည် မယှဉ်နိုင်ဘူး"

"အစ်ကိုက ဘာလုပ်ရတာလဲ"

"အစုံပဲ . . . လိုတဲ့ပစ္စည်းတွေစာရင်းရေးပေးပြီးဝယ်ခိုင်း၊ ရတဲ့ငွေသိမ်း၊ အကြွေးစာရင်းမှတ်၊ ပြီးတော့ စားပွဲထိုးလည်း ဆိုင်လူကျရင်လုပ်ရတယ် . . ."

"ပင်ပန်းလိုက်တာ"

"အငယ်ကောင်က ဂစ်တာတစ်လက်နဲ့ အပြင်ထွက်နေတာ အစ်မကလည်း သူ့အိမ်အလုပ်နဲ့ သူရှုပ်နေတာ . . . အဲဒါကြောင့် ဆယ်တန်းအောင်တာနဲ့ ကိုယ်တက္ကသိုလ်တန်းမတက်ဖြစ်တာပေါ့ . . . အခုတက်တဲ့အချိန်ကျတော့ စိတ်မပါတော့ဘူး . . ကျောင်းကို ခင့်သံယောဇဉ်နဲ့သာ လာနေတာ"

www.burmeseclassic.com

www.burmeseclassic.com



ခင်ပြုံးတော့ အစ်ကိုကရှက်သွားသည်။

"အစ်ကိုကတော်တာပေါ့ . . . . ဦးဆောင်ရတာ အရည်အချင်းရှိလို့ပဲ အစ်ကိုရဲ့"

"စိတ်ပင်ပန်းတယ် ခင် . . . တစ်ခါတလေကျရင် စိတ်အရှုံးတိုတယ် . . . သိပ်ပင်ပန်းရင် စကားတစ်လုံးတောင် မပြောချင်ဘူး . . . စားပွဲထိုးတွေအချိုးမပြေရင်လည်း နားရင်းအုပ်ပစ်ချင်တယ်"

"ကြောက်စရာကြီး"

"ခင်နဲ့တွေ့ရင်တော့ ကိုယ်ကခြေသုတ်ပုဆိုးမွေ့စွယ်ကျိုးပေါ့ ခင် . . . "

ညဘက်ရောက်လျှင် အစ်ကိုနဲ့ပြောတဲ့စကားတွေကို ပြန်တွေးရင်း ခင်အစ်ကို့ကိုချစ်သူတော်လိုက်ရကောင်းမလားဟု တွေးမိသည်။

အမှန်တော့ ခင်က ယောကျ်ားတစ်ယောက်ဆီကနေ အကြင်နာနှင့် နှိမ့်ချမှုကိုဝဲလိုချင်သူဖြစ်သည်။ အဲသလိုဆိုရင် ကိုထင်အောင့် ဆီကမရဘူးလားဟု မေးစရာရှိသည်။ ကိုထင်အောင်က ခင့်အတွက် ငယ်ငယ်ကတည်းက သိလာခဲ့သူ သာမန်ထက်ထူး ခြားမှုမရှိသူ၊ ပြီးတော့ သမားရိုးကျဆန်လွန်းသူဖြစ်သည်။ အစ်ကိုကျတော့ ဒီကျောင်းရောက်မှသိရသူ အာကာလည်း ထိုနည်းတူစွာပဲလေ။

ခင့်ဆုံးဖြတ်ချက်တွေကို ဘေးပယောဂမပါဘဲမချနိုင်သူ ပီပီ အမှန်တကယ်ခင်သည် အစ်ကို့ကိုအဖြေပေးလိုက်ဖို့အရေး အာကာနဲ့ တိုင်ပင်ချင်





စောင့်နေလိုက်သေးသည်။ အခွင့်အရေးက အာကာနဲ့ခင် နှစ်ယောက်ထဲတွေ့ဖို့ မဖြစ်နိုင်ခဲ့ချေ။

သူငယ်ချင်းတွေစုံသည့် စာမေးပွဲဖြေဖို့ကတ်ထုတ်သည့်နေ့ ညနေဆန်းစွာ အစ်ကိုတစ်ယောက်ပဲ ကျောင်းမရောက်လာသေး။

"ငါ့ကို ကိုလတ်ဖွင့်ပြောထားတယ်"

စီစီမာက . . . .

"နင်ငါတို့ကို တိုင်ပင်တာလား . . အသိပေးတာလား ခင်" ဟုမေးသည်။ ခင်အငမ်းမရစိတ်ထဲက ရှာဖွေနေသည်မှာ ပျောက်ယွင်းသွားမဲ့ အာကာ့မျက်ဝန်းအစုံဖြစ်သည်။ သို့သော် အာကာ့မျက်လုံးတွေက ငြိမ်သာဝေနဲ့ရှိနေသည်။ ပုံစံကလည်း ညည်းသိုးသိုးနဲ့ . . ခင့် စကားကို ဂုဏ်းစပ်ထဲက သောက်လက်စစီးကရက်လောက် အလေးထားပုံမပေါ်။

"နင်နဲ့ ကိုလတ်ကို အင်းလျားမှာ ခဏခဏတွေ့နေတာပဲတာ . . . "

"အဲဒါ လာလည်တာပါ . . . သီသီမာ"

"ဟုတ်ရဲ့လား ခင်ရယ် . . . ကျားကိုက်ပါတယ်ဆို အပေါက်အလေးနဲ့လားလို့မေးမဲ့အထဲမှာ ငါတို့မပါဘူး . . . . ငါတို့က နင်တို့ အကြည်ညာမဲ့နေ့ကိုစောင့်နေတာ . . . ဟုတ်တယ်မို့လား ရဲထွဋ်"

ရဲထွဋ်က စကားဝိုင်းဘေးထွက်နေကာ မောင်ထွန်းသူ ဘာသာပြန်သည့် A.J.Cron.in ရဲ့ THE GREEN YEARS

www.burmeseclassic.com

www.burmeseclassic.com



အစိမ်းရောင်နှစ်များစာအုပ်ကို အသဲအသန်ဖတ်နေလေသည်။

"ဘာလဲ . . စိတ်မဝင်စားဘူး . . . ဒီမှာစာဖတ်နေတယ်"

"နင့်မလဲ တနေ့ရုပ်ရှင် တနေ့စာအုပ်နဲ့ . . . "

"ဟ ငါကစာအုပ်ကြိုက်တဲ့ကောင်ဟ . . . လူကြိုက်တဲ့လူ က လူရွေးပေါ့"

"ဂျပု . . . နင့်ကိုလေ အဲဒီလိုဂွတီးဂွကျပြောလို့ ကြိုက်မဲ့လူမရှိတာ"

ရဲထွန်းက စကားဆက်မပဟဘဲ စာဆက်ဖတ်နေသည်။

အဆုံးသတ်ကတော့ ဘယ်သူ့တိုက်တွန်းမှု၊ ဘယ်သူ့အကြံပေးမှုမပါဘဲ အေးစက်ဖာသိဖာသာဆန်သော အာကာ့ရဲ့လွှဲဖယ်မှုကို မခံချင်စိတ်အရင်းခံကာ ကိုယ့်ထက်အသက်ကြီးပြီး ဘာမဆိုခွင့်လွှတ်သည်းခံနိုင်မည့်ဟု မျှော်လင့်ရသော အစ်ကို့ကိုပထမနှစ် ရှာမေးပွဲဖြေတဲ့နောက်ဆုံးရက်တွင် ခင်အဖြေပေးလိုက်သည်။ မျက်နှာတစ်ခုလုံးအောင်နိုင်တဲ့သူ့ပုံစံဖြင့် အစ်ကိုက ခင့် လက်တစ်ဖက်ကို တင်းတင်းဆုပ်ကိုင်ကာ . . . . .

"နောက်ဆုံးတော့ကိုယ့်အတွက်ပါပဲ" ဟုရေရွတ်လေသည်။

"ဘာကိုလဲ အစ်ကို"

"ဪ . . . ခင့်ကကိုယ့်အတွက်ပါပဲ"

* * *





ချစ်သူသက်တမ်းသည် ဒုတိယနှစ်တစ်နှစ်လုံး ကြိမ်ဖန်များစွာမနာလိုမှု၊ လှောင်ပြောင်မှုများဖြင့်ပြည့်နှက်သည်။ အာကာနဲ့ ခင်နှစ်ယောက်ထဲလမ်းတွဲလျှောက်လာတာမျိုးတွေ့လျှင် အစ်ကိုက

"ကြိတ်ပြီးမျှော်လင့်နေတုန်းပဲလား ခင်" ဟု တို့ကနန်းဆိတ်ကနန်းရန်စသည်။ အဲသလိုအချိန်မှာ အစ်ကို့မျက်လုံးများသည် သားကောင်ကို အလစ်သုတ်တော့မဲ့ ကျားနဲ့တူသေးသည်။

"အစ်ကို . . . ခင်နဲ့အာကာက သူငယ်ချင်းတွေပဲ"

"ခင်ရယ် . . . မင်းရင်ထဲငါက မင်ကြည့်လို့ရတဲ့ကောင်ပါကွ"

"*အစ်ကို . . . ခင့်ကိုလာမရွဲ့ပါနဲ့*"

"မရွဲ့ပါဘူး . . . သတိပေးတာပါ . . . မင်းမှာငါတစ်ယောက်ထဲရှိတယ်ဆိုတာသတိရ"

အမှန်တော့ ခင့်ရဲ့သိက္ခာကို တမျှင်းမျှင်းလှီးဖြတ်စော်ကားခြင်းဖြစ်လေသည်။ ကိုထင်အောင်ရှိရက်နဲ့ သူ့ကိုလက်ခံခဲ့တာ အာကာ့ကိုခံချင်စိတ်ကြောင့်ဟု သူ့စိတ်ထဲစွဲနေသလားမသိ။

နှစ်ယောက်အတူရုပ်ရှင်ကြည့်ရင်လည်း မင်းသားချောတဲ့အကြောင်းပြောလို့မရ။ ပြောမိရင် . . . .

"အဲဒီကောင်ကားတွေ နောက်မကြည့်ရဘူး" ဟု ပိတ်ပင်သည်။

အဆိုးဆုံးက ရဲထွန်းကိုပင် ခင့်မှာစကားမပြောရဲ။ တွေ့သမျှသောတ်များနဲ့ လိုက်သဝန်တိုကာ ခင်တနေ့ဘာလုပ်တယ် သူမသိဘဲ



www.burmeseclassic.com

www.burmeseclassic.com



အဆောင်က နိုးထွက်လို့များ မထော်တာဆာသူရှေ့မှာ စကားအစအနထွက်လျှင် ခင့်တို့ ပြဿနာရှာတော့သည်။

"ကိုကို . . . ရဲထွဋ်က သူဟာသူစာအုပ်တွေနဲ့နေတာ . . အာကာ ဆိုလဲကျောင်းပုံမှန်ထက်တာ မဟုတ်ဘူး . . . သဘော်လိုက်ဖို့လုံးပန်းနေတာ . . . ဘာလို့တချိန်လုံး သူတို့နဲ့တောင်လိုက် သဝန်တိုနေရတာလဲ"

"ရဲထွဋ်ကို ငါမတိုဘူးကွ"

"ဒါဆို အာကာနဲ့လား"

သူစိတ်ကောင်းဝင်နေရင်တော့ ခင့်ကိုအကျီစလှလှလေးတွေ နောက်ခင်ကြိုက်တဲ့မုန့်တွေ ဝယ်လာတတ်သည်။

"မင်းရဲ့ ကိုထင်အောင်ကို ငါနဲ့ကြိုက်တာ ပြောလိုက်ပြီလား"

"မပြောရသေးဘူး ကိုကို"

"ဟ . . . ပြောရမှာပေါ့ . . . မင်းကငါးရုံနှစ်ကောင် တစ်ပြိုင်ထဲ ချိန်ထားတာလား"

ခင့်အရေပြားတွေ စပ်ဖျင်းဖျင်းဖြစ်သွားလေသည်။

"ကိုကို . . . အဲသလို မစော်ကားဝါနဲ့"

"ဒါစော်ကားတာ မဟုတ်ဘူး . . ဖြစ်သင့်တာကိုပြောတာ"

အမှန်တော့ ကိုထင်အောင့်ကို ခင်ဘယ်လိုပြောရမလဲဆိုတာ ခင်နည်းလမ်းရှာတုန်းဖြစ်သည်။ ဘာကြောင့်လည်းဆို ကိုထင်အောင်သိလျှင် အိမ်ကသိမည်။ တကယ့်တကယ်ပြောဖြစ်သောအခါ ကိုထင်အောင်ကို ခင်သနားသွားတော့သည်။





"ခင် . . . ချစ်သူရှိနေပြီ ကိုထင်အောင်"

"ဗျာ"

"ဟို . . . ခင့်မှာချစ်သူရှိနေပြီလို့ပြောတာ"

"ခင်နောက်နေတာလား"

"မနောက်ပါဘူး . . . တကယ်ပါ . . . ဟို . . သူကခင်တို့ သူငယ်ချင်းအဖွဲ့ရဲ့ခေါင်းဆောင်လေ . . ."

"ဪ"

ထို့နောက်ပိုင်းမှစ၍ ကိုထင်အောင်မလာတော့။ မေမေ့ဆီက စာရောက်လာသည့်အထဲမှာ "မောင်ထင်အောင်ကတော့ ဒေါ်ဒေါ့သမီး ရည်းစားရသွားပြီလို့ပြောတယ် သမီး . . . ဘယ်သူလဲ ဘာလဲ အကျိုးအကြောင်းရေးဦး . . . အသွားအလာလဲဆင်ခြင်ဦး . . . သမီး အဖေသိသွားရင်လည်း သိပ်တော့ပြဿနာမရှိဘူး။ သမီးက အငယ်ဆုံး ဆိုတော့ မေမေတို့အလိုလိုက်တာကို အခွင့်ကောင်းယူပြီး မိဘနာမည် ဖျက်စေနဲ့နော်" ဟုပါသည်။

တခုနေ့ဂျပ်စင်ရှေ့မှာ ခင်မေ့လဲတော့မတတ်ထိ ရှိုက်ကြီးတငင် ငိုသိုရလေသည်။ သူသည်ချစ်သူစဖြစ်ကတည်းက ခင်မျှော်မှန်းခဲ့သလို အရာအားလုံးနားလည်ခွင့်လွှတ်နိုင်မည့်ပုံစံမျိုး မဟုတ်တော့ဘဲ အရာရာကို ဆေတစ်လုံးဖြင့် သူ့အလိုဆန္ဒအတိုင်းခိုင်းသူ ဖြစ်လေသည်။ ပြဿနာက ကျောင်းပျက်တဲ့နေမှာ ခင်ရုပ်ရှင် ခိုးကြည့်သည်။ ရုပ်ရှင်ထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



အာကာနဲ့တေးချင်းကပ်လျက်ကျသည်။ ရုပ်ရှင်ရုံထဲက ပြန်အထွက်မှာ သူကဘတ်စ်ကားပေါ်ကနေ ခင်တို့ကိုမြင်သွားလေသည်။ သူ့ကိုလည်း ခင်မြင်သည်။ အဲဒီကတည်း က ပြဿနာတက်တော့မည်ဆိုတာ ခင်သိသည်။ သူကမြင်ချင်တာတစ်ခုပဲ ကွက်မြင်တတ်ပြီး သူထင်မြင်ချက်ကိုပဲ ရှေ့ထားတင်တတ်တဲ့လူမျိုး။ စီစီမာနဲ့သီသီမာကို သူတွေ့မှာမဟုတ်။

ပြီးတော့ ရဲထွဋ်ကိုလည်း သူတွေ့ချင်မှတွေ့မည်။ ခင်ဖြင့် သူနဲ့နောက်တနေ့ရင်ဆိုင်ရမည်ကို တွေးရင်းတစ်ညလုံးထိတ်လန့်တုန်လှုပ်ရလေသည်။

"မနေ့က သိပ်ပျော်နေတယ်ပေါ့ဟုတ်လား ခင်"

"ကိုကို . . . ခင်တို့သူငယ်ချင်းတွေ အကုန်လုံးပါတယ်။ ခင်က စီစီမာတို့နဲ့သွားတာ . . . အာကာနဲ့ရဲထွဋ်က သူတို့ဟာသူတို့လာကြည့်တာ. . ."

"ဒါ. . . မင်းအကြောင်းပြနေတာ . . . မင်းရင်ထဲမှာ ဒီကောင့်ကို ထုတ်ကိုမထုတ်နိုင်သေးဘူး . . . ဒါကြောင့်မင်းကပဲ ကြဖန်ဇာတ်လမ်းစရေးလာပြောင်းပေးလုပ်ရတာပေါ့ . . . အစွယ်နှစ်ခွနဲ့ မြွေဟောက်မ"

ခင့်မှာရှင်းပြတာကို နားမထောင်ဘဲ သူထင်ရာစွတ်ပြောနေခြင်းအတွက် စိတ်တိုရကာ ခင်တော့လူရွေးမှားပြီးဟု သိလိုက်ခြင်းအတွက် ဝမ်းနဲကာမျက်ရည်များကျလာသည်။

"ငိုပြမနေနဲ့. . . . လုပ်ချင်တာလုပ်ပြီးရင်မျက်ရည်ခံထိုး

. . . သစ္စာမရှိတဲ့မိန်းမ . . . အခုကတည်းက ခြေမငြိမ်ဘူး။ တစ်ယောက်လုံးတောင် မမြင်ဘဲပြုံးနေပျော်နေလိုက်တာ. ."

ခင့်လည်ချောင်းထဲမှာ ရင့်သီးသောစကားများကို တုံ့ပြန်ပြောဆိုနိုင်မဲ့ ဖြေရှင်းချက်များတစ်ဆို့နေသည်။

"ငါကတော့ချစ်လိုက်ရတာ . . . ငိုထားမတတ်ဘဲ . သူကတော့ငါ့အချစ်ကို စော်ကားတယ် . . . ."

နောက်ထပ်သူဘာတွေပြောသလဲ. . . ခင်မသိတော့။ ခင်သိလိုက်တာ ခင့်တစ်ကိုယ်လုံးယိုင်လဲသွားသည်။ ဒါပဲ။

ခင်သတိရလာတော့ တက္ကသိုလ်ဆေးရုံပေါ်မှာရောက်နေသည်။ ခင့်နားမှာ သူငယ်ချင်းတွေအကုန်ရှိပေမဲ့သူမရှိ။ အာကာက

"နင်တို့ဘာဖြစ်ကြတာလဲ ခင် . . . နင်မေ့လောက်တဲ့အထိ သူက ဘာပြောလို့လဲ . . ငိုထားတာလည်းမို့အစ်နေတာပဲ"

ခင် အာကာ့စကားကို မဖြေနိုင်ဘဲ မျက်ရည်သာတွင်တွင်ကျသည်။ ခင်မှားပြီ။ ခင်သည်ကိုယ်ရွေးလိုက်သောလူသည် မိန်းမတစ်ယောက်ကို ချစ်တာပဲသိပြီး ချစ်ပုံချစ်နည်းမသိသော လူမိုက်တစ်ကြောင်းကို ချစ်သူသက်တမ်းတရက်တိုးလေ ပိုသိလေပင်။

လူတွေပြောကြသည်။ ယောကျ်ားတွေဟာ လက်ထပ်ပြီး ရင်တော့ပြောင်းလဲသွားကြတာပဲတဲ့။ အခုတော့လက်ထပ်ဖို့ နေနေသာသာ ချစ်သူဘဝမှာတောင် နိုင်စားလှတာ။

www.burmeseclassic.com

www.burmeseclassic.com



"ခင် . . . နင်ကိုလတ်ကို တွဲရတာစိတ်ဆင်းရဲမယ်ဆိုရင် ဖြတ်ပစ်လိုက်တော့ . . . စိတ်ညစ်ပြီး ဆက်မတွဲနဲ့တော့ . . ဘာကြောင့်လဲလို့ ငါတို့မမေးဘူးနော် . . . ဒါပေမဲ့ ငါတို့သဘောပေါက်နေသလိုပဲ"

စီစီမာ့လက်ကလေးကို ခင်ဆုပ်ကိုင်ရင်း ခေါင်းယမ်းပြမိသည်။

"ဘာလို့ခေါင်းခါတာလဲ ခင်"

"မဖြစ်ဘူး . . . သူငါ့ကို သတ်လိမ့်မယ်"

"မဖြစ်နိုင်တာပဲ ခင်"

"နင်တို့မသိပါဘူး"

ခင်ဆက်ငိုမြဲငိုနေမိသည်။ ကိုလတ်ကိုသူ့အိမ်က ဖုန်းဆက် ခေါ်၍ ဆိုင်ပြန်သွားကြောင်း ရဲထွဋ်က ပြောပြသည်။

ခင့်သဘောကတော့ သူခင့်နားမှာမရှိလေ ပိုကောင်းလေပင်။

သူငယ်ချင်းတွေ ပြန်သွားပြီးနောက် ကိုလတ် ရောက်ချလာသည်။ သူ့ကို ခင်မကြည့်ဘဲ မျက်နှာတဖက်လွှဲထားလိုက်သည်။

"စိတ်ဆိုးနေလား ခင် . . . ကိုကို တောင်းပန်ပါတယ်ကွာ။ ခင့်ကိုဘယ်လောက်ချစ်တယ်ဆိုတာ ခင်မသိဘူးနော် . . . ခင့်ကိုတခြား လူလက်ထဲရောက်သွားမှာလဲ သိပ်စိုးရိမ်တာပဲ . . နောက်ဆို ကိုကို ဆင်ခြင်ပါ့မယ်ကွာ . . . ခင်ငိုအောင် ကိုကိုမလုပ်တော့ဘူး"

ခင် သူ့မျက်နှာကို မကြည့်ဘဲစကားဆိုလိုက်သည်။

"လမ်းခွဲကြရအောင်"





သူ့လက်ထဲက လိမ္မော်သီးတွေ ဝရုန်းသုန်းကားပြုတ်ကျကုန်သည်။ အသားညိုမောင်းသော သူ့မျက်နှာသည် အဆီပြန်တက်လာကာ မျက်လုံးများက ဘီလူးမျက်လုံးလို ခင့်ကိုအထက်အောက် တလှည့်စီ စားတော့ဝါးတော့မတတ်ကြည့်နေရာ ခင့်မှာစောစောက လေသံပျော့နှင့် ပြောခဲ့သူသည် သူမဟုတ်သယောင် ခင့်ကိုအဲသလို အကြည့်ခံရတာ သူနဲ့ကျမှဖြစ်သည်။ အစိမ်းလိုက်ဝါးစားတော့မလို ဒေါသခိုးရောင် တောက်နေသော မျက်လုံးများ။

"ပြန်ပြောလိုက်စမ်း"

ခင့်နှုတ်ခမ်းတွေ အလိုလိုစေ့ပိတ်လျက်သူ့ကိုကြောင်ကြည့်မိသည်။ သူက ခင့်ဆီကအဖြေမရတော့ ဒေါသပိုထွက်လာကာ ခင့်ပါးနှစ်ဖက်ကို သူ့လက်တစ်ဖက်ဖြင့် စုကိုင်ကာထပ်မေးသည်။

"မင်းဘာပြောလိုက်တာလဲ"

"ဟို . . . . . လမ်းခွဲကြရအောင်"

"ဟား ဟား ဟား . . . အရူးမ . . . ဒီမှာမှတ်ထား . . မင်းကို ချစ်လို့ရအောင်ကြိုးစားခဲ့တာ လမ်းခွဲဖို့မဟုတ်ဘူး . . ဒီတစ်သက်ငါသေမှ မင်းနဲ့ခွဲမယ် . . . . အဲဒါသေချာမှတ်ထား"

ပြောပြီးတာနဲ့ . . . ဆေးရုံထဲက ဒေါသတကြီးထွက်သွားသည်။

အချစ်ဆိုတာကို ခင်နားလည်ရသမျှ အဓိပ္ပါယ်ဖွင့်နေခဲ့ ကြောက်တာပဲဖြစ်သည်။ မျက်နှာထားသွင်ပြင်အမျိုးမျိုး ပြောင်းသော



www.burmeseclassic.com

www.burmeseclassic.com



ကာပုံစံမှန်သော သူ့အချစ်ကိုခင်ကြောက်သည်။ သို့သော် ခင်သည် မပြန်လမ်းကိုမှ ရွေးမိခဲ့လေပြီ။

သူ့ခင့်ကို ဘယ်တော့မှ အလွတ်ပေးမှာ မဟုတ်တော့။

မိန်းကလေးတွေကို ခင့်အဖြစ်နဲ့နှိုင်းဆပြီး သတိပေးချင်ပါသည်။ ဘယ်ယောကျ်ားကိုမှ မျက်စေ့တဆုံးယုံကြည်၍မရပါ။ သူတို့ လိုချင်တာအတွက်သာ အလိုလိုက်ပြီး သူတို့စိတ်တိုင်းကျမိန်းမတွေကို ထုဆစ်သောယောကျ်ားတွေမှ အများကြီးရယ်။

သူတို့ကတော့ ချစ်လို့ဆိုသောခေါင်းစဉ်အောက်မှာ ဟိုမသွားရ ဒီမသွားရ၊ အလှမပြင်ရ၊ တခြားယောကျ်ားတွေစကား မပြောရစသဖြင့် သဝန်တိုကြမည်။ သူတို့ကို ခင်တို့ကသာ ဟိုမ သွားရပြောကြည့်၊ မင်းကအာဏာပြတာလားဟုတသွယ်၊ ကိစ္စအရေးကြီးလို့ပါတမျိုး ရအောင် သွားကြမည်။

အဲဒါကိုယောကျ်ားရဲ့ အခွင့်အရေးများဟု သူတို့ကဘုတ်ထောင်ကြပါသည်။ ဘုရားက ခင့်အဖြစ်ကို သနားတာလား၊ ဒါမှမဟုတ် တွေဝေမိုက်မဲတတ်တဲ့ ခင့်ကိုအပြစ်ဒဏ်ချတာလားမသိ။ ခင်ဒုတိယနှစ်စာမေးပွဲမှာ ဂုဏ်ထူးနှင့်အောင်လေသည်။ သူကကျသည်။

ခင့်အောင်စာရင်းကြည့်ပြီး ပျော်နေသောခင့်မှာ သူ့အောင်စာရင်းကြည့်ပြီး ထိတ်လန့်ရပြန်သည်။ သူ့အကျင့်ကို ခင် ကောင်းကောင်းသိနေပြီလေ၊ ထင်တဲ့အတိုင်းပင် သူခင့်ကို ပြဿနာရှာတော့သည်။



"မင်းကငါ့ကို ဒိုင်လျှိုထားတာပေါ့"

"မဟုတ်ပါဘူး ကိုကိုရယ်"

"ဘာမှမဟုတ်ရမှာလဲ . . . မင်းလည်းဒီစာပဲကျက်တာ ငါလည်း ဒီစာပဲကျက်တာချင်းတူတူ မင်းကဂုဏ်ထူးထွက်ပြီး ငါကကျတယ်။ ဒါငါ့ကိုဖြုတ်လို့မရလို့ ရတဲ့နည်းသုံးပြီး တစ်ယောက်တည်း ဂုဏ်ထူးတန်းမှာ တက်ချင်တာပေါ့ . . . ဟုတ်လား"

"မဟုတ်ပါဘူးဆို . . . ကိုကိုဟာလေ သိပ်သဝန်တိုသလို မနာလိုလည်း ဖြစ်တာပဲ. . . ယောကျ်ားကိုမဆန်ဘူး"

ခင်ကမိန်းမပီပီလျှာတစ်ချောင်းသုံး၍ ရန်တွေ့လိုက်ရာ သူကဒေါသဖြင့် ခင့်ပခုံးနှစ်ဖက်ကို လက်နဲ့ကိုင်ကာဆွဲခါသည်။ ရုတ်တရက်မို့ ခင့်တကိုယ်လုံးငှက်မွေးလေးလို ပေါ့ပါးကာသူဆွဲခါတဲ့အတိုင်း ယိမ်းထိုးလူးလှုပ်ရှားသွားပြီး ခေါင်းတွေမူးလာကာ ခင် သတိလစ်သွားပြန်သည်။ ခင်သတိရလာချိန်မှာလဲ ပြဿနာက အသင့်။

"တော်သင့်ပြီ ကိုလတ် . . . စီစီတို့မပြောချင်လို့ကြည့်နေတာ. . . ဒီလောက်သူများသားသမီးကို ကိုယ်ထိလက်ရောက် နှိပ်စက်ရတော်ရောပေါ့ . . . ယူတောင်မယူရသေးဘူး ဒီလောက်နှိပ်စက်နေတာ"

အာကာကလည်း . . . .

"ခင်ကနဂိုကမှနွဲ့တာ . . . ခင်ဗျားကြမ်းတာနဲ့ လန့်ဖြန့်ပြီး အသက်ထွက်သွားနိုင်တယ်နော် . . . ခင်ဗျားဗျာ. . . ချစ်တယ်သလည်း

www.burmeseclassic.com



ဆိုသေးရဲ့ . . . ဒီလောက်ထိ ကြမ်းတမ်းရလား"

အာကာ့ကို သူ စိမ်းစိမ်းကြီး ပြန်စိုက်ကြည့်သည်။ ခင်ကတော့ ရင်တုန်နေပြီ။ သူပြဿနာရှာတော့မှာသိတာကိုး။ ထင်တဲ့ အတိုင်းပင် အာကာ့ကိုဆွဲထိုးလေသည်။ သူငယ်ချင်းတွေရှန်းရင်း ဆန့်ခတ်ဖြစ်သွားကြပြီး အာကာ့အပေါ် နှုတ်ခမ်းကွဲသွားရှာလေသည်။ အာကာကလည်း ဆတ်ဆတ်ထိမခံ။ ပြန်ထိုးသည်။ သူတို့ကိုကြည့်ကာ ခင့်နှလုံးက အောင့်လာသည်။ ခင်အဲသလို ကြမ်းတမ်းတာတွေကို မလိုချင်။ ခင်ကြောက်လည်း ကြောက်သည်။

"အောင့်တယ် . . . . ခင့်ရင်ဘတ်ထဲက အောင့်တယ်"

ခင်ထပ်မံ၍ သတိလစ်သွားသည်ဟု စီစီမာက ပြန်ပြောပြပါသည်။ နောက်တနေ့မှာ ခင်ဘယ်သူ့ကိုမှ အသိမပေးဘဲ အိမ်ကိုပြန်ခဲ့တော့သည်။ အိမ်ရောက်တော့မှပဲ ခင်သူနဲ့စေးရာ၊ သူ့အရိပ်အောက်ကလွတ်ပြီဟု ယူဆကာအသက်ဝဝရှူရသည်။

* * *



ခင်နဲ့မမ အေးအေးဆေးဆေးစကားထိုင်ပြောဖို့အချိန်ကလည်း သိပ်မရ။ ဘာလိုလဲဆို မမက ကိုယ်ဝန်အရင့်အမာကြီးနဲ့ ဖြစ်နေတာမို့ သူ့ယောက်ျားကအနားကမခွာ သူ့ယောက်ျားကို ခင် သိပ်ကြည့်မရ၍ စကားမပြော။ နေ့ခင်းတစ်ခုမှာတော့ မမနား ခင်ကပ်ခွင့်ရသည်။ ညီအစ်မနှစ်ယောက် လက်ချင်းဆုပ်ကိုင်ထားကာ ပြောစရာစကားတွေ နှစ်ယောက်လုံးမှာအပြည့်။ ခင်ကပဲ စပြောဖြစ်သည်။

"မမ နေလို့ကောင်းရဲ့လား"

မမက နွမ်းလျစွာပဲ ပြုံးသည်။

"လမ်းလျှောက်ရတာခက်တယ် ခင် . . . ဗိုက်ကြီးက တအားတားထွက်နေတာ"

"ကြည့်ရတာယောက်ျားလေးပဲဖြစ်မယ်ထင်တယ်နော် မမ"

"ဘာပဲဖြစ်ဖြစ် ကိုယ့်သားသမီးပဲကွယ် . . . မမကတော့ သိပ်အစွဲမထားပါဘူး"

ခင်တို့နှစ်ယောက်မှာ မမကအရင် မိခင်နေရာရောက်သူမို့ ခင့်ကို အဲဒီခံစားချက်တွေ ပြောပြသည်။

"ငါ . . . အစတုန်းကတော့ သူ့ကိုချဉ်တယ် . . . ငါမချစ်ဘဲနဲ့ ယူထားလိုက်ရတာကိုး . . . ကြာတော့အိမ်ထောင်ရေးကို အသက်ရှူကြပ်တယ်လို့ မြင်လာတယ် . . . အဲဒီအချိန်မှာ ကိုယ်ဝန်ရှိလာတယ် . . . နင်သိလား ခင် . . ကလေးတစ်ယောက်ကို ငါမွေးထုတ်ရတော့

www.burmeseclassic.com

"ဩော် . . . မိန်းမက မီးနေသည်ဖြစ်နေတဲ့အချိန်မှာ ယောကျ်ားက နောက်မီးလင်းတာမျိုးပေါ့"

"ခင်ရယ် . . . နင်အိမ်ထောင်ကျမှသိပါလိမ့်မယ် . . . ယောကျ်ားတွေက ဘာအတွက်ကြောင့်ပဲ လက်ထပ်ပစေ မိန်းမတွေဆီက သူတို့လိုချင်တာ သူတို့ဆာလောင်မှုကို အစာကျွေးဖို့က ပထမဆင့်ပဲ . . . အဲဒါအဓိကပဲ . . ငါတို့မိန်းမတွေကတော့ပေး ဆမ်လိုက်ရတာပေါ့လေ . . မိန်းမတစ်ယောက် ဇနီးကောင်းဖြစ်ဖို့ အတွက်က သိပ်မများပါဘူး ခင် . . . သုံးချက်ပဲလို့ အပ်တယ် . . အကောင်းဆုံး ဟင်းချက်တတ်ရမယ် . . . လင်အလိုကို အချိန်အခါ မရွေးလိုက်တတ်တဲ့ သူဖြစ်ရမယ်။ အိမ်ထောင်မပျက်ဖို့ ကိုယ့်ဘက်က မာနကိုသည်းထိလျှော့ချထားလိုက်ရမယ် . . ဒါပဲ . . . ဒါပါပဲခင် အဲဒါကိုယ်ချစ်တဲ့ယောကျ်ားဖြစ်စေ မချစ်တဲ့ယောကျ်ားဖြစ်စေ ယောကျ်ားတစ်ယောက်ကို လက်ထပ်လိုက်တိုင်း မိန်းမတွေလိုက်နာရမဲ့ အချက်ပဲ . . ."

"ဒါဆိုမတရားတာပဲ မမရယ် . . . သူတို့ကကျတော့ သူတို့တာဝန်နဲ့ဝတ္တရား မကျေပွန်ရင် အပြစ်မရှိတော့ဘူးတဲ့လား . . . အိမ်ထောင်တစ်ခုမပျက်ဖို့ ယောကျ်ားမှာအဓိကတာဝန်ရှိတာ မဟုတ်ဘူးလား"

"အဲဒါ ဘယ်သူကမှ ရှင်းရှင်းလင်းလင်း မပြောနိုင်သေးတဲ့ ကိစ္စပဲ





မှာလားဆိုတဲ့အသိက မိန်းမတစ်ယောက်အတွက် စွန့်စားခန်းတစ်ခုပဲ . . . ဘာပဲဖြစ်ဖြစ် ကလေးအတွက်တော့ အကောင်းဆုံးအမေဖြစ်ချင်တာပဲ . . . အခုအဲဒီစိတ်နဲ့ ငါ အသက် ရှင်နေတာ . . ."

"မမတို့ အိမ်ထောင်ရေး အဆင်ပြေရဲ့လားဟင်"

"ဒီလိုပါပဲ ခင်"

"ဘာလိုလဲ ရှင်းအောင်ပြောလေ"

"နင်က အပျိုလေးဥစ္စာ . . . ငါကအိမ်ထောင်သည် ဘယ်လိုရှင်းအောင်ပြောရမလဲ"

နောက်မှာ မမပြောတာ ခင်သိသည်။ မမယောကျ်ားက နောက်ထပ်ကိုတ်ပုန်းခုတ်နေတာကို။ မမကို ခင်မေးတော့ မမက ပြုံးပြသည်။

"မိန်းမမီးနေ ယောကျ်ားဖောင်စီးတဲ့ ခင် မဆန်းပါဘူး"

"ဒါမဖြစ်သင့်တာ မမက သေမင်းကိုရင်ဆိုင်နေရတာ . . ကိုယ်ဝန်ဆောင်ဆိုတာ သချိုင်းကိုတနေ့ (၃)ခါမျက်စောင်းထိုးသတဲ့ မမရေ . . . မမက ကိုယ်ဝန်ကြီးတကားကားနဲ့ စားချင်တာ မစားရ နေချင်သလို မနေရ . . , ဘယ်လောက်ဒုက္ခရောက်လိုက်သလဲ . . . ဒါတောင်ဒီအချိန်လေးကို သူစည်းမစောင့်နိုင်ဘူး . . သိပ်ရွံ့ဖို့ကောင်းတာပဲ . . . . မမ"

"ဘာလဲ ခင်"

"အိမ်ထောင်ပြုလိုက်တဲ့မိန်းမတိုင်း ဒီလိုမျိုးပဲ ခံစားရ လားဟင်"

"ငါမရှင်းဘူး ခင်"

www.burmeseclassic.com



ခင်. . . အဲဒါကိုပြောဖို့က အသိုင်းအဝိုင်းပတ်ဝန်းကျင်ထုံး တမ်းစဉ်လာတွေနဲ့ဆိုင်တယ်. . . ငါတို့ဆီမှာက တလင်ပျက်ရင် တစ်ခုလပ်ဖြစ်သွားပြီလေ . . . တစ်ခုလပ်တစ်ယောက်ရဲ့ လူရာဝင်မှုက ဘာနဲ့တိုင်းလို့ရလဲ ခင်. . . ဘယ်လောက်ထိပမာဏမြင့်တက်မှုရှိလဲ. . . အနဲဆုံးယောက်ျားတွေက တစ်လင်ပျက်ဖူးတယ်ဆိုပြီး ရိသဲ့သဲ့ကြည့်ကြမယ် . . . အကူအညီလိုမလားဆိုပြီး မလေးမစားလုပ်ကြမယ်. . . တစ်ခုလပ်ဖြစ်ရတဲ့ဘဝဟာ ငါတို့လူအဖွဲ့အစည်းမှာ ဘာအကျီအဝတ်အစားမှ လုံလုံခြုံခြုံမရှိဘဲ ပုဝါပါးခြုံထားတဲ့ မိန်းမတစ်ယောက်ရဲ့အဖြစ်နဲ့ ဘာမှမထူးဘူး ခင်. . . ပြီးတော့ ရှေးကတည်းက စကားချေစ်ခွန်းကလည်းရှိတယ်လေ. . မိန်းမဆိုတာ မောင်တစ်ကျိပ်ပင်ရှိလင့်ကစား လင်မရှိသောငြားမဲ့တင့်တယ်တဲ့ . . . ဘယ်လောက်ထိ တို့မိန်းမတွေဟာ ယောက်ျားတွေကို မှီခိုရမယ်ဆိုတဲ့အထိ ရိုက်သွင်းထားတဲ့စကားလဲ။ တကယ်တမ်းမှာ လူဆိုတာတူတူပဲ ခင်. . . ယောက်ျားလဲလူပဲ. . . မိန်းမလဲလူပဲ ခင် . . . အေး . . . ဘာကွာလဲသိလား . . . ငါတို့မှာက ovary သားအိမ်ရှိတဲ့အတွက် ကိုယ်ဝန်ဆောင်ရတယ်. . . ဒီအတွက်မိခင်စိတ်ရှိတယ်. . . ဒါပဲ ယောက်ျားနဲ့မိန်းမ ကွာတာဒါပဲ. . . ဘယ်လောက်တော်တဲ့ယောက်ျားဖြစ်ဖြစ် အမေမရှိတဲ့သား ရှိလို့လား. . . သူတို့ဟာ မိခင်စိတ်ကို ဘယ်တော့မှကိုယ်တိုင်ကိုယ်ကျ မခံစားကြရတဲ့အတွက်





ရက်စက်စရာရှိရင် မိန်းမတွေထက်ပိုရက်စက်တယ်. . . ကောက်ကျစ်စရာရှိရင်လဲ ထို့အတူပဲ . . သူတို့က အကြင်နာကိုခံယူရတဲ့လူတွေဖြစ်ပြီး ငါတို့မိန်းမတွေက အကြင်နာပေးရတဲ့အမျိုးအစားတွေပေါ့. . အခုဆိုငါ့မှာ သွေးသားရှိလာပြီ. . ဒီတော့ ငါ့ကလေးအတွက် အဖေနေရာမြဲဖို့ အဖေလို့ခေါ်ရမဲ့လူတစ်ယောက်ရှိဖို့ လိုကိုလိုအပ်တယ် ခင်. . . ဒါဟာငါတို့လူ့အဖွဲ့အစည်း က သတ်မှတ်ထားတဲ့ အဖေတန်ဖိုးပဲ. . အဲဒီတော့ယောက်ျားတစ် ယောက်ဟာ ဖအေတန်ဖိုးရှိသည်ဖြစ်စေ မရှိသည်ဖြစ်စေ ငါတို့က လေး ဖအေခေါ်ဖို့အတွက် သီးခံရမှာပဲ. . ."

"ဒါဆို မမအိမ်ထောင်ပြုလိုက်တာ . . . ငရဲပဲပေါ့. . ဘဝတစ်ခုလုံး ငရဲခန်းပဲပေါ့"

"လူဖြစ်လာကတည်းက ငရဲပါမဲ့ ခင်. . . လူတွေက မသိကြလို့ပါ. . . သိရက်နဲ့မေ့နေကြတာလဲ ဖြစ်ကောင်းဖြစ်လိမ့်မယ်"

"အမယ်လေး . . . မမ စကားတွေကြားရတာတာလဲ. . ."

"စိတ်မညစ်ပါနဲ့ ခင်. . . ငါကကာယကံရှင်နော်. . ဒါပေမဲ့ နေသားကျအောင်နေရမှာပါပဲ. . . ဘာမှထပ်လုပ်လို့မရတော့ဘူး"

"မေမေတို့သိလား"

"ဘာကိုလဲ"

"မမယောက်ျားဖောက်ပြန်နေတာလေ"

"ဟင့်အင်း ငါအသိမခံဘူး"



www.burmeseclassic.com

www.burmeseclassic.com



"တအိမ်ထဲနေပြီးတော့ မသိကြဘူးလား"

"သူရုပ်တာဘယ်သူလို့ နင်ထင်လို့လဲ"

"ဘယ်သူနဲ့လဲဟင်"

"အိမ်ဘေးတစ်ခြံကျော်က တစ်ခုလပ်တစ်ယောက်နဲ့"

"မြတ်စွာဘုရား"

"အဲဒါပဲ ခင်. . . နင်သဘောပေါက်ပြီလား . . တစ်ခုလပ်ဖြစ်သွားတော့ ယောက်ျားတွေကမလေးစားဘူး . . . အဲဒါကို ရေစုန်မျှောလိုက်တဲ့ တစ်ခုလပ်တွေကကြာတော့ ပျက်စီးကြတာပဲ။ အချိန်တန်ရင် သူဇာတ်သူသိမ်းပါ့လိမ့်မယ်"

"တော်ကြာမမကို ကွာပြီး ဟိုတစ်ယောက်ကို ယူလိုက် ရင်ကော"

"အမယ်လေး ခင်ရယ်. . . အဲသလိုမလုပ်မဲ့ ယောက်ျားမို့ ငါစိတ်ညစ်နေတာ. . . အခွင့်အရေးရတုန်း ရှုပ်တာခင်ရဲ့ . . သူငါ့ကိုသေမလောက်ချစ်တာ"

"အမယ်လေး ချစ်လို့ပဲတော်သေးတယ်"

"ဩော်. . . ဒါတော့ သူ့ဆာလောင်မှုကို တွေ့ရာထမင်း ဆိုင်မှာ ဝင်စားတဲ့ သဘောပါပဲ ခင်. . . နင်ရောကျောင်းမှာ ရည်းစားနဲ့ ဆို. . . အဆင်ပြေရဲ့လား. . ."

ခင်ဘယ်လိုပြန်ဖြေရမှန်းမသိချေ။ သို့သော် မမကိုတော့ အမှန်အတိုင်းပဲ ပြောပြဖြစ်သည်။





"ခင်လည်း ကိုယ့်ကိုအလိုလိုက်တယ်. . . သီးခံတယ် ရှေ့ဆောင်ရှေ့ရွက်လည်း ပြုနိုင်တယ်. . . အသက်လဲကြီးတော့ အမြော်အမြင်ရှိတယ်. . . ပြီးတော့ ခင်လဲသူ့ကိုသံယောဇဉ်ရှိသလို ပဲဆိုပြီး ကြိုက်လိုက်တာ. . ."

"နင်ကတော့လေ . . . လုပ်လိုက်ရင် ထင်ကြေးတွေနဲ့ချည်းပဲ"

"ခင်သူ့ဆွဲဆောင်အားထဲက ရုန်းလို့မရဘူး မမရဲ့ . . ဘယ်လိုခေါ်မလဲ. . . ဘာမှမဟုတ်ဘဲနဲ့ သူ့အနားမှာရှိရင် ကျေနပ်နေတာမျိုး"

မမက ရက်စက်စွာပင် ထောက်ချက်ချသည်။

"အဲဒါသာယာတာပဲ မိန်းကလေးတွေက အနုအရွသိပ်ကြိုက်တာ. . . ဘယ်လောက်ကြမ်းတမ်းတဲ့ မိန်းမဖြစ်ပစေ ပန်းလှလှလေးတွေရင် မပန်ဖြစ်ရင်တောင် ချစ်စရာလေးလို့စိတ်ထဲက တွေးသလိုပေါ့"

"အဲဒါနဲ့ ခင်နဲ့သူကြိုက်ပြီးတဲ့အခါကျတော့ သူ့ကိုကြောက်လာတယ်. . . ခင့်နားမှာ သူမရှိရင် ခင်သိပ်ပျော်တာပဲ. . ခင်သူ့ကို လက်တွဲဖြုတ်ဖို့ ကြိုးစားသေးတယ် . . မရဘူး . . အခုတော့ တစ်ခါထဲကို အိမ်ပြန်လာတာ"

"နင်ကျောင်းပြန်မတက်တော့ဘူးလား"

"ခင်သူ့ကို ကြောက်ပါတယ်ဆို"

"နင့်ဟာက ဖြတ်ထားတာမှ မဟုတ်တာ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမဲ့ ခင်အိမ်ပြန်လာရတာ သိပ်စိတ်ချမ်းသာတာပဲ။ ခင့်ကို ကြိုးကိုင်ခြိမ်းခြောက်မဲ့လူ မရှိဘူး"

"တော်ကြာဟိုက လိုက်လာရင်ဘယ်လိုလုပ်မလဲ"

"မသိဘူးလေ"

"ဟယ် . . . မရဘူးလေ . . အဲသလိုမျိုး . . . အမယ်လေး ခင် . . . ဖေဖေ့နားထဲ ရောက်သွားရင် နင်တော့မလွယ်ဘူး"

"မရောက်လောက်ပါဘူး"

"ပြောလို့မရဘူး . . . ကိုထင်အောင် မေမေ့ကိုအသိပေးသွားတာ . . . မေမေကဖေဖေ့ကို ပြန်ပြောမှာပဲ"

"အဲဒါဆိုဒုက္ခပါပဲ . . . ဖေဖေက တစ်ယောက်ဆိုတစ် ယောက်နဲ့ပဲ လက်ထပ်ဆိုတာမျိုးကြီး . . . ခင်ခဲတော့ဒုက္ခပဲ"

* * *

အိမ်ပြန်ရောက်ပြီး နှစ်ရက်အကြာမှာ သူဆီကဖုန်းလာ လေသည်။ ခင်ရန်ကုန်ပြန်မလာလျှင် သူသတ်သေတော့မည့် အကြောင်းလည်းပါသည်။ နောက်ပြီး သူအခုအရက်တွေအရမ်း သောက်နေတာ၊ ပြီးတော့ ခင့်စိတ်နဲ့သူအလုပ်မလုပ်တော့တာတွေလည်းပါသည်။



ခင့်စိတ်ကပျော့ချင်ချင်ရှိယ်။ သူအဲသလိုပြောတော့ တကယ်များ လုပ်တော့မလားပေါ့။ ပိုဆိုးတာက သူခင့်ဆီကိုလိုက်လာကာ ဖေဖေတို့နဲ့ ခင်တွေ့ခြင်းဖြစ်လေသည်။

ခင့်ကိုမေတ္တာရှိ၍ လက်ထပ်ချင်ပါကြောင်းလာရောက်တောင်း ဆိုသည်။

"ကဲ . . ဘယ်နှယ်လုပ်ကြမလဲ ခင်"

"စိတ်ညစ်တာပဲ . . . သေသာသေလိုက်ချင်တော့တယ် မမရယ်"

"ငါပြောသားပဲ နင်ကမြွေပွေးကိုတုတ်နဲ့သွားထိုးတာကိုး"

သူရန်ကုန်ကို ပြန်ဆင်းသွားပြီးသည့်နေ့မှာ ဖေဖေက ခင့်တို့ခေါ်ပြောသည်။

"သူ့အလုပ်အကိုင်နဲ့ သမီးလက်ထပ်ဖို့ သင့်လျော်တဲ့ဝင်ငွေ ဆင်းရှိတယ် . . . သမီးနဲ့သူလည်း မေတ္တာမျှပြီးသားပဲ . . ဒီတော့ အောင်းပြီးရင်တော့ လက်ထပ်ကြပေါ့"

ခင်တော့အခုမှ အသေချည်ခံလိုက်ရတာဖြစ်သည်။ မမ အဖြစ်ကိုလည်း အခုမှပိုကိုယ်ချင်းစာသည်။ မိဘစကားနားထောင်သော ခင်တို့ရဲ့အစဉ်အလာသည် ခင်တို့ရဲ့ကိုယ်ပိုင်ဆုံးဖြတ်ခွင့်များကို ထောက်ဆုံးစေခဲ့ပြီးပြီတကား။

ခင်ဘာမှမတတ်နိုင်တော့။ ခင်သည် ကံကြမ္မာစေရာသို့ သွားတော့မည့်သူလို လူကအားအင်ကုန်ခန်းလျက်ရှိသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၆)

သူရန်ကုန်ပြန်ဆင်းသွားပြီးနောက် ခင့်ဆီကိုသူ့အစ်မက သံကြိုးလာသည်။

"ကိုလတ် လူရိုက်မှုနှင့်အချုပ်ထဲရောက်နေ. . . ."

"ဒါအသိပေးတာပဲဖြစ်မှာပါ မေမေ"

"အို. . . သမီးလိုက်ခဲ့စေချင်လို့လားမှ မသိတာ. . ."

"ဟင့်အင်း . . . မသွားချင်ပါဘူး"

"သွားလိုက်ပါ သမီးရယ်. . ဒါလူမှုရေးပဲ"

"ဒါဆို မေမေပါလိုက်ခဲ့"

"ခင် . . . နေရာတဲ့ကာ ကလေးမဆန်နဲ့. . . ကဲ မေမေ လိုက်မယ် အခြေအနေကြည့်ပြီး . . . ပြန်လာကြမယ်"





မေမေနဲ့ခင်ရန်ကုန်ဆင်းလာပြီး အဒေါ်တွေဆီမှာနေသည်။ ကိုလတ်အစ်မဆီ ရန်ကုန်ရောက်ပြီး နေ့လည်မှသွားသည်။

"ဆိုင်မှာမူးပြီးရမ်းကြတဲ့ ကောင်လေးတွေနဲ့ဖြစ်တာ. . ကိုလတ်က ဒေါသကြီးတယ်. . . ဆွဲလည်းမရဘူး . . ဘာတွေဆက်ဖြစ်ဦးမလဲ မသိပါဘူး"

အချုပ်ခန်းကို ခင်လိုက်သွားတွေ့တော့ ပိန်ကျသွားတဲ့ သူ့ဆီကနေ တောင်းပန်ရိပ်စွန်းသော စကားများကြားရသည်။

"ကိုယ့်ကိုမခွဲသွားပါနဲ့ ခင်ရယ်"

အချုပ်ခန်းတိုင်များကိုဖြတ်၍ ခင့်ကိုငေးကြည့်နေသော သူ့မျက်ဝန်းတွေဆီမှာ နောင်တတွေများရှိနေလား။ ခင်မသိ။ ခင်သိသည်က သူနဲ့ခင်လမ်းခွဲချင်ပြီ။

ရွှေဆက်လက်တွဲလျှင် သူလုပ်ရပ်တွေကြောင့် ခင်ပါးမါးကလေးပဲ အုန်စောမည်။ သို့သော် မေမေကခင့်အတွင်းစိတ်ကို မသိဘဲ အင်မတန်ဟန်ဆောင်ကောင်းသော သူ့စကားလုံးများကို သနားကာ "မေမေတို့ ချက်ချင်းကြီးပြန်ဖို့ မသင့်တော်ဘူး"ဟုဆိုသည်။ ဒီလိုနဲ့ တစ်ပတ်ခန့်ကြာသွားသည်။

တစ်ပတ်ပြည့်တော့ သူလွတ်လာသည်။ လွတ်လာတဲ့နေ့က ခင်နဲ့အေးအေးဆေးဆေး စကားပြောချင်လို့ဆိုကာ သူ့သူငယ်ချင်း တစ်ယောက်အိမ်ကို ခေါ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုကို့ အိမ်မှာပြောလည်းရတာပဲဟာ"

"ကိုယ်ခင်နဲ့ နှစ်ယောက်တည်း လွတ်လွတ်လပ်လပ်နေ ချင်တယ်"

"ဟင့်အင်း ခင်မလိုက်ချင်ဘူး"

နောက်ဆုံးတော့ ကြောင်တောင်တောင်နဲ့ သူဘာပြောမလဲ စောင့်ရင်း လိုက်သွားရတဲ့ ကျောက်ရုပ်ပါပဲ။

"ကိုကို"

ပန်းပင်များကို ပြတင်းပေါက်ကနေ အပြင်ကိုငေးနေသော သူသည် ခင့်ခေါ်သံကြားမှ သတိဝင်လာသလို ဖြစ်လာသည်။

"ဘာလဲ ခင်"

"ကိုကို ပြောစရာရှိလို့ဆို . . . ပြောလေ"

"ခင် . . . ကိုယ်တို့လက်ထပ်ကြရအောင်"

ခင်က သူ့လက်ကနေလွတ်အောင် ဘယ်လိုပြေးရမလဲ စဉ်းစားနေတာ။ သူအဲသလိုပြောတော့ ခင်စိတ်ပိုညစ်သွားသည်။

"ကိုကိုကလည်း ခင့်အသက်ခုမှ နှစ်ဆယ်ပဲရှိသေးတာ"

"ဘာဖြစ်လို့လဲ ခင် . . . ကိုယ့်ကိုမချစ်လို့လား"

အမှန်ကတော့ သူ့ကိုခင်ချစ်ကိုမချစ်တာ။ သို့သော် မချစ်ဘူးဟု ပြောလိုက်လျှင် ခင့်ကိုသူသူစိမ်းလူမရှိတဲ့ ဒီအခန်းထဲ မှာ ကိုင်မပေါက်ဘူးလို့ ဘယ်သူပြောနိုင်မလဲ။

"ခင် . . . ကိုယ်မေးနေတယ်လေ"



ခင်ခေါင်းတစ်ချက်ကုတ်လိုက်သည်။

"မသိဘူး"

"ဘာကိုမသိတာလဲ ခင်"

"ကိုကိုကလည်း ခင့်အသက်ငယ်ငယ်လေးရှိသေးတာ၊ ခင်မှ ယောက်ျားမယူချင်သေးဘဲ"

"ဒါပေမဲ့ ခင့်ကို ကိုယ်မှစိတ်မချတာ"

"ခင် . . . ဘာမှမလုပ်ပါဘူး"

"မဟုတ်ပါဘူး"

"ဟုတ်ပါတယ် ခင် . . . ခင်ကိုယ့်ကို စိတ်ပျက်နေပြီမို့လား"

သူကခင့်ပုခုံးပေါ် လက်လာတင်သည်။ ပြီးတော့ ခင့်လက်မောင်းကို ညင်သာစွာကိုင်တွယ်ရာ ခင့်မှာကြက်သီးတွေ ထလာသည်။

"ကိုကို . . . ခင်မကြိုက်ဘူး . . . ဖယ်ပါ"

"ခင်က ကိုယ့်ချစ်သူပဲ"

"ဒါပေမဲ့ ခင်နဲ့ကိုကိုက လက်မှမထပ်ရသေးဘဲနဲ့"

"ဒါကြောင့် လက်ထပ်တော့မယ်လို့ ပြောတာပေါ့"

"ဟင့်အင်း . . . . ဟင့်အင်း"

"မငြင်းပါနဲ့ ခင်ရယ် . . . ကိုယ်ခင့်ကို ဆုံးရှုံးမခံနိုင်လို့ပါ"

ခင်ကငို၊ သူကချော့ ဒီလိုနဲ့ခင်သည် တစ်ခါမှအိပ်မက်ပင် မမက်ဖူးသော အတွေ့ကြုံဆန်းထဲ သာယာမိသွားသည်။ သို့သော် နားထဲမှာ

www.burmeseclassic.com

www.burmeseclassic.com



မမရဲ့အသံကိုတော့ ကြားမိသေးသည်။

"မိန်းမတွေဆီက သူတို့လိုချင်တာ သူတို့ဆာလောင်မှုကို အစာကျွေးဖို့က ပထမဆင့်ပဲ" ခင်သည် ကိုယ့်အဖြစ်ကို လှောင်အိမ်ထဲမှာ တစ်စစီကိုက်ဖွဲ့အစားခံလိုက်ရသော အသားတစ် တစ်ခုနဲ့ဆင်တူစွာ ခံစားမိသည်။

"ကိုယ် ခင့်ကိုတသက်လုံး ကြင်နာမှာပါ. . ."

"ဟင့်အင်း"

ခင်သည် အမြဲတမ်းသူ့ကို ကြောက်လန့်နေသူဖြစ်ရကား "ဟင့်အင်း"လုပ်ကောင်းတုန်း . . . သို့သော် ခင့်ကိုယ်ခင် သတိဝင်လာသည့်အချိန်မှာ သူခင့်ဘေးမှာ သူ့နှုတ်ခမ်းများသည် အောင်သေအောင်သားစားရသူလိုမင် ပြုံးရွှင်လျှက်။ အဲဒီတော့မှ ခင်လည်းကိုယ့်ကိုကိုယ် နောင်တအကြီးအကျယ်ရလေသည်။ ခင်သူ့မျက်နှာကို ကြည့်ရာမှ ရှက်လာသဖြင့် မျက်နှာလွှဲလိုက်သည်။

ထို့နောက်အိမ်ပြန်လာဖြစ်ကြသည်။ ရေချိုးခန်းထဲဝင်ကာ ရေတဝုန်းဝုန်းလောင်းချိုးလိုက်သည်။ ရေစက်တွေနဲ့ အတူပါးပေါ်မှာတော့ ခင့်မျက်ရည်ပူပူနွေးနွေးတွေ။ ခင်သည်ရှိက်ကြီးတငင် အားပါးတရ ငိုကြွေးပစ်လိုက်သည်။ ကိုယ်ခန္ဓာကိုယ်ပေါ်မှာ ကိုလတ်ရဲ့အနမ်းတွေ ခြေရာချင်းထပ်နေတာကိုလည်း ရေချိုး၍ ပျောက်သွားမည် အထင်နဲ့ ချိုးနေလိုက်သည်။ ဒါမသိလို့မှားခဲ့တာ မဟုတ်။ ခင်သိသိကြီးနဲ့ငြိမ်နေခဲ့တာ



အဲဒီအတွေ့အထိဆိုတာ ဘယ်လောက်များ ဖြားယောင်းတတ်တယ်ဆိုတာ ကိုယ်တွေ့ကြုံဖူးလေပြီ။ တစ်ဘဝလုံးလည်း ညစ်နွမ်းသွားပြီလေ။ ရေနဲ့မကလို့ ဘာနဲ့ဆေးဆေးမပြောင်တော့။ ခင်တော့ ဒီတသက်သန့်စင်တဲ့ မိန်းမတစ်ယောက်မဟုတ်တော့။ ခင့်ကိုယ်မှာ သူစိမ်းတစ်ယောက်ရဲ့ လက်ငွေ့ရာတွေမှအပြည့်။ ခင့်ကိုယ်ခင်ရွံရှာကာ စိတ်ပျက်မိသေးသည်။

မျက်ဝန်းထဲမှာ အာကာ့ကို ပြေးမြင်သည်။

ဒီတသက် ငါဟာ နင်မဟုတ်တဲ့ လူတစ်ယောက်နဲ့. . .။

ခင်ဆက်မတွေး။ ငါဟာမသန့်စင်တော့ဘူး အာကာ။

ငါဟာ နင့်ကိုလွမ်းဆွတ်ငေးကြည့်ခွင့်တောင် သေဆုံးသွား ခဲ့ပြီ။

ငါဟာ ငါ့ကိုယ်ငါ ဖြားယောင်းမှုထဲမှာ ကျဆုံးခံလိုက်ရပြီ။

* * *

"ကိုယ်က မင်းကိုလက်ထပ်မယ်လို့ဆုံးဖြတ်ချက်ချပြီးခေါ်သွားခဲ့တာ။ ဒါအပြစ်မရှိဘူး . . . ပြီးတော့ကိုယ်တို့ချစ်သူတွေပဲ"

သူက အဲသလိုဖြောင့်ချက်ပေးသည်။

"ဘယ်ရောက်နေတာလဲဆိုတာ မေးဖို့မလိုတော့ဘူး။ တဲ လက်ထပ်ဖို့သာလုပ်တော့"

အမြဲတမ်းရှောင်ခဲ့လျက် တိမ်းရှောင်ရသည့်အရာကိုပဲ နောက်ပြန်

www.burmeseclassic.com

www.burmeseclassic.com



သွားနေရတာ. . . ခင့်ရဲ့ ဝဋ်ကြွေးဖြစ်ပါလိမ့်မည်။

"ခင်လက်မထပ်ချင်ဘူး ကိုကို"

"ဘယ်ဖြစ်မလဲ"

"မငိုပါနဲ့ကွာ"

မွေ့ရာတွေ၊ ခေါင်းအုံးတွေ၊ ခန်းဝင်ပစ္စည်းတွေ အမြန်ဝယ် ဖိတ်စာ အမြန်ရိုက်ကာ ခင့်ကိုသူ့ဘဝထဲမှာ ကြိုးချည်ထားဖို့ သူလုံးပန်းလေသည်။

"ခင်လုံးဝလက်မထပ်ချင်ဘူး"

"ဒါပေမဲ့ ခင်ကအရင် ခင်မဟုတ်တော့ဘူး . . . လက်မထပ်ဘဲနေတော့ ခင်ပဲနစ်နာမှာပေါ့"

"ကိုကို့ကြောင့်"

သူကရယ်သည်။ ဒီလိုနဲ့ခင်သည် မင်္ဂလာပွဲမှာ မျက်လုံးများ နီရဲနေအောင်ငိုထားသော သတို့သမီးဖြစ်ရလေသည်။

သတို့သမီးဆိုတာ ပြုံးနေရသတဲ့။ ခင့်မှာတော့မပြုံးနိုင်။

ငါတော့သွားပြီ။ တသက်လုံးသူ့လက်က မလွတ်တော့ဘူး။

သူချုပ်ချယ်သမျှခံရတော့မယ်ဟု ဝမ်းနဲပက်လက်တွေးမိလေ မျက်ရည်များကကျလေပင်။ ရုတ်တရက်ကောက်ခါငင်ခါ လက်ထပ်လိုက်သော မင်္ဂလာညြဲ့ခံပွဲကို အာကာလည်းရောက်မလာခဲ့ပါ။

ခင်သည် ခင့်ကိုယ်ခင် နုနယ်ပျော့ရွှင်သော ကောင်မလေး





အဖြစ်မှ ကြောက်စရာကောင်းသော အမှောင်ထုထဲတိုးဝင်ရသလို မင်္ဂလာပွဲမှာ ခံစားရလေသည်။

"ခင်ဟာ ဒီနေ့ကစပြီး မေမေတို့နဲ့ ဆိုင်ရုံပဲဆိုင်တယ်။ ခင့်ကို မေမေတို့မပိုင်တော့ဘူး . . . ပြီးတော့ခင်ဟာ အခုဆို အိမ်ထောင်သည် ဖြစ်သွားပြီ။ အရင်လိုကလေးမဆန်ရဘူး . . အ ရာရာကို ရင့်ကျက်မှုနဲ့ ကြည့်ရမယ်. . . ထစ်ခနဲရှိစိတ်မကောက် ရဘူး . . . မငိုရဘူး . . . မိန်းမ ပီပီသသနဲ့ စီးတဲ့ရေဆည်တဲ့ ကန်သင်းဆိုတာမျိုးပဲ ဖြစ်ရမယ်. . ."

ခင်သည် ကိုယ့်ကိုကိုယ်ချောက်ထဲကျပြီဟု ယူဆထားသည့်အတိုင်း လူတွေဆုံးမသမျှကို နားထောင်နေရုံအပြင်ဘာမှ ပြန်မပြော။

"ခင် . . . နင့်ကိုငါ အိမ်ထောင်ရေးအကြောင်းတွေ သေချာပြောပြလိုက်တာ ငါ့အပြစ်များဖြစ်သွားပြီလား ခင်. ."

ရုတ်တရက် လက်ထပ်လိုက်သော ခင့်ကိုမမက သူ့အပြစ်ကင်းရဲ့လားဟု မေးသည်။

"ငါဘာလို့ လက်ထပ်လိုက်သလဲဆိုရင်. . . သေချာတာလက်မထပ်လို့မရတော့လို့ပဲ. . . ဘာကြောင့်လဲလို့ ငါ့ကိုမမေးနဲ့"

မမက ခင့်ပုခုံးကလေးကိုဖက်ပွေ့ကာ

"ငါ့ညီမ ကံကောင်းပါစေ" ဟုဆိုသည်။ ခင်တဘော့ ခင်ကံမကောင်းမှန်း ခင့်ဟာခင်သိပြီးသားပင်။ ရှေ့ဆက်ကြုံရမည့်အနေသည် ခင့်ကို ဆူးတွေ၊ ဝန်တိုမှုတွေ၊ ပိတ်ပင်တားဆီးမှုတွေဖြင့် ပြည့်နေမှာ

www.burmeseclassic.com



ခင်သိနေပြီးသားပဲ။

ကံသိပ်ဆိုးလျှင် ခင်လဲဒူးနဲ့မျက်ရည်သုတ်ချင် သုတ်နေရမှာ . . . လက်ထပ်ပွဲမှာ ငိုရတဲ့သတို့သမီးအဖြစ် သက်သေဖြစ်သည်။ သူကတော့ ပျော်လို့။ ခင်သည်သူ့ကို နာကျည်းခြင်းနှင့်အတူ ကိုယ့်ကိုကိုယ် စိတ်ပျက်ခြင်းကိုပါ တစ်ပြိုင်တည်းမွေးဖွား သန့်စင်မိလေသည်။

* * *





## "မှန်အိမ်ကြည်ရဲ့မီးစာ"

အချစ်ဆိုတဲ့အရာကို တအံ့တသြလှပဆန်းကြယ်ဖြိုး နူးညံ့လိမ့်မည်ဟု အချစ်ကိုမကြုံတွေ့ခင်က မိန်းကလေးများစိတ်ကူးယဉ်တတ်ကြပါသည်။ သို့သော် လူတစ်ယောက်ရဲ့ သက်တမ်းက ပျှမ်းမျှခြောက်ဆယ်။

ကလေးဘဝက ဆယ်နှစ်၊ ကျောင်းတက်ဘွဲ့ယူသည့်နှစ်က ဆယ်နှစ်မှနှစ်နှစ်ဆယ် တရားရှာတာက အသက်လေးဆယ်နောက်ပိုင်းဆိုတော့ နှစ်နှစ်ဆယ်၊ ပေါင်းနှစ်လေးဆယ်ကို ပျှမ်းမျှသက်တမ်းထဲက နုတ်လိုက်လျှင် နှစ်နှစ်ဆယ်သာလျှင် အိမ်ထောင်ရေးဘဝ ဖြစ်နိုင်ပေသည်။

အချစ်ကိုစိတ်ကူးယဉ်သည့် ဆယ်ကျော်သက်သည် ရှိလှမှ လေးငါးနှစ်ပေါ့။ ခင်လည်းအချစ်ကို စိတ်ကူးယဉ်ဖူးတာပဲ။ သို့သော် ခင့်မှန်အိမ်ကြည်လေးမှာ မီးစာမရှိဘဲ ခင်ကသာ သူများမှန် အိမ်ကြည်အတွက် မီးစာဖြစ်သွားရလေသည်။ ခင့်အဖြစ်အပျက်တွင် မိန်းမတို့သဘာဝအရ မှီခိုလွန်းခြင်း၊ အထင်ကြီးတတ်ခြင်းနှင့် ယုံလွယ်ခြင်းတို့သာ မရှိလျှင်ခင်သည် ခင်မချစ်သော လူတစ် ယောက်နဲ့ လက်ထပ်ဖြစ်မှာမဟုတ်။ အဲဒါသိပ်ကို သေချာပါသည်။ ခုတော့ ခင်ဘာတတ်နိုင်သေးလဲ။

သူ့ရင်ခွင်ထဲမှာ သေတဲ့အထိ . . . .။

ခင်တွေးရင်း မွန်းကြပ်လာလေသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



ဖြသနာက ခင်တို့အိမ်ခွဲမနေရခြင်းဖြစ်သည်။ သူ့အစ်မက ကိုလတ်ကို. . . .

"နင်မရှိလို့ မဖြစ်သေးဘူး"

ဆိုကာ အိမ်ခွဲနေခွင့်မပေး။ အိမ်မှာတုန်းက လက်မွေးမီး မလောင် ခြေမွေးမီးမလောင်နေရသော ခင်သည် သူနဲ့ညားမှ ပန်းကန်တွေဆေး အိုးတွေတိုက်ရလေသည်။

"ကိုယ်ကျောင်းထွက်လိုက်ပြီ. . . ခင်ပဲဂုဏ်ထူးတန်း ဆက်တက်တော့"

"ကိုကို"

"ပြောလေ"

"တကယ်လို့ ခင်ကွာလီဖိုင်းဝင်ရင် မာစတာဆက်တက်ရမှာလား"

"အင်း"

"ကတိလား"

"အင်း"

ခင်ကတက္ကသိုလ်မှာ ဆရာမလုပ်ဖို့ကို စိတ်ဝင်စားသူဖြစ်သည်။ အိမ်ထောင်ကျသွားပြီးနောက် ခင့်ဘဝမှာ အသိဉာဏ်တိုး မတိုးတော့မသိ။ သည်းခံစိတ်တော့ တိုးလာလေသည်။ ကိုယ်စားပြီး သားပန်းကန်တွေ ကိုယ့်ဟာကိုယ်ဆေးရတာအကြောင်းမဟုတ်။ သူများစားပြီးသားတွေတော့





မဆေးနိုင်။ ပြီးတော့ စောင်းတာ မြောင်းတာလည်း ခံရသေးသည်။

"ကိုလတ်က တစ်အိမ်လုံးမှာ ခေါင်ချုပ်ပဲ. . . ကိုလတ် မိန်းမယူတော့ သူ့မိန်းမကလည်း သူ့လိုခေါင်ချုပ်လာမလုပ်နဲ့။ သူ့ဟာသူ သူ့အိမ်မှာ ဘယ်လိုနေနေတို့အိမ်မှာတော့ ဝိုင်းလုပ်ဝိုင်းစားပဲ. . . မလုပ်ချင့်ရင်နေပေါ့. . . ထမင်းမစားနဲ့"

ခင်ကြားခါစကဆို နားကိုပိတ်ထားမိသည်။ ခင့်အိမ်မှာ ခင့်ကို အဲသလိုပြောမဲ့လူမှ မရှိတာ။ ခင်ဘာလုပ်လုပ် ကြည်ဖြူသည်။

ညအိပ်ချိန်ရောက်လို့. . . .

"ကိုကို့ အစ်မကတစ်မျိုးပဲနော်" ဟု စကားစရုံရှိသေး

"မင်းက အငယ်ပဲသည်းခံရမယ်. . . ငါတို့မောင်နှမတွေကြား ထဲမှာ သပ်မထိုးနဲ့ ဟုအော်ဟောက်တတ်သည်။ ခင်မျက်ရည် ကျချင်သော်လည်း အံကြိတ်သည်းခံတတ်လာခဲ့သည်။ မနက်ဗိုင်း ကျောင်းသွားဖို့ အလှပြင်လျှင် စိတ်လိုလက်ရရှိရင်တော့ သူကိုယ်တိုင် အဝတ်အစားရွေးပေးတတ်သည်။

"ခင်က အသားဖြူတော့ နုတ်ခမ်းပနီးရောင်လေးဆိုး. . လာ. . . ကိုကိုဆိုးပေးမယ်. . . ခင့်နှုတ်ခမ်းကိုလှပ ပုံကျအောင်ဆိုး ပေးပြီး. . . .

"ကိုယ့်မိန်းမက အအိုသာဆိုတယ်. . . အပျိုရုံးတယ်"

ဟု ပြောက်တတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



အိမ်ထောင်ကျမှ သိလာသောအရာများမှာ ပြဿနာတို့ တစ်ယောက်ရင်ဆိုင်တာနဲ့ နှစ်ယောက်အတူရင်ဆိုင်တာ၊ နောက်ပြီး ကိုယ့်ဆန္ဒကိုရှေ့တန်းတင်ဖို့ထက် သူ့ဆန္ဒကိုထည့် သွင်းစဉ်းစားပေးဖို့ ဖြစ်လေသည်။

"ခင့်ဆံပင်တွေ အနားကဖွာနေပြီ. . . သွားညှပ်ဦး"

"ခင်အင်္ကျီအသစ်ချုပ်လေ"

"ခင်ဖိနပ်ပုံဆန်းတွေ ဝယ်ချင်သေးလား"

တစ်ခါတစ်ခါတော့ သူစိတ်ကောင်းဝင်လျှင် အင်မတန်ကြင်နာသည်။

"ကိုကို့ ကိုချစ်လားခင်"

"အင်း"

အိပ်ရာဝင်တိုင်း အမြဲမေးတတ်လေသည်။

ခင့်ကိုသူရင်ခွင်ထဲမှာ ပွေ့ထားပြီး နဖူးကိုခပ်ဖွဖွနမ်းကာ

"ကိုကို ခင့်ကိုသိပ်ချစ်တယ် သိလား"

ဟု ရေရွတ်တတ်သေးသည်။

တစ်ခါကများ ညနေဘက် ဘတ်စ်ကားနောက်ကျ၍ အိမ်ပြန်မှောင်သွားရာ ဆိုင်ရှေ့ကောင်တာကနေ ခင့်ကို လူတွေရှေ့မှာ မညှာမတာ အော်ဟစ်လေသည်။

"မင်းဘယ်လင်နဲ့ ချိန်းတွေ့နေတာလဲ"





"ကိုကို ခင်ကားမရလို့ပါ"

"ဟုတ်ရဲ့လားကွာ . ... ဒီမှာ ညနေငါးနာရီခွဲနေပြီ"

"ဘုရားစူးပါရဲ့ ကိုကို"

ညဘက်အိပ်ရာထဲရောက်တော့ . . . .

"စိတ်မဆိုးပါနဲ့ ခင်ရာ. . . ကိုကိုစိတ်ပူလို့ပါ"

"ကိုကိုစိတ်ပူတာကလည်း လူတွေကြားထဲမှာအော်ရလား"

"ဟ . . . ခါတိုင်းညနေလေးနာရီဆို ပြန်ရောက်နေကျ။ အခုငါးနာရီခွဲမှ ပြန်ရောက်တော့ပူရတာပေါ့။ ဘယ်သူများ ကားတင်ခဲ့မလဲ. . . လမ်းမှာတစ်ခုခုများ ဖြစ်သလားလို့"

"စိတ်ပူတတ်ရန်ကော ကိုကိုရယ်"

"ပူရတယ် ခင်. . . ကိုယ်ကချစ်တာကိုး"

* * *

တစ်ခုသောနံနက်ခင်းတွင် ခင် ဘေစင်မှာ ရေတွေချည်း ထိုးအန်လေသည်။

" ခင် . . . ဘာဖြစ်တာလဲ "

" မသိဘူး ကိုကို အခုတလော အစားအသောက်လည်း ပျက်တယ်ပြီးတော့ နေ့လို့မကောင်းဘူး "



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းကပြန်လာတာနဲ့ အိပ်ရာထဲလှဲတော့ သူ့အစ်မ သိကနေ..

"မိန်းမကန့်နေတာ . . . လင်ယူပြီးရင် ကလေးရမှာပဲ . . . ဒါများအထူးအဆန်းလုပ်လို့ လင်လုပ်တဲ့သူကလည်းပြာနေတာပဲ" ဟု ရွဲ့လေသည်။

နေရတာစိတ်အင်မတန်ကျဉ်းကျပ်သည်။မီးဖိုချောင်က တစ်ခုတည်း။ အိုးခွဲစားပေမဲ့ ကိုယ်ချက်တဲ့ဟင်း သူတို့နှိုက်စားလျှင် အသံမကြားရ။ သူတို့ဟင်းကိုလတ်ယူစားလျှင် "စည်းကမ်းကိုမရှိဘူး" ဟုမြည်တွန်သည်။ အဲဒါတွေ ကိုလတ် မရှိချိန်မှာပြောတာမို့ ပိုဆိုးသည်။ ညဘက်ဆို ခင်က ဘုရားမှာ ဘုရားရှိခိုးချိန် သူတို့က တီဗွီဖွင့်ကြည့်ကြသည်။ ကိုလတ်ညီ အငယ်ကောင်ကလည်း ဘာမှန်းမသိ။

"အစ်ကို သူစိမ်းတစ်ယောက်လာနေတာ မကြိုက်ပါဘူး ကွာ..ပြီးတော့အစ်ကို သူ့မိန်းမ အကျီတွေတောင်လျှော်ပေးတာ ငါ့မျက်စိထဲ ကန့်လန့်ပဲ"

သူ့သူငယ်ချင်းကောင်လေးတွေ အိမ်လာလည်တုန်း ခင့်အကြောင်းတွေ အတင်းတုတ်လေသည်။ ဒါတောင် ခင် သူတို့ကို ရန်ဘယ်တော့မှမစ။ ခင် ကအမြဲတမ်းစကားချိုချိုသာသာပြောပြီး နေခဲ့ရသူမို့ သူတို့မောင်နှမတွေ သတ်ကြတုန်းကဆို အံ့ဩလို့မဆုံး။

**အစ်မ** ပိုက်ဆံအိတ်ထဲက အငယ်ကောင်က ပိုက်ဆံနှိုက်လို့ရန်ဖြစ်





သာ တစ်အိမ်လုံး ဝုန်းဒိုင်းကြဲ။ မျိုးမကောင်းအကျင့်ယုတ်သေနာ တ်စတာတွေ ပြောဆိုပြီး တစ်မအေတည်းမွေးထားသူမှန်းတောင် ထင်ရတော့။ အဲ . . . ကိုလတ်ရဲ့ မိဘတွေအကြောင်းဒီနေရာမှာ ချန်ထားလို့မရ။ မအေရော ဖအေပါ အသက်ကြီးသော်လည်း စိပစပ်များလှသည်။ အဘွားကြီး ကပိုဆိုးသည်။

"ကိုကို. . . ခင်ကိုယ်ဝန်နှစ်လရှိနေပြီ"

ဦးတိတ်စွာ ပြောပေမယ့် သူက ခင်ကို အားရဝမ်းသာပွေ့ချီလေသည်။

"တကယ်လား ခင် တကယ်လား"

"အင်းနောက်နေတာမှ မဟုတ်တာ . . HCG သွားစစ်ပြီး ရာဝန်နဲ့တစ်ခါတည်းအပ်ခဲ့တယ်"

"ခင် ဘာလေးလိုချင်သလဲ"

င်တစ်ခါမှ မစဉ်းစားခဲ့ဘူးချေ။ အိမ်ထောင်သက်တစ်နှစ် မပြည့် ခင်မှာ ကလေးရတာမို့ စိတ်ထဲမှာ သိပ်လေးလေးနက်နက်မရှိ။

"ဘာပဲဖြစ်ဖြစ် သားသမီးပဲမဟုတ်လား"

တာ မိန်းကလေးမွေးထားသောကြောင့် သူ့ယောကျ်ားကသိပ် မချစ်တာ သတိရသည်။ သားသမီးပဲ။သူ့ကံနဲ့သူရလာတာ။

"အင်း ဘာပဲဖြစ်ဖြစ် ချစ်စရာတစ်ယောက်တိုးလာပြီ"

တိုင်း ခင့်ဗိုက်ကိုနမ်းကို နမ်းပြီးမှ သူအိပ်ရာထလေသည်။ သိုလည်း ခင့်ဗိုက်ကိုနားနဲ့ကပ်ပြီး နားထောင်ကြည့်ရတာ မော။

www.burmeseclassic.com



" ခင်နဲ့တူရင် ကလေးကချောမှာကွ . . . အရုပ်အမောင်းကိုယ်နဲ့တူရင်ထွားမယ်"

ခင် ကိုယ်ဝန်ငါးလ ရှိချိန်မှာ ကိုလတ်အစ်မ အိမ်ထောင်ပြုလေသည်။သားကြီး သမီးကြီးများရှိသော မဆိုးဖိုတစ်ယောက်နဲ့ဖြစ်သည်။ ကိုလတ်က သူ့အစ်မကို နှမြောသည်။

" အင်း . . . အချိန်တန်လို့ပေါ့ကွာ " ဟုနောက်ဆုံးဖြေသိမ့်သည်။ ကိုလတ်အစ်မက ခင်တို့တုန်းက အိမ်မခွဲဘဲနဲ့ သူ့အလှည့်ကျတော့ သူ့ယောက်ျားနောက် ကောက်ကောက်ပါသွားသည်။

အိမ်တာဝန်သည် ကိုလတ်နဲ့ ခင်အပေါ် လုံးလုံးကျပြီဖြစ်သည်။ ကိုယ်ဝန်တစ်ဖက်နဲ့ ကိုလတ်က သနား၍ အိမ်ဖော်ခေါ်ပေးသည်။ အိမ်ဖော်ကလည်း သွက်လိုက်တာမှ ချာချာလည်။

ကိုလတ်ကိုတော့ အော်ငေါက်လွန်း၍ ကြောက်သည်။မကြောက်တာက အငယ်ကောင် ။ နောက်ဆုံးတော့ အိမ်ဖော်မကို အငယ်ကောင်ခိုးပြေးပါလေတော့သည်။

အိမ်မှာ သူ့မိဘတွေရယ်၊ ခင်နဲ့ သူရယ် ဒါပဲကျန်ခဲ့တော့သည်။

" ကိုယ်ဝန်က လရင့်နေပြီ ဆီးစပ်တွေက တအားကိုက်တယ် ကိုကို ကလေးက အထဲမှာ တအားတိုးနေတယ်။

လင်မယားနှစ်ယောက် အသံလည်း ကျယ်ကျယ်မထွက်ရဲ။ကျယ်ရင် သူ့မိဘတွေနိုးသွားမှာစိုးသည်။





" ကိုကို ဘာလုပ်ပေးရမလဲ ခင် "

"ဆွဲခြင်းအကြီးတစ်လုံးထဲမှာကလေးအနှီး၊ ဓါတ်ဗူး၊နောက် ဆေးတို့ပတ် ဆေးခန်းစာအုပ် အကုန်ထည့်ထားပေးပါ ကိုကို အကျီနဲ့လုံချည် ဆေးငါးထည်လည်းထည့်ပေးပါ။ ကြည့်ရတာ အလွန်းဆုံး မနက်လောက်ပဲ"

" ဒါဆို အခုဆေးရုံ သွားတော့မလား"

" ခဏလေးစောင့်ကြည့်မယ် ကိုကို "

ခဏလေးသာပြောရတာ။ တကယ်တမ်းမှာ ချွေးသီးချွေးပေါက်တွေကျပြီး ဒိတ်နာတဲ့ဒဏ်ခံရတာ အကြာကြီးလို့ထင်ရသည်။ မေ့မေ့ ကို အပြင်းထန်ဆုံး သတိရသည်။ သို့သော်အကြောင်းမကြားထား သဖြင့် မေမေလာမှာမဟုတ်။

" ကိုကို အရမ်းနာနေတယ် "

" ဘယ်နေရာကလဲဟင် "

ချက်အောက်ပိုင်းတစ်ခုလုံးတင်းခံနေပြီး အထဲက ကလေးက လောကထဲ ထွက်ချိန်ကျ၍ တိုးနေလေပြီ။ ၈

" ကိုကို ကားထုတ်လိုက်မယ် ခင် ဒီအတိုင်းဆို မဖြစ်ဘူး"

အားမောင်းရင်း ခင့်ကို လက်တစ်ဖက်နဲ့ သူဖက်ထားလေသည်။

" ခင်အားတင်းထားနော် "

" နာလိုက်တာ ကိုကို . . . ကျွတ် . . . ကျွတ် . . . ခါးကြောသည်းကိုက်တယ် "



www.burmeseclassic.com

www.burmeseclassic.com



နာကျင်မှုဝေဒနာက တဖြည်းဖြည်းသိပ်သည်းလာသည်။ နောက်တော့ ခင် မေ့မျောသွားသည်။

"ခင် . . . သားလေးတဲ့"

သူ့မျက်နှာသည် ခင့်ကိုစပိုးတုန်းကကဲ့သို့ပင် ကြည်လင်နေသည် ခင့်နဖူးကချွေးတွေကို သုတ်ပေးပြီးဒဏ်ရာကို. . . .

"နာလား" ဟုမေးသည်။

"နာတာပေါ့ ကိုကို. . . ဒါနဲ့ ကလေးရော်ဟင်"

"နှစ်ခေါ် လာပေးလိမ့်မယ်. . . ခင်. . ကိုကို ကျေးဇူးတင်ပါတယ်"

"ဘာအတွက်လဲ ကိုကို"

"သားလေးအတွက်ပေါ့"

ခင် ပြုံးလိုက်မိသည်။

သံယောဇဉ်ကြိုးဆိုတာ လျော့လေတင်းလေပါပဲလား။ အခု နောက်ထပ် ကြိုးတစ်ကြိုးက ခင့်ကိုချည်နှောင်တော့မည်။

ကလေးလာပေးသောအခါ ကလေးနဖူးနုနုလေးကို ခင်က အသာ နမ်းရှိုက်လိုက်သည်။ ရင်ထဲမှာ ဖော်မပြတတ်သော ကြည်နူးမှုကစိမ့်ဝင် သွားသည်။ သား . . . .။ ဒါ ခင့်သားတဲ့။ ခင့်သွေး တစ်ဝက်ပါလျက် ခင်တို့နဲ့အေးအတူပူအမျှနေမဲ့ ကလေးတစ်ယောက်တော့ လောက ထဲရောက်လာခဲ့လေပြီ"





"သားက မငိုဘူးနော် ကိုကို"

"ငိုတာပေါ့ ခင်ရ. . . . အခုအိပ်နေတာ ခင်. . . သားလေးက ချစ်ဖို့မကောင်းဘူးလား"

"ကောင်းတာပေါ့ . . . ကိုကိုသိပ်ပျော်နေလားဟင်"

"ဟား . . . ပျော်တာပေါ့ ခင်ရယ် . . အရှူးလိုပဲ ခင့်ကိုလည်း ပိုပိုချစ်လာတယ်. . . ခုဆို ခင်ကိုယ့်ကိုခွဲမသွားဖို့ ပိုသေချာ သွားပြီ. . ."

ခင်ရှုံ့ဆေးအသာရှုံရင်း ကလေးမွေးချိုပြီး ပုခက်ထဲထည့်တဲ့ သူ့ဟန်ကိုစိုက်ကြည့်နေမိသည်။ မျက်ကွင်းတွေချောင်ကျလို့။ မှိုင်းစွဲထက် ပိုအိုစာသွားသယောင်ထင်ရသည်။

အပင်ပန်းခံနိုင်တာတော့ ခင်ဩချသည်။ စိတ်ရောလူပါ အလုပ် ရှုပ်ခံနိုင်တဲ့သူ စိတ်တိုတာသိပ်တော့ မထူးဆန်း

* * *



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၇)

"ကလေးမွေးတယ်ဆိုတာ တကယ့်သေတွင်းနှုတ်ခမ်းမှာ နေရတာပဲဟ. . ."

"ဒါကတော့ မိန်းမဖြစ်လာတဲ့အတွက် မွေးရာပါတာဝန်ပဲလေ. . . နင်တို့ငါတို့ရဲ့ အမေတွေလည်း ဒီလိုပဲ. . ."

သီသီမာက ကလေးကိုချီထားပြီး

"နင်သားက နင်နဲ့တူတယ် ခင်. . . အသားကကြီးလာရင် ဖြူမှာ . . . ခုကတည်းက သိသာတယ် နီရဲနေတာပဲ"

စီစီမာက တိုးတိုးလေးကပ်ပြောသည်။

"ကိုလတ်နဲ့တူရင် ရုပ်ဆိုးမှာ"





ခင်တို့ သူငယ်ချင်းသုံးယောက်ရယ်ကြလေသည်။ ခင်က

"ဘယ်လောက်ပဲ နာပစေ. . . ကလေးမျက်နှာမြင်ရတော့ ပျောက်သွားတာပဲ. ."

"ဒါနဲ့ နင်ခွဲမွေးရတာဆိုခင်"

"အေး . . . ဟုတ်တယ်. . . လမ်းမှာနာလွန်းလို့မေ့သွားတယ်ဟာ. . . နောက်အရေးပေါ်ခွဲလိုက်တယ်တဲ့ သားကတအား ထွားနေတော့ မွေးလမ်းကြောင်းကနေ မထွက်နိုင်ဘူး ဖြစ်နေတာ"

"နင့်ကိုလတ်တော့ အရူးအမူးပဲနေမှာပဲ"

"အင်း"

ကလေးမျက်နှာကို သူတစိမ့်စိမ့်ကြည့်ကာပြုံးနေတတ်တဲ့ အခါမျိုးမှာ ခင်သည်သူကိုလတ်မှ ဟုတ်ရဲ့လားဟု သံသယဝင်တတ်လေသည်။ စိတ်တိုလွယ်သော ဒေါသကြီးလွယ်သော၊ သူတပါးကို နင်ပဲငစွပ်ပြောဖို့ လွယ်ကူသောသူသည် ဇာအေးစိတ်ဝင်နေတဲ့အချိန်မှာ တကယ်အားကိုးစရာ မျက်နှာထားကို ပိုင်ဆိုင်လေသည်။ အဲဒီ မျက်နှာက ဘာနဲ့တူလဲဆိုတော့ ခင့်ကိုစပိုးပန်းစဉ်က မျက်နှာနှင့်တူသည်။

"ခင် . . . နင်ဘာတွေးပြီး ပြုံးနေတာလဲ"

"မဟုတ်ပါဘူးဟာ"

"နင့်သားကြီးလာတဲ့အထိ ငါမင်းကွန်းခေါင်းလောင်းကြီး ရွက်ပြီးစောင့်မယ် ခင် သိလား. . . နင့်ကိုယောက္ခမတော်ချင်လို့"



www.burmeseclassic.com

www.burmeseclassic.com



စီစီမာက ခင့်ပါးကိုချစ်စနိုးလိမ်ဆွဲခိုက် ကိုလတ်အခန်းထဲ ဝင်လာတာနဲ့တိုးသည်။

"ဟ . . . ဖြည်းဖြည်းလုပ်ပါ . . အခု သွေးနုသားနုနဲ့"

"ကိုလတ်ကလည်း အဖြစ်သဲလိုက်တာ"

"ခြော် . . ငါ့မှာချစ်စရာ ဒီမိန်းမနုနုထွတ်ထွတ်လေးပဲ ရှိတာ . . . တစ်ခုခုဖြစ်မှာစိုးလို့ ပြောရတာပေါ့"

"ဟုတ်ပါတယ် . . . ဟုတ်ပါတယ် . . သူမိန်းမကနုနုထွတ်ထွတ် လေးပဲရှိတာ . . . စီစီတို့က ရင့်ရင့်ထော်ထော်ကြီးတွေ"

ကလေးမွေးပြီး သားကလေးတစ်ပတ်သားအရွယ်မှ မေမေနဲ့မမတို့ လိုက်လာကြသည်။ ကလေးမွေးတာ သူတို့ကိုကြို အကြောင်းမကြား ရကောင်းလားဆိုပြီး ခင့်ကိုဂရုဏာဖြင့် အပြစ် တင်ကြသည်။ ခင်က မေမေတို့ကို အလုပ်မရှုပ်စေချင်လို့ပါဆို တော့ မေမေက ဒါမအေ့အလုပ် ပဲဟု ခပ်ဆတ်ဆတ်ပြောလေသည်။ မမသမီးလေးသည် နှစ်နှစ်ခွဲအရွယ် တီတီတာတာပြောတတ်နေပြီ တည်း။ ခင့်ကို အန်တီနေကောင်းဟု နှုတ်ဆက်ရာ စကားမပီသဖြင့် အန်တီနေတောင်းလားဟု အသံထွက်ရာ ခင့်မှာအဲဒါလေးကို သဘောကျပြီး သူ့ပါးကလေးကိုနမ်းရလေသည်။ သားကလေး သေးဝတ်တွေကို ဘယ်သူလျှော်လဲဟု မေမေကမေးသည်။

"ဆေးရုံက ကုလားမတွေ လျှော်ခိုင်းတယ် မေမေ"

"သမီး အဝတ်တွေကရော"





ခင်က "ကိုကို လျှော်ပေးတယ်"ဟုပြောရာ မေမေက . .

"ဟယ် . . . မခိုင်းပါနဲ့" ဟု သတိပေးသည်။

"ခါတိုင်းလည်းလုပ်ပေးတာပဲ မေမေ . . . ထမီတော့ မလျှော် ခိုင်းပါဘူး . . . ဘုန်းနိမ့်မှာစိုးလို့ . . . သူလဲအခုတော်တော် ပင်ပန်း တယ် . . . ဆိုင်ကတစ်ဖက် . . . သမီးကလည်း ကျောင်းတက်လက်စဆိုတော့ မကူနိုင်ဘူးလေ . . . အခုကလေးမွေးတော့ ဆိုင်ပိတ်ထားရတယ်"

"အိမ်ဖော်လေးဘာလေး ခေါ်မပါလား သမီးရယ်"

"ခေါ်ပြီးပါသော မေမေရယ် . . . အငယ်ကောင်နဲ့ခိုးပြေးသွားတာ ဘယ်ရောက်လို့ဘယ်ပေါက်မှန်းတောင် မသိဘူး"

"မြတ်စွာဘုရား"

"အိမ်က ရွှေထည်တွေလည်းပါသွားတယ်"

"အဲဒီလောက်တောင်ပဲလား"

"အိမ်ဖော်တွေက သိပ်လည်တာ မေမေ . . . အမျိုးမျိုးပဲ။ တချို့ဆို ခုနှစ်စာကပိုက်ဆံကြိုပေးပြီးတော့ တစ်လခွဲလောက်နဲ့ ထွက်ပြေး ရော . . . ဒါတောင် ကိုယ်စားတဲ့အတိုင်းကျွေးတာ . . အချိုးမပြေရင်တော့ ကိုကိုကရိုက်တယ်ပေါ့ မေမေ . . သူကလက်ပါ တဲ့အကျင့် ရှိတယ် . . နောက် အပြောလည်းကြမ်းတယ်"

"အခုသမီးဆေးရုံကဆင်းတော့ ဘယ်သူချက်ကျွေးမလဲ"

"ဆေးရုံက သားကြောပါတစ်ပါတည်း ဖြတ်မှာဆိုတော့



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်လလောက် ကြာဦးမယ် မေမေ"

"ဒီလိုဆိုရင်တော့ မေမေအမျိုးအိမ်မှာနေပြီး . . . သင်္ချိုင်း စားချင်တာလေးလုပ်ပေးရဦးမယ် . . ဒီအတိုင်းပစ်ထားပြီး မသွားနိုင်ပါဘူး"

ကိုယ့်မိဘက ကိုယ့်ကိုချစ်သလို ဂရုစိုက်သလောက်သူ့မိဘ ကတော့ ဆေးရုံကိုစက်ကျေတန်းကျေ တစ်ခေါက်လောက်လာကြည့်ပြီး သူတို့သမီးကြီးဆီသွားနေကြလေသည်။ အိမ်မှာကိုလတ် တစ်ယောက်တည်း။

မေမေကတော့ ခင်နို့ထွက်ကောင်းအောင်ဟုဆိုကာ ဟင်းချို တွေချက်ပေးသည်။ နောက်ဖွယ်ဖွယ်ရာရာချက်ကျွေးသည်။ ကိုလတ်လည်း အဲဒီတော့မှ ဘက်သာသွားကာ ဆိုင်ပြန်ဖွင့်နိုင်သည်။

"နောက်ကလေးတစ်ယောက်လောက်လိုချင်သေးတယ် ခင်"

ကိုလတ်က ခင့်ကိုထပ်တောင်းဆိုသည်။

"ဗိုက်နာတဲ့ဒုက္ခ ကိုကိုခံရတာမှ မဟုတ်တာ . . ကိုယ်ချင်း ကိုမစာဘူး"

"ကိုယ်မွေးလို့မရလို့ ရရင်မွေးတယ်"

*"ခင် ကလေးထပ်မယူဘူး"*

"ဒါ ဆုံးဖြတ်ချက်လား"

"ဟုတ်တယ် . . . ခင်တို့ကလေးတစ်ယောက်ထဲကို အစွမ်း ကုန်ချစ်မယ် ယုယမယ်။ ခင့်ကလေးက တော်ရမယ်"

"ကိုယ်က ကလေးနှစ်ယောက်လောက်တော့ လိုချင်တာပဲ"





"ကိုကို မွေးပါလား ကဲ . . . "

တော်တော်အတိုက်အခံပြုပြီးမှ ခင်သားကြောဖြတ်ခွင့်ရခဲ့လေ သည်။ မြန်မြန်ကိစ္စပြီး . . . ပြီးကရော။ နို့မို့ဆို ခင်ကကျောင်း တစ်ဖက်နဲ့ သူများတွေလွယ်အိတ်ကိုယ်စီနဲ့ ပျော်နေလွတ်လပ်ချိန်မှာ ကိုယ်က ဗိုက်ဖုံး အကျီကြီးနဲ့။ ခင်ရှက်ပါသည်။ သူကတော့ နားလည်မှာမဟုတ်။ သူက လိုချင်သူဖြစ်လျက် ခင်က ပေးရသူဖြစ်လေသည်။ ခုတော့ ခင်ဖြစ်ချင်တာ ဖြစ်ရသည့်အတွက် ပျော်သည်။

သားတစ်ယောက်ထဲ။ ချစ်စမ်းပါလိမ့်။ အားရအောင်၊ ဝအောင်။

* * *

"နင်သားကြောပါဖြတ်တော့ နောက်ကလေးမယူတော့ သေချာ လို့လား ခင်"

ခင် မမကို ခေါင်းညိတ်ပြလိုက်သည်။

"ကောင်းပါတယ် . . တစ်ယောက်တည်း အလုပ်မရှုပ်ဘူးပေါ့"

"ကိုလတ်က လိုချင်သေးပုံပဲ ဒါပေမဲ့ တော်ပြီမမရယ်။ ကလေး တစ်ခါမွေးရတာ ရုပ်ရှင်ထဲမှာပြသလို လွယ်တာမဟုတ်ဘူး။ ပြီးတော့ ကြီး အောင်မွေးရဦးမယ် . . . ကုန်ဈေးနှုန်းက အကျမရှိဘူး . . . တက်နေ တာပဲ . . လူတစ်ယောက်ရဲ့ ပညာသင်စရိတ်ကလဲ မနည်းဘူး။ ပါးစပ်



www.burmeseclassic.com

www.burmeseclassic.com



ပေါက်များတော့ ကြာရင်စီးပွားရေးထိ ခိုက်ပြီး အိမ်ထောင် ပျက်မှာစိုးတယ်"

"ဒါပေမဲ့နင့်ယောက်ျားကြည့်ရတာ နောက်မိန်းမလည်း စိတ်ဝင်စားပုံမရဘူး"

"ဘယ်သူကရော သူ့ကိုစိတ်ဝင်စားမှာလဲ . . . ဆယ့်နှစ်မျိုးချင်းသုပ်ဥစ္စာ . . . ဒေါသကလည်း အင်မတန်ကြီးတာ . . . ပြောစရာ ရှိရင်လည်း လူသူ့ရှေ့လေးပါး မရှောင်ဘူး . . . ထစ်ခနဲရှိ လက်က ပါချင်ပြီ"

"နင့်ကိုများ ရိုက်သေးလား ခင်"

"မရိုက်ပါဘူး . . . အပြောကတော့ နားမခံသာဘူး"

"သည်းခံပါကွယ် . . . လင်ဆိုတာ ကလေးနဲ့ ခွေးလိုပဲ လက်သာရာမှာ ပျော်တယ်"

"သည်းခံနေရတာပါပဲ မမ သူကောင်းချင်ရင် သိပ်ကောင်းတာ . . . တခါတလေကျရင် ဆိုင်မှာအရက်သမားတွေနဲ့ ပြဿနာ ဖြစ်ရင် ခင့်ကိုပါပြဿနာဆက်ရှာရော . . . ခင့်မှာ စာကျက်လက် စ စာအုပ်သေးချပြီး သူပြောတာထိုင်နားထောင်နေရတယ်။ အလှ ပြင်ရင်လည်း မကြိုက်ဘူး . . . စိတ်လိုရင်တော့ သူကိုယ်တိုင်နှုတ် ခမ်းနီးဆိုးပေးတယ် . . . ဘာမှန်းကို မသိပါဘူး မမရယ်"

မမက ဟက်ဟက်ပက်ပက်ရယ်လေသည်။ ပြီးတော့ ခင့်ကို သူဖတ်ဖူးတဲ့ဝတ္ထုတိုတစ်ပုဒ်ပြောပြသည်။

"စာရေးဆရာမ အသက်ခပ်ကြီးကြီးတစ်ယောက်ရေးတာပဲ . . . Best seller မဟုတ်တာတော့ သေချာတယ် . . . စာထဲမှာဇာတ်





ကောင်က အမျိုးသမီးရှေ့နေပဲ . . . သူ့မှာတနေ့တနေ့ လင်မယား ပြဿနာတွေ တမျိုးပြီးတမျိုးတွေ့ရလို့ သူကိုယ်တိုင် ယောက်ျားတွေကို စိတ်ကုန်ပြီး အပျိုကြီးလုပ်လိုက်တဲ့ ဝတ္ထုလေ"

"သူကဘယ်လိုပြဿနာတွေ ကြားရတာတဲ့လဲ . . . ပြောမဲ့ပြောပြီးအောင်ပြောလေ မမရဲ့"

"တစ်နေ့မှာ အမျိုးသမီးတစ်ယောက်နဲ့ အမျိုးသားတစ်ယောက် သူ့ဆီရောက်လာတယ် . . . ကွာရှင်းချင်လို့တဲ့ . . . အမျိုးသားကပြောတယ် . . . သူ့အမျိုးသမီးဟာ အားရင်အိပ်လည်တယ်၊ ဖဲရိုက်တယ်၊ ယောက်ျားကိုပြုစုရကောင်းမှန်းမသိဘူး . . . မယား ဝတ္တရားငါးပါးလည်း မသိဘူး . . . ရှေ့ဆက်သွားရင် အခြေအနေ ပိုဆိုးမှာဆိုးလို့ ကွာရှင်းချင်တာတဲ့။ နောက်တစ်နေ့မှာ နောက် တစ်တွဲရောက်လာ တယ် . . . အမျိုး သားက သူ့မယားကတစ်နေကုန် အိမ်တွင်းပုန်းတယ် . . . အားရင်စာထိုးပန်းထိုးတယ် . . . တချိန်လုံးအိမ်အလုပ်လုပ်နေတာတဲ့။ အပြင်ထွက် တော့လည်း မလိုက်ဘူး အလှူမင်္ဂလာပွဲတို့ဆိုလည်း ရှောင်တယ် . . . စကား လည်းသိပ်မပြောဘူး . . . မယားဝတ္တရားငါးပါးကို အသေလိုက်စွဲမှတ်ပြီး စာအုပ်ကြီးလို့ကျင့်နေတော့ ယောက်ျားကပျင်းလာပါသတဲ့။ ဒါကြောင့် ကွာရှင်းချင်တာတဲ့။ ခြောက် နောက်တစ်နေ့မှာလည်း နောက်တစ်တွဲရောက်လာတယ် . . . မိန်းမကလူမှုရေးဖောက်ပြန်လို့ ကွဲတာတဲ့။ ယောက်ျားက ပိုက်ဆံချည်းကုန်းရှာပြီး မိန်းမကအဲဒီပိုက်ဆံနဲ့ အလှအပ၊ အိမ်တွင်းရေး



www.burmeseclassic.com

www.burmeseclassic.com



မှာမသုံးဘဲ စိတ်အချော်ကိုရှာလို့တဲ့။အဲ . . . နောက်တစ်တွဲက အမျိုးသား တကျတော့ သူ့မိန်းမဟာ အားရင် သူ့ဆီကပိုက်ဆံတောင်းပြီး ဖြုန်းသတဲ့ ပါတီအတွက် . အဝတ်အစားတွေဝယ် ယောကျာ်းပင်ပင်ပန်းပန်းရှာရတာ မသိဘူး။ သူလိုချင်တာပဲ သိတယ်တဲ့။ ယောကျာ်းကို ကိုယ်ချင်းမစာဘဲ နွားလိုခိုင်းစားချင်လို့ ကွဲချင်တာပါတဲ့. . . အဲ. . . နောက်တစ်ယောက် ကျပြန်တော့လည်း မိန်းမကလူမှုရေး၊ စီးပွားရေး၊ အိမ်တွင်း ရေးအားလုံး ဝင်ဆန့်ရဲ့သားနဲ့ မိန်းမကိုအလိုကိုမကျလို့ ကွာချင်တာတဲ့။ ကဲ . . . ယောကျာ်းတွေက ဘယ်လောက်ကိုးလို့ ကန့်လန့်နိုင်သလဲ ခင်. . . အဲဒါနဲ့ ရှေ့နေမကြီးလည်း တစ်ခါ တည်း စိတ်ပျက်ပြီး အပျိုကြီးပဲ လုပ်တော့သတဲ့”

ခင်နဲ့မမ နှစ်ယောက်သား ရယ်ကြရသည်။

အင်း . . . ။ ယောကျာ်းတစ်ယောက်ကို လက်ထပ်ရတာ ကံစမ်းမဲ ဖောက်တာနဲ့လည်းမတူ။ ထီထိုးတာနဲ့လည်းမတူ။ တစ်ဘဝလုံးစာ လောင်း ကြေးထပ်ခြင်းလည်းမဟုတ်။

ကိုယ်နဲ့အားလုံးဆန့်ကျင်ဖက် လူတစ်ယောက်နဲ့ စိတ်ပိုင်းဆိုင်ရာ ရုပ်ပိုင်းဆိုင်ရာအားလုံးကို မိမိအကျင့်စရိုက်နဲ့ ဒိုးဆက်ဆက်သလို ဆက်ရ ခြင်းဖြစ်သည်။ သူ့ဒိုးဆက်ပြားဖင်က အစိမ်းငါးစက်ဆိုရင် ကိုယ်ရဲ့ဒိုး ဆက်ပြား ခေါင်းကလည်းအစိမ်းငါးစက်။ အဲ သလိုမျိုးပေါ့ . . . . ။

အိမ်ထောင်ရေးဆိုတာ . . . ညှိတတ်ရင်တော့ ပြဿနာမရှိ။ ခုချိန်ထိတော့ ခင် ညှိနေရတုန်း။ နောက်လည်း ခင်ညှိရမှာပဲ ဖြစ်သည်။

* * *





“အဲ့ . . . . အဲ့”

အိပ်ရာထဲဝင်ပြီးခါစ ကလေးငိုသံသဲ့သဲ့ကြားရသဖြင့် ခင်ခေါင်း ထောင်လိုက်သည်။ ခင့်ခါးပေါ်က ကိုလတ်ရဲ့လက်က တင်းကျပ်နေရာက လျော့မသွား။ သူ့လက်ကိုဖယ်ကာ သားလေး ရဲ့ ခြင်းပုခက်လေးဆီထလာ ကြည့်သည်။ ဖင်အောက်ကိုလှန်ကြည့်တော့ သေးတွေစိုနေတာတွေ့သည်။

“ဩော် . . . . သားကရှူးရှူးတွေ ပေါက်ထားတာကိုး”

ကလေးကို ပွေ့ချီကာ ဘောင်းဘီချွတ်ပစ်လိုက်သည်။ ပြီးတော့ အောက်က သေးခံကိုလည်း နောက်တစ်ခုလဲရသည်။ သားကို ပုခုံးပေါ်မှာ ပွေ့ချီပြီး ပြန်သိပ်စဉ် ကိုလတ်နိုးလာသည်။

“ခင် . . . ဘာဖြစ်လို့လဲ”

“ဩော် . . . သား ရှူးပေါက်လို့ . . . ခင်ထလဲပေးတာ”

“ဩော် . . . အင်း . . . အင်း”

အင်းဟုပြောပြီး တစ်ဖက်စောင်းကာ ပြန်အိပ်သွားသည်။ သူ့ခမျာအလုပ် ပင်ပန်းတော့ဒီလိုမဲအိပ်ချင်ရှာမှာပေါ့မှာ ခင်တွေးလိုက် သည်။ခင်က နောက်ဆုံးနှစ်မို့ ကျောင်းလိုက်ဝင်ဖို့ အချိန်လေး ကျန်နေရချိန်မှာ ကလေးတစ်ဖက်ထိန်းရသေးသည်။

သို့သော် သားကိုခင်မငြိုငြင်ပါ။ ဒါမိခင်မေတ္တာကြောင့် ဖြစ်လိမ့်မည်။ သားကခင့်အတွက် တစ်နေ့မှာ အားကိုးစရာ ဖြစ်လာမဲ့သား မဟုတ်လား။ ဒီသားတစ်ယောက်တည်းရှိတာ။ နောက်ကလေးယူဖို့ အနေတာထ



www.burmeseclassic.com

www.burmeseclassic.com



ခံချင်တိုင်းလည်း မရတော့။

ကလေးက မျက်လုံးလေးတွေ စင်းလာကာ အိပ်ပျော်သွားသည်။ သားကိုပုခက်ထဲ ပြန်ထည့်ပြီး ခင်မတ်တတ်ရပ်ကာ သားမျက်နှာကို သေချာကြည့်မိသည်။ မျက်လုံးကလေးက ဖောင်းဖောင်းအစ်အစ်ကလေး နှုတ်ခမ်းကလေးက ချွန်တွန်တွန်ကလေးနဲ့ နီရဲနေသည်။ သားကိုကြည့်ရင်းကြည့်ရင်းနဲ့ ခင်ချစ်မဝဖြစ်လာကာ ငုံ့နမ်းလိုက်သည်။

သားတို့ရှုပ်ရည်သိတာမြည်သား ရေကြည်ချမ်းမြတပေါက်ကျတ မိဘတို့ဝမ်းငြိမ်းစတမ်းဆိုတာ ခင်လက်တွေ့ကြုံရလေပြီ။

"ခင်. . . ဘာရပ်လုပ်နေတာလဲ"

"လာလေ"

ကိုလတ်က အိပ်နေရာက မျက်လုံးဖွင့်လာပြီး ခေါ်သည်။ ခုတင်ပေါ်ဝင်လှဲတော့ ခင့်လက်တစ်ဖက်ကို သူ့လက်တစ်ဖက်နဲ့ ဆုပ်ကိုင်ကာ ပြန်အိပ်သွားသည်။ ခင် သက်ပြင်းတစ်ချက်မှုတ်ထုတ် လိုက်သည်။ ခင်ဘာတွေ ဆက်ကြုံဦးမှာပါလိမ့်။ ခင်ကိုယ်တိုင်လည်း ကြိုမသိပါ။

* * *

"ဒီနေ့ ခင်အလှတွေ သိပ်ပြင်နေပါလား"

"Fanfare လေ ကိုကို"

ခင့်နားမှာ ပန်ထားသောနားဆွဲခပ်မြင့်မြင့် ကလေးကို ကိုလတ်က ဒေါသဖြင့်ဆွဲဖြုတ်သည်။ ကပ်နားကပ်မှ ခင့်နားတွေထူ ပူနာသွားလေသည်။



"မနက်စောစောစီးစီး ကိုကို . . . ခင့်ကိုပြဿနာလာရှာ ပြန်ပြီ"

"ပြဿနာရှာအောင် မင်းလုပ်နေတာကိုး"

"ခင်ဘာလုပ်လို့လဲ"

"ဒီနားကပ်တွေက မင်းဘာလုပ်ဖို့လဲ. . . မင်းကလေးတစ်ယောက်အမေ ဖြစ်နေပြီ . . . ဒါတွေမလိုတော့ ဘူးကွ. . . ပြီးတော့ စီးထားတဲ့ ဖိနပ်ကလည်းကြည့်ဦး ခွာမြင့်နဲ့"

"ကိုကို . . . ခင်ဟိုအရင်ကထဲက ဒီလိုဝတ်စားတတ်တာ ပဲ. . . အခုမှအဆန်းတွေလုပ်လို့ . . . သိပ်ချုပ်ချယ်တာပဲ . . ခင် စိတ်ကျဉ်းကျပ်တယ်"

ခင်သည် ရှက်တတ်သူပီပီ လေသံအေးအေးဖြင့် သူ့ကို ပြန်ရှင်းပြမိသေးသည်။ ရှင်းပြမှပဲ ပိုဆိုးတော့သည်။

"အရင်ကမင်းက အပျိုလေ. . . အခု အဲသလိုနေလို့ရမလား"

"ဒါဆို ခင်ကဘီးဆံပတ်နဲ့ ကျောင်းသွားရမှာလား ကဲ"

"မင်းဟာလေ ချစ်လို့ပြောတဲ့ဟာကို အလိုက်ကန်းဆိုး မသိဘူး"

"ဘာချစ်လို့ပြောတာလဲ"

"ဟ . . . မင်းဒီလောက်ပြင်ဆင်သွားတော့ မသိတဲ့ကောင်တွေက မင်းကိုအပျိုထင်မှာပေါ့"

"ထင်ပစေပေါ့"

"ဘာကွ"

www.burmeseclassic.com



"ဟုတ်တယ်လေ . . . ခင်အခု ကိုကို့မယားပဲ ဖြစ်နေပြီ။ အဲဒါကို သဝန်တိုတုန်း စိတ်မချရင်လည်းလိုက်ခဲ့ . . . ခင်အိမ်သာတက်လည်း ကိုကို လိုက်တက်ပါလား . . . ခင်ဘုရားစီယာဝယ်လည်း ကိုကိုပါ ဆိုင်ထဲ လိုက်ဝင်လေ"

ခင်က ကပ်တွက်ပြီးရွဲ့ပြောတော့ သူစိတ်တိုရာကနေပြုံးသည်။ အဲသလိုပါပဲ။ စိတ်ကဝုန်းဒိုင်းတို၊ ပြီးရင်ပြန်ကျ။

"ကဲ . . . ထ . . . ထ . . ကိုကို နားကပ်ပြန်တပ်ပေးမယ်"

* * *

Final စာမေးပွဲပြီး၍ မေမေတို့ဆီအလည်သွားချင်တဲ့ စိတ်ကို ခင်တောင်းဆိုကြည့်သည်။ သူကမသိချင်ယောင်ဆောင်နေ သည်။ တနေ့မှာ ခင်ရေချိုးတာ ညနေစောင်း၍ ဖျားလေသည်။ အဖျားကြီးလွန်း၍ ယောင်သောအခါ မေမေ့ဆီပြန်ချင်တယ်ဟု ယောင်သည်။ အဖျားကျ သွားသော နံနက်မှာ သူကခင့်နဖူးကို နမ်းပြီး . . . .

"ခင် အိမ်ကိုသိပ်ပြန်ချင်နေသလား" ဟုမေးသည်။

"ပြန်ချင်တာပေါ့ ကိုကို"

"နေကောင်းရင် ကိုကိုလိုက်ပို့မယ်"

ခင်နေကောင်းသောအခါ သူကနေမကောင်း ဖြစ်ပြန်သည်။





"ကိုယ် အရက်သွားသောက်မိတာ ခင်"

"ကိုကို အရက်သောက်ရင် အဲသလိုပဲ ဖြစ်တတ်လား"

"အင်း"

သူ့တစ်ကိုယ်လုံးဖောတက်လာပြီး အလုပ်မလုပ်နိုင်တော့။ မလှုပ်ရှားနိုင်ဘဲ အသေတစ်ကောင်လိုပဲ ဆန့်ဆန့်ကြီးဖြစ်နေလေသည်။ မျက်လုံးတွေက နီရဲမို့တက်လျက်ရှိပြီး စကားသံက မသဲကွဲ။ ခင့်မှာ သူလေဖြတ်သွားမှာစိုး၍ ဆရာဝန်ပြေးခေါ်ရသည်။ ဆရာဝန်က အရက်လုံးဝမသောက်ဖို့ သူ့ကိုသေချာတားမြစ်သွားသည်။ သူက ခေါင်းညိတ်ရုံသာ။

"ကိုကို"

"အင်"

"အရင်ကတည်းက အရက်သောက်ရင် ဒီလိုဖြစ်တာ သိတယ်မို့လား"

". . . . . . . . ."

"ခင်မေးနေတယ်လေ"

". . . . . . . . ."

"ကိုကို ခင်မေးနေတယ် . . . ကိုကိုသိတယ်မို့လား"

". . . . . . . . ."

သူကမဖြေဘဲ တစ်ဖက်သို့ရအောင် စောင်းအိပ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုကို ခင့်ကို မေမေတို့ဆီမသွားစေချင်လို့ အရက် သောက်လိုက်တာမို့လား။ အခု ကိုကို အဲသလိုလုပ်တော့ အခုဘာ ဖြစ်လဲ. . . ကိုကို ဆိုင်မထိုင်နိုင်ဘူး . . . ခင်ဆိုင်ထိုင်ရတယ်. . ကိုကို့ဆိုင်ကိုလာတဲ့ လူတွေထဲမှာ ခင့်ကို ကိုကို့မိန်းမမှန်း မသိတဲ့ လူတွေမှ အများကြီးပဲ. . . . အဲဒီလူတွေ ရစ်တာခင်ခံရတယ်. . ကဲ ကောင်းလား . . . . ကိုကိုလုပ်ချင်တာလုပ် ပြီးရင် နောက်ဆက်တွဲက ခင့်ခေါင်းပေါ်မှာတင်ပဲ . . . ခင် ဆိုင်မထိုင်ချင်ဘူး ကိုကို. . ဘီယာ station ဆိုတော့ပိုတောင့်ဆိုးသေးတယ်"

သူက ခင့်လက်ကလေးကို ကိုင်ကာ

"ကိုကို မှားသွားတယ်" ဟု တောင်းပန်သည်။

သူနေမကောင်းဖြစ်တာ လေးရက်ကြာသွားသည်။ ခင်လည်း ဆိုင်အလုပ်နဲ့ ပင်ပန်းလိုက်တာ။ နောက်ဆုံးခင် အဖျားရှိန်မသေဘဲ ပြန်ဖျားလေသည်။ အဲဒီအချိန်မှာ မေမေ ရန်ကုန်ဆင်းလာပြီး ခင့်ဆီလာလည်သည်။ မေမေ့ကို တွေ့တော့ ခင်ဝမ်းနဲပက်လက်ငိုလေသည်။ မေမေက

"ဘယ်လိုဖြစ်တာလဲ သမီးရယ် . . . ကလေးကျနေတာပဲ"

"သမီး မေမေတို့ဆီလာချင်နေတာ"

"ဪ . . . . အခု မေမေရောက်ပြီပဲ"

မေမေလှုပ်ပေးသော ကြက်စွပ်ပြုတ်သည် သူဆိုင်က မှာတိုက်သော





ကြက်စွပ်ပြုတ်နဲ့ ဘာမှမဆိုင်။ မေမေ့ကြက်စွပ်ပြုတ်မှာ အရသာပိုရှိသည်။ မေတ္တာတရားကြောင့် ဖြစ်သည်။ မေမေက လျှင်သည်။ အခြေအနေကို သဘောပေါက်သည်။

"သူမလာစေချင်ရင် မလာနဲ့ပေါ့ သမီးရယ်"

"သမီးမှာ မိဘတွေသက်ရှိထင်ရှားရှိနေတာပဲ မေမေ။ သေသွားတာမှ မဟုတ်တာ. . . ဘာလဲ မေမေတို့က အိမ်ထောင် ပြုလိုက်လို့ အိမ်မိသားစုထဲက ဖယ်ထုတ်လိုက်တဲ့ သဘောလား"

"မဟုတ်ပါဘူး သမီးရယ် . . . အခုသမီးက သမီးဆန္ဒနဲ့ သမီးလုပ်လို့မရတော့ဘူးလေ. . . . အိမ်ထောင်ဦးစီးရှိနေပြီ။ သူ့သဘောကို ယူရဦးမှာပေါ့"

"မေမေ . . . အိမ်ထောင်ပြုလိုက်တဲ့ မိန်းမတိုင်းမှာ ကိုယ်ပိုင် လွတ်လပ်ခွင့်ဆိုတာ မရှိတော့ဘူးလား . . . အိမ်ထောင်ပြုလိုက်တဲ့ မိန်းမတစ်ယောက်က သမီးအဖြစ်ကနေ သေဆုံးပြီး ဇနီးမယားဘဝကို ရောက်သွားတဲ့သဘောလား မေမေ. . . ခင် သမီးအဖြစ်ကနေ မသေဆုံး ချင်ပါဘူး မေမေ"

"ဒါပေမဲ့ သမီးရပ်တည်နေတာ ဇနီးမယားအဖြစ်နဲ့လေ"

ခင်ခေါင်းငိုက်စိုက်ကျသွားလေသည်။

သူနားလည်ရင် ဘယ်လောက်ကောင်းမလဲ။ အငယ်ဆုံး သမီးဖြစ်တဲ့ ခင်ဟာမိဘရင်ခွင်ကို ရံဖန်ရခါတမ်းတမှာပေါ့။ ပြီးတော့ခင်က



www.burmeseclassic.com

www.burmeseclassic.com



သူ့ကိုချစ်လွန်း၍ မျက်စေ့စုံမှိတ်ယူခဲ့ရတာမဟုတ်။ မယူမဖြစ်တဲ့ အနေအထားကြောင့် ခင်ယူခဲ့ရတာ။ ဒီတော့ခင့်ရဲ့ ကိုယ်ပိုင်ခံစားချက်ကလေးကို ကိုယ်ချင်းမစာရင်တောင် ဥပက္ခာ မပြုသင့်ပါ။ မိန်းမဆိုတာဟာ မိသားစုကို ဘယ်ဘဝရောက်ရောက် ခင်တွယ်နေမှာပဲ ဖြစ်သည်။ အဲဒါကို ဆောက်ဗျားကဲတဖက်သတ် ဆန်ဆန် သူ့အနားမှာပဲ အချိန်ပြည့်နေခိုင်းချင်၍ တရားပါ့မည်လား။

မိဘဆိုတာ ဝိုက်ကမွေး၊ ကျွေး၍ ကိုယ်ရင့်တလူဖြစ်တဲ့အထိ သုတ်သင်၊ ပြီးတော့ကညာသင်၊ အချိန်တန်လင်ယူရင်တောင် ဒါပဲနဲ့ပြောင်း တာဝန်ပေးတာပဲဟု သဘောထားက အထီးကျန်မှုကို နှစ်သိမ့်သူများဖြစ်သည်။ လင်ယောက်ျားဆိုတာကတော့ တပ်မက်မှုနဲ့ မိန်းမကို စတင် ချဉ်းကပ်ပြီး အလိုဆန္ဒ၊ အချစ်၊ ဘဝ အတွက် မိန်းမတစ်ယောက်ကို လက်ထပ်ယူခြင်းဖြစ်သည်။ မိဘက သားသမီးကို ချစ်ခြင်းမှာတပ်မက်မှုမပါ။

လင်ယောက်ျားက မိန်းမကိုချစ်ခြင်းမှာ တပ်မက်မှု အပြည့်။ မိဘနဲ့ခင်ပွန်းယှဉ်လို့ကို မရ။

ဒီတော့ခင်သည် ကိုယ့်မိဘရင်ခွင်ဆီ ကိုယ်ပြန်ချင်တာ မတရားရာကျသလားကွယ်။ နေရာတကာချည်း သူချစ်တာခံနေရပြီး အပြင်လောကသို့ထွက်ခွင့် မပေးတော့တာကတော့ သဘာဝမကျ။ ရွှေလက်ကောက်တွေ၊ ရွှေဆွဲကြိုးတွေ တန်းစီဆင်ထားပြီး မိန်းမကိုလှောင်အိမ်ထဲ သော့ခတ်အလှကြည့်တာထက်စာရင် ဘာမှ





မဝတ်ရလည်း နေပစေ၊ လွတ်လွတ်လပ်လပ် မိဘဆီပြန်လိုက် အိမ်ထောင်ရှင် ဆီပြန်လိုက်နဲ့ ဘဝမျိုးကို ခင်ကပိုလိုလားလေသည်။

"ဒါနဲ့သမီး စာမေးပွဲ ဖြေနိုင်ရဲ့လား"

"ဖြေနိုင်တယ် မေမေ. . . ဂုဏ်ထူးလိုင်းဝင်မယ်လို့ ထင်တယ်"

"ဒါဆို မာစတာဆက်တက်မှာလား . . . ကိုလတ်ကရော သဘောတူရဲ့လား"

"မာစတာတက်လို့ရရင် တက်လို့တော့ ပြောတာပဲ မေမေ"

"ဖြစ်ပါ့မလား သမီး"

"ဖြစ်ပါတယ် မေမေ. . . ခင်အိမ်ထဲမှာချည်းနေရတာ ပျင်းတယ် . . . ခင့်မှာအလုပ်လေးတစ်ခုတော့ ရှိချင်တယ်။ ဆရာမပဲ ပြန်လုပ်မယ် မေမေ"

"ကောင်းပါတယ် . . အေ"

* * *



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၈)

သူ့အမေနဲ့ပြန်လိုက်သွား၍ အိမ်မှာအခုတော့ ကျွန်တော် တစ်ယောက်တည်း။ သားရဲ့ရယ်သံလည်း မကြားရ။ ခင့်ရဲ့မျက်နှာလဲ မမြင်ရ။ ဆိုင်ကပြန်တာနဲ့ နမ်းဖို့ပါးပြင်တစ်ဖက်သည် ပျောက်ဆုံးနေ၏။ လွမ်းလိုက်တာ ခင်ရယ်။

ငယ်စဉ်ကတည်းက မိသားစုမှာ အလတ်ဘဝရောက်ခဲ့သော ကျွန်တော်သည် ကိုယ့်ငယ်ဘဝကို ပြန်တွေးမိလေသည်။ အစ်မကို အဖေက သိပ်ချစ်သည်။ အစ်မက ဒီနေ့ . . .

"ပါးပါး . . . အရုပ်လိုချင်တယ်" ဆိုလျှင် နောက်နေ့ရသည်။ အငယ်ကောင်ကိုကျတော့ မားမားကချစ်သည်။





"မားမား . . . ကားဝယ်ပေး" ပူဆာလျှင် ချက်ချင်းရသည်။ ကျွန်တော့်ကိုကျတော့ ဂြိုလ်ကောင်တဲ့။ ကလေးဘဝ သိတတ် စကတည်းက ဘာမှန်းမသိဘဲ အတပ်ခံရတဲ့နာမည်။

"နင့်ကိုဗိုက်ကြီးကတည်းက စီးပွားရေးတွေ ပြုတ်ကုန်တာ။ ကုန်ကားထောင်တာ. . . မှောက်တယ်. . . ဆေးလိပ်ခုံထောင်တယ် အရင်းပြုတ်တယ်. . . နောက်ရွှေဆိုင်ဖွင့်တယ် အလိမ်ခံရတယ်. . . အဆိုးဆုံးက အိမ်မီးလောင်သွားတာပဲ. . . နင်က ငါတို့ဆီကို ကံဆိုးတာတွေ သယ်လာတဲ့ကလေးပဲ"

အစ်မလက်ထဲက မုန့်ကိုလုစားတုန်းက မားမားက ကျွန်တော့်ကိုရိုက်ပြီး အဲဒီစကားတွေ ရေရွတ်ခဲ့သည်။ အဖေအမေ နှစ်ယောက်လုံးဆီက အချစ်ကို ကျွန်တော်မရ။ ဒီတော့ ထုံပေပေ နဲ့ ခပ်ဆိုးဆိုး ကလေးဖြစ်လာသည်။ ကျောင်းမှာဆိုလည်း နာမည် ဆိုးနဲ့။ အိမ်မှာဆိုလည်း အိမ်အလုပ်တွေ ကူရသည်။ စာကျက်ဖို့ ဝါသနာမပါသော ကျွန်တော်သည် အိမ်အလုပ်တွေကိုလည်း ပါးပါး လက်သီးဒဏ်ကြောက်၍ ကူလုပ်ရပါသည်။

ဒီကြားထဲအစ်မက ဩဇာဝင်ပေးတတ်သေးသည်။ ကြာတော့ လူကမိသားစုငါးယောက်ထဲမှာ အလိုလိုနေရင်း အပယ်ခံ ဖြစ်လာသည်။

ကျွန်တော့်မှာ မိသားစုကို ချစ်တဲ့စိတ်မရှိ။ ခေါင်းထဲမှာ တာဝန်တခုလိုပဲရှိသည်။ ဒီအိမ်မှာ သားယောက်ျားအကြီးဆုံးမို့



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်အနစ်နာခံရမည်။ ဒါပါပဲ. . . ဘဝကပုံသွင်းပေးထားခဲ့တဲ့ ဒဏ်ချက်တွေကြောင့် လူကဒေါသကြီးသည်။ အလိုလိုနေရင်း လောကကြီးကို မကျေနပ်။ ဒီလောကကြီးဟာ မေတ္တာတရားကိုမျှ တအောင်မပေးဟုထင်သည်။ မားမားက အငယ်ကောင်ကိုချစ်သလို ပါးပါးက အစ်မဆိုလည်း ချစ်လိုက်ရတာ. . . ကျွန်တော့်ကျတော့ ချစ်မဲ့လူမရှိ။ သူတို့ဟာသူတို့ ကံကြမ္မာဂြိုလ်ဆိုးဝင်တိုင်း ကျွန်တော့်ခေါင်းပေါ်လွှဲချကြသည်။ ပြီးတော့ ကျွန်တော့်ကို ပတ်ဝန်းကျင်က နာမည်တပ်လိုက်ကြသည်။

"အလတ်ကောင်က ဂျစ်ကန်ကန်နဲ့ရိုင်းတယ်"

* * *

အချစ်တွေအားလုံးစုပုံ၍ ကျွန်တော် ခင့်ကိုချစ်ခဲ့သည်။ ရတဲ့နည်းနဲ့အပိုင်းသိမ်းခဲ့သည်။ ဒါပေမဲ့ ကျွန်တော့်ကိုခင်ကမချစ်။ ခင်ချစ်သည်က တစ်ယောက်။ အဲဒီတစ်ယောက် ဘယ်သူမှန်းသိ နေခဲ့သော ကျွန်တော်သည်။ ခင့်ကို ဝန်တိုတာဆန်းသလား။

ခင်က ပန်းပွင့်လေးလိုလှသူ။ ကျွန်တော်ကရုပ်ဆိုးသည်။ ခင့်ကိုတတ်နိုင်လျှင် တာနေသယက္ခဘီလူးလို ငုံထားချင်သည်။ ခင်က သာမသိတာ။ သူလှလှပပဖြင့်ပြီး တျောင်းသွားတဲ့နေ့ဆိုလျှင် ကျွန်တော့်စိတ်ထဲမှာ





ယောက်ယက်ခတ်နေပြီ။

သူအသစ်တွေ့ပြီလား။ အာကာနဲ့ပြန်တွေ့နေပြီလား။. . . ဝန်တိုစိတ်ပေါင်းများစွာဖြင့် ဆိုင်စားပွဲထိုးများကို အော်ငေါက်ရလေသည်။ အချိန်တန်၍ အိမ်ပြန်လျှင် ခင့်မျက်နှာတွေ့ရမှ။

ခင့်ဆီကနေ ခင်နဲ့သဝေမတိမ်းတူသော သားကလေး မွေးပေးတော့ သားကိုပိုပြီးချစ်ရပြန်သည်။ ကျွန်တော့်မှာ ခင်နဲ့သားမှတပါး အခြားမရှိ။ အချစ်တွေအားလုံး ခင်နဲ့သားဆီမှာ မြှုပ်နှံသကြိုဏ်လိုက်ပြီးပြီ။ နောက်ထပ်ဘယ်သူ့ကိုမှ မျှဝေစရာမရှိတော့။ အစ်မက ဝေဖန်သည်။

"နင့်မလဲ . . . ဒီလောက်ထိမိန်းမချစ်ရသလား"

ခင့်အကျိုတောင် လျှော်ပေးသော ကျွန်တော့်ကို ကဲ့ရဲ့သေးသည်။ ခင်က သူ့အိမ်မှာ ဘာမှလုပ်ရသူမဟုတ်။ ဒီတော့ ကျွန်တော်က အကြီးပဲ။ ပြီးတော့ ကိုယ်ချစ်လို့လက်ထပ်ထားတဲ့ မိန်းမကိုလုပ်ပေးရတာ ဂုဏ်နိမ့်တယ်မထင်။ ခင့်ကို ဖုံးကွယ်ထားတဲ့အဖြစ် အပျက်တွေလည်း ရှိသေးသည်။ အဲဒါ အာကာနဲ့ ကျွန်တော် ပြန်တွေ့ခြင်းဖြစ်သည်။ ကျွန်တော်က စက်ဘီးနဲ့။ သူက ဆလွန်းကားနဲ့။

"ဟေ့ . . . . အစ်ကိုလတ်"

"ဘာလဲကွ . . . ဟင်. . . အာကာ"

"ကျွန်တော်သဘော်ပြန်ဆင်းလာပြီဗျ. . . လာဗျာ လက်ဖက်ရည်သောက်ရင်းစကားပြောရအောင်"



www.burmeseclassic.com

www.burmeseclassic.com



အနားရှိ လက်ဖက်ရည်ဆိုင်တစ်ဆိုင်မှာ ဝင်ထိုင်ဖြစ်ကြသည်။

"ဒါနဲ့ ခင့်သတင်းဘာကြားသေးလဲ အစ်ကိုလတ်"

"အင်း . . . အခု ကလေးရပြီ . . ."

"ဗျာ"

"ငါနဲ့ ခင်လက်ထပ်လိုက်တယ်လေ"

"ဟာ . . . ကျွန်တော်ကပြတ်သွားတယ် ထင်တာ . . ခင်တတောင်ကြီးကို ပြန်ပြေးတာပဲ ကျွန်တော်သိတယ်"

"သူပြေးတော့ ငါကလိုက်တာပေါ့ . . . ဟဲဟဲ"

"ခင်ဗျားတို့ အဆင်ပြေရဲ့လား ကိုလတ်"

"ဘာကိုမေးတာလဲ . . . စီးပွားရေးလား"

အာကာက ပြန်မဖြေ။ စီးကရက်ကိုသာမဲ သောက်နေသည်။

"ကားရောင်းလိုက်တာ ငါမှားသွားတယ်ကွာ . . . မြတ်မလားရောင်းတာပဲ . . . အခုတော့ လက်ထဲရှိတာနဲ့ ကားပြန်ဝယ်ဖို့ price ကမလိုက်နိုင်တော့ဘူး . . . အရမ်းကွာဟနေပြီ"

"ကလေးရောရပြီလား"

"အေး . . . . တစ်ယောက် သားကလေး ဒါနဲ့ မင်းရော အိမ်ထောင်မကျသေးဘူးလား"

"ဟင့်အင်း . . . . စိတ်မဝင်စားဘူး"

"မင်းလား . . . . စိတ်မဝင်စားတာ"





"ကိုလတ်ကလည်းဗျာ . . . မိန်းမများရချိန်တန်ရင် ရမှာပေါ့ . . . စောင့်နေရုံပဲ" အဲဒီစကားကို ညဘက်ရောက်မှ ပြန်တွေးလေလေ မသက်ာစိတ်များလေလေ ဒီကောင်ကဘာကို စောင့်ချင်တာလဲ။ ကျွန်တော်သေပြီး ခင် မုဆိုးမဖြစ်မှာကိုလား။ အဲဒီနေ့ကစပြီး ခင်အလှပြင်တာမြင်လျှင် ကျွန်တော်ပိုပြီး သဝန်ကြောင်တာဖြစ်သည်။

* * *

မိန်းမတွေတော့ သိချင်မှသိမည်။

အိမ်ထောင်တစ်ခုကို ယူလိုက်ရတဲ့ယောကျ်ားတွေမှာ မိသားစု စီးပွားရေးကို ဘယ်လိုထိန်းသိမ်းရတယ်ဆိုတာကို။ မိန်းမက မာစတာ ဆက်တက်မဲ့ကျောင်းသူ၊ လူတောထဲသွားလာနေတာ အဆင့်အတန်းရှိရှိ ဝတ်ချင်စားချင်မှာပေါ့။ ဒါပေမဲ့ ကျွန်တော်ထားနိုင်သမျှ အဆင့်အတန်းလေးနဲ့ မျက်နှာမငယ်ရအောင်တော့ ခင့်ကိုဝယ်ဆင်သည်။

တစ်နေ့ အင်္ကျီတစ်စုံ . . . တစ်နှစ်ပတ်လုံးဝတ်တောင် မထပ်စေရ။ မိန်းမလှနေတာလေး မြင်ရင်ကျေနပ်သည်။ ကျွန်တော်ကိုယ်တိုင်ကတော့ ချွေးတစ်ရွှဲရွှဲတလုံးလုံးနဲ့ ဆိုင်မှာအလုပ် ကို ခါးချိုးမတတ်လုပ်ရသည်။ ဒါပေမဲ့ ကျွန်တော်မညည်းညူ။ အိမ်ကစီးပွားရေးကျပြီး ကားရောင်းလိုက်ရတာ ဆိုင်ထဲအရင်းအနှီး ထည့်လိုက်ရတုန်းကဆို ခင်က . . . . .



www.burmeseclassic.com

www.burmeseclassic.com



"မရောင်းပါနဲ့ ကိုကိုရယ် . . ."ဟုတားယူသည်။

"နောက်ပြန်ဝယ်ပေးမယ်ကွာ"

အဲသလို ရသေ့စိတ်ဖြေခင့်ကို နှစ်သိမ့်ခဲ့ပေမဲ့ တကယ်တမ်းကားပြန်မဝယ်နိုင်ခဲ့။ ဈေးနှုန်းကကျဖို့မရှိ။ တက်ဖို့ချည်းရှိသည်။ ဒါတောင်ကိုယ်က ပုံသေလစာကို ခြစ်ကုတ်သုံးရသူမဟုတ်၍ တော်သေးသည်။ ကိုယ့်ဆိုင်ကကိုယ်ပိုင်မို့ ဖွင့်ချင်ဖွင့်၊ ပိတ်ချင်ပိတ် ကိုယ့်သဘော။ လက်ထဲရှိတဲ့ငွေနဲ့ ကားတစ်စီးတန်ဖိုး လိုက်မှီအောင် တော့ မချမ်းသာပါ။ ခင့်အတွက် Mabelline နှုတ်ခမ်းဆိုးဆေး ရောင်စုံဝယ်ပေးဖို့ကို ကျွန်တော့်အတွက် ရှပ်အင်္ကျီဝယ်ဝတ်ဖို့ထက် ပိုစိတ်ဝင်စားသည်။ ခင်က ဈေးသွားတိုင်း . . . .

"ကိုကို့အတွက် အင်္ကျီ" ဟု ဝယ်လာတတ်သည်။

"မလိုပါဘူးကွာ"

"ဘာလို့မလိုရမှာလဲ ကိုကို"

"ယောက်ျားလေးပဲကွာ နှစ်ထည်ရှိရင်ရတယ် . . အပိုကုန်တယ် ခင်သာလှအောင်ဝတ် . . . ကိုယ့်အတွက်ဝယ်မနေနဲ့"

ခင်က ကျွန်တော့်ရင်ခွင်ထဲ ခေါင်းတိုးဝင်ကာ ကိုကို ကတော့လေဟု စကားစကို ဖြတ်ထားသည်။ သားလေးနဲ့ ခင် တီဗွီကြည့်ရင်းရယ်နေတတ်တဲ့အခါမျိုးဆို သူတို့သားအမိ နှစ်ယောက်ကို ကျွန်တော့်မှာ ချစ်မဝ၊ ကြည့်မဝ။ သူတို့အတွက် ကျွန်တော်ဘယ်လောက်ထိ ပင်ပန်း

www.burmeseclassic.com



ခံရှာဖွေထားသလဲဆိုတာ သူတို့ တစ်နေ့တော့သိမ့်မည်။

ညဘက်ညဉ့်နက်မှ အိပ်ရာဝင်သောညမျိုးဆို အေးချမ်းစွာ အိပ်မောကျနေသော ခင့်မျက်နှာလေးကို တစိမ့်စိမ့်ငေးကြည့်ရင်း နိုးနမ်းရသည်။

"ခင် ကိုကို့ကိုချစ်လား"

ခင်က အဲသလိုမေးတဲ့အခါ သားကိုချီပြသည်။

"ခင် ကိုကို့ကို ချစ်လားလို့"

"ဩော် . . ကလေးတစ်ယောက်ရနေပြီး"

"အဲဒါနဲ့ . . . . ဘာဆိုင်လို့လဲ"

ကလေးကလားနဲ့ ကိုကိုရာ"

ခင်က ခပ်ပေါ့ပေါ့လေး ပြောပေမဲ့ ရင်ထဲမှာနင့်နေအောင် ခံစားရတာ ကျွန်တော်ပဲဖြစ်သည်။ ကျွန်တော့်ကိုချစ်တယ် ဟု ခင်လိမ်ညာပြီး ပြောခဲ့ရင်တောင် ကျွန်တော်ဆိုတဲ့ကောင်က လိမ်မှန်းသိရက်ပျော်ရွှင်စွာ အလိမ်ခံမဲ့ကောင်။

သို့သော် ခင်ကအဲသလိုမေးတိုင်း စကားလွှဲလွှဲသွားတတ်သည်။

"သားကို ဘယ်လိုနာမည်ပေးမှာလဲ ခင်"

"ကိုကို့ သဘော"

"ခင့်သဘောပါ"

"ကိုကို ကြိုက်တာပဲမှည့်လေ"

www.burmeseclassic.com

www.burmeseclassic.com



ကောင်းတာတွေစုစည်းပြီး တော်စေချင်တဲ့အနက်နဲ့ ကောင်းထက်ဟုအမည်ပေးသောသားကို ကောင်းကောင်းဟု ခင်ကချစ်စနိုးခေါ်တတ်သည်။

"သားကို နို့မတိုက်ပါနဲ့လား ခင်"

"ဘာလို့လဲ ကိုကို"

"ခင်အလှ ပျက်မှာစိုးလို့"

"မဟုတ်တာ ကလေးဆိုတာ မိခင်နို့ပဲ အကောင်းဆုံးကိုကိုရဲ့. . နို့မှုန့်ဆိုတာ နွားနို့ကနေလုပ်တာဆိုတော့ တော်ကြာ ခင့်သားလေးတိရိစ္ဆာန်စိတ်ပေါက်နေဦးမယ် . . . ခင်နို့ပဲ တိုက်ပါမယ်"

မကိုခင်မှ ဥကိုခင်သည်ဆိုသလို သားကိုခင်သိပ်ချစ်တာ မြင်ရတော့ ကျွန်တော်ကျေနပ်ရပါသည်။ တစ်ခါတလေ ဆိုင်ပိတ်ထားပြီး လင်မယားနှစ်ယောက် ဘုရားတက်ဖူးဖြစ်သည်။ တစ်ခါတလေ ခင့်ဆံပင်တွေကို Clear shampoo နဲ့ ကျွန်တော်လျှော်ပေးသည်။ ခင်သိပ်မအားလျှင် ခင်နဲ့သားအဝတ်အကုန်လုံး ကျွန်တော်လျှော်သည်။ အတွင်းခံဘောင်းဘီက လွဲလို့ပေါ့။ အဲသလို မိန်းမကိုချစ်တာ။ ချစ်လွန်း၍ ချုပ်ချယ်မိတာကို ခင်နားလည်ပါ့မလား။ လင်ရှိမယားမှန်းမသိဘဲ စကားလိုက်ပြောခံရမှာလည်း ပူသည်။ အိမ်ထောင်ပျက်မှာလဲ စိုးသည်။ စိတ်ထဲကအပူအပင်တွေ များတော့ ခေါင်းကဆံပင်တွေဖြူလာသည်။ အသိမိတ်ဆွေတွေက မြင်တော့ မနေနိုင်။





"ကိုလတ် . . . ခင်ဗျားခေါင်းကဆံပင်တွေ ဖြူလှချည်လားဗျ"

"အေးဗျာ"

"ဆေးလေး ဘာလေးဆိုးလေဗျာ"

"ဘာဆေးဆိုးရမလဲ"

"ရှိပါတယ် ဆိုင်မှာသွားဆိုးရင် လေးငါးရာတော့ ပေးရမယ်"

"ရွှေဈေးတစ်သောင်းမကျော်တဲ့ကာလမှာ ဆံပင်ဆိုးဖို့ လေးငါးရာ ကုန်မယ်ဆိုတော့ ကျွန်တော်စိတ်မဝင်စားတော့။

"ဟာ . . . အဲဒီလောက်ကုန်မယ်ဆိုရင် ကျွန်တော်မဆိုးတော့ဘူး"

"ခင်ဗျားကတော့လုပ်ပြီ . . . ခင်ဗျားမိန်းမနဲ့ကလေး အတွက် စိတ်ဆံကုန်းရှာနေရရင် ကျေနပ်နေတဲ့လူ။ ကိုယ့်အတွက်တောင် ဘာမှမကြည့်တော့ဘူး"

"ဒါကချစ်တာကိုးဗျ"

"အေးပေါ့ဗျာ . . . ချစ်နေတော့လည်း ဒီလိုပဲပေါ့"

ခင်က တစ်ခါတလေစိတ်လိုလက်ရရှိတဲ့အခါမျိုးမှာ ဆံပင်ဖြူတွေ နုတ်ပေးတတ်သည်။

"ကိုကို ဆံပင်တွေ တအားဖြူတာပဲ စဉ်းစားရလွန်းလို့လား"

ခင့်စကားကို ပြန်မဖြေဘဲ ခင့်မျက်နှာလေးကို တမြတ်တနိုး ငေးမောကြည့်မိသည်။ ခင့်ကိုလေ ကျွန်တော်သိပ်ချစ်တာ။ အချိန်ပြည့်ရင်ခွင်ထဲ ထည့်ထားချင်သည်။ အဲသလိုနေနိုင်ဖို့ စီးပွားရေးက



www.burmeseclassic.com

www.burmeseclassic.com



ပြည့်စုံမှုဖြစ်မည်။ ခင့်ကို အိမ်ထောင်သက်ဆယ်နှစ်ပြည့်၍ နောက်ပြန်ပြီး အိမ်ထောင်ရေးကို လှည့်ကြည့်တဲ့အခါ မပြည့်စုံမှုတွေ ရှိကောင်းရှိမည်ဖြစ်သော်လည်း ချို့တဲ့တာမျိုး ကျွန်တော်မ ဖြစ်စေချင်။ မိန်းမများသည် အိမ်ထောင်သက်ဆယ်နှစ်ပြည့်တဲ့အခါ သူလှူထားသောယောက်ျားနဲ့ သူ့သူငယ်ချင်းတွေယူထားသော ယောက်ျားကိုနှိုင်းယှဉ်တတ်တဲ့ အလေ့ရှိကြသည်။ တကယ့်လိုများ ကျွန်တော်က လူတန်းစေ့အောင် ခင့်ကိုမထားဘူးဆိုလျှင် ခင့်ခမျာ စိတ်ဆင်းရဲရလိမ့်မည်။ ဒါပေမဲ့ လူ့လောကရဲ့စည်းစိမ်ဆိုတာ ကြိုးစားတိုင်းမဖြစ်။

ခေါင်းထဲမှာ အကြံဉာဏ်၊ ပညာတွေရှိရက်သားနဲ့ ပိုက်ဆံတွေဖြစ်မလာတာ ကံကြမ္မာကိုပဲပုံချရမည်လား၊ အလုပ်ကောင်းကောင်းလုပ်သလောက်ငွေမရတော့. . .။လောကကြီးက ရယ်စရာကောင်းသားဗျ။ လူတွေရဲ့ ယုံကြည်မှုကို ပင်စည်လုပ်ပြီး ကြီးပွားနေတဲ့အစားတွေလည်း ရှိပါရဲ့။ ပညာတွေတတ်ပါလျက် ရှေ့ဖြစ်ဟောနိုင်မည့် မက်လုံးများကို နားယောင်ကာ ဗေဒင်ဆရာတို့ဘုရားတစ်ဆူပမာ အားကိုးသော အမျိုးအစားထဲမှာ ခင်ပါသောအခါ ကျွန်တော်နဲ့လုံးဝမတူညီ။

"ခင်ကပညာတတ် မဟုတ်ဘူးလား. . . ဘာလို့တစ်လတစ်ခါ ဗေဒင်သွားမေးလဲ ပိုက်ဆံကုန်ရကုန်နဲ့"

"ကိုကိုကလည်း မှန်တဲ့ဟာကို"



"ဘာမှန်တာလဲ ခင် ပြောမရလို့ကြည့်နေတာနော်။ အိတ်ထဲမှာ အဆောင်တွေနဲ့ ခေတ်ပညာတတ်ဖြစ်ပြီး ဘာလို့ ဒီလောက်အရူးထရသလဲ"

"အို. . . ဒါက ခင့်ယုံကြည်ချက်နဲ့ ခင်ပါ"

"ဗုဒ္ဓဘာသာ စစ်စစ်ဆို အဲဒါတွေမလုပ်ဘူးကွ. . . ငါမြင်သေးတယ်. . . အဲဒါမျိုးတွေပေါ့ . . တစ်နေ့ဘာသာရေးကို မှိုင်းတိုက်မဲ့ဟာတွေ အဆောင်တွေ၊ အစီအရင်တွေ၊ ဘိုးတော်ဘွားတော်တွေ၊ နတ်ကတော်တွေ ဘာတွေမှန်းကိုမသိဘူး . . . အဲဒါတွေယုံတာ အူကြောင်ကျား ဦးနှောက်အဆင့်မရှိတဲ့ဟာတွေ အဲဒါတွေနဲ့ လုပ်စားပြီး ကြီးပွားအောင်လုပ်ရင်ရမဲ့သဘောမှာရှိတယ်"

"အံမယ် ကိုကိုက ဘာများလုပ်မလို့လဲ ပညာဆိုတာ သူ့နေရာနဲ့သူရှိတာပဲ"

"ဘာပညာလဲ . . . မှိုင်းတိုက်နေတာ မင်းကိုဗေဒင်က ဟောမယ်. . ထီပေါက်ကိန်းရှိတယ်လို့ မင်းမထိုးရင် ဘယ်လိုလုပ် ပေါက်မလဲ . . . ပေါက်ဖို့ဆိုတာ အင်မတန်ဝေးလာဝေး မင်းဟိုက အဝင်သွားခုတ် ဒီကကိုင်းဆောင်နဲ့ ဘာဖြစ်လဲ ကဲ ဘာအကျိုးရှိလဲ"

"ခင် စာမေးပွဲအောင်ဖို့ပဲဟာတို့"

"စာမကျက်ရင် စာမေးပွဲအောင်မလား ခင်. . အကြောင်း ရှိမှ အကျိုးရတာပါကွာ. . . ဘာလို့မက်လုံးတွေကို ယုံနေတာလဲ။ ဘုရားတို့တကယ်ယုံကြည်တဲ့စိတ်ထားရင် အားလုံးဖြစ်တယ်၊ အဲဒါကြောင့်

www.burmeseclassic.com

www.burmeseclassic.com



ဗုဒ္ဓဘာသာကို သေချာသက်ဝင်ယုံကြည်ဖို့ပဲလိုတယ်. . ”

“ခင်ဒီလောက်ဘုရားမှာ ဆုတောင်းတာပဲ. . . အဲဒါ ယုံကြည်လို့ပေါ့ ကိုကို”

“တို့ဘုရားက ဆုတောင်းတိုင်းပြည့်မယ်လို့ မဟောခဲ့ပါဘူး ဘုရားရဲ့တရားတော်မှာ အတ္တာဟိအတ္တာနောနာထော မိမိကိုယ်သာ ကိုးကွယ်ရာတဲ့ ဘယ်သူမှမကိုးကွယ်နိုင်းဘူး . . . နောက်ဆို ပေဒင်သွားမေးဖို့ ပိုက်ဆံတောင်းရင် လုံးဝမပေးဘူး. . ပေါက်ကရ ရှစ်သောင်းတွေ . . . အဲဒီလိုယုံတဲ့လူတွေများလာရင် တိုင်းပြည် မွဲမယ်. . . ဘာလို့လဲဆို လူတစ်ယောက်ချင်းစီမှာရှိတဲ့ အစွမ်းသတ္တိ ကို မသုံးတော့ဘဲအဆောင်တွေ ပုတီးတွေ၊ ပေဒင်တွေ၊ သိုက်တွေ နန်းတွေ အဲဒါတွေကိုပဲ မှီခိုနေလို့ မှတ်ထားခင်ရဲ့ နိုင်ငံတစ်နိုင်ငံ ဟာ သိပ်ခေတ်နောက်ကျနေရင် မဖြစ်ထွန်းဘူး . . . မင်းတို့ အဲဒီ ဝရုတ်သုတ်ခတွေလျှောက်မေး ပြီးရင်ပေါက်ကရလုပ် ကြာရင် မလွယ်ဘူး . . . traditional တို့ သိပ်အလေးထားရင် စက်မှု နိုင်ငံမဖြစ်ဘူး ခင် . . traditional ဆိုတာအမျိုးမျိုးရှိတယ်. . မလိုလားအပ်တဲ့ traditional idea တွေဆိုပိုပယ်သင့်တယ်။ ရှေးကတည်းက ယုံလာတဲ့ ဒီတဖက်စွန်းကျတဲ့ ရှေ့ဖြစ်တွေကို ဘာလို့ကြိုသိချင်တာလဲ. . . လူဆိုတာ တနေ့အတွက် ပြီးအောင် လုပ်နိုင်ရင်ကြီးပွားမှာပဲ. . . ဘာလို့အနာဂတ်ကို ကြိုသိချင် တာလဲ။ အဲဒါ မှိုင်းတွေ. . . . ဦးနှောက်တွေကို မှိုင်းတိုက်နေတာ”





နောက်ဆုံး ခင်က အဲသလိုပြောရပါ့မလားဆိုပြီး ငိုလေသည်။ ငိုပစေ။ ကျွန်တော်မချော့ဘဲ ပစ်ထားလိုက်သည်။ ကျွန်တော် အိတ်ကပ်ထဲမှာလည်း ခင်ထည့်ထားသော အဆောင်ဓါတ်ပုံတွေ၊ လက်တစ်ဆစ်စာကိုင်းခြောက်ကလေးတွေနဲ့။ စိတ်ဆိုးဆိုးနဲ့ အကုန် ယူလွှင့်ပစ်လိုက်သည်။ ခင့်ဆီက တိုးတိုးလေး ရှေ့ရှိုက်သံကြားရသည်။

“ခင့်စေတနာကို နားမလည်ဘူး”

တကယ်စေတနာကို နားမလည်တာ ခင်ဖြစ်သည်။

ကမ္ဘာမှာဒီလောက် ကွန်ပျူတာတွေခေတ်စားနေတာ။ ကျွန်တော်တို့ဆီမှာ အခုမှစသင်တုန်း။ တချို့ဆို ကွန်ပျူတာဘာမှန်း မသိ။ (မှတ်ချက် - ဤဝတ္ထုပါကာလသည် ၁၉၈၅ ခုနှစ်ဝန်းကျင် ဖြစ်သည်။) နှစ်တစ်ရာလောက် အင်္ဂလိပ်နဲ့ဂျပန်လက်အောက်မှာ တစစီဖြစ်သွား၍ တိုးတက်ဖွံ့ဖြိုးမှုသည် တစ်နပ်စားကြသူတွေ များလာတာကြောင့် နှောင့်နှေးရသည်။ ကန်စွန်းရွက်တစ်မတ်ဖိုး ဆိုလျှင် လက်တပွေ့ ရသောအချိန်ကနေ့ တစ်ကျပ်ဖိုးသုံးစည်း ဖြစ်နေလေပြီ။ လုပ်ရကိုင်ရတာ လူအမျိုးမျိုးနဲ့ ဆက်ဆံရတာမို့ ကိုယ်ကခံလိုက်ရတာလဲရှိသည်။ ကိုယ်က သူများခံရအောင်တော့ မလုပ်ဘူးချေ။

ခင်က ဘာမှမသိ။ တနေ့ထမင်းနှစ်နပ်စားနိုင်ဖို့အတွက် ယောက်ျားက ဘယ်လောက်စိတ်ရောကိုယ်ပါ ပင်ပန်းရကြောင်း။ သူတို့အေးအေးလူလူနေနိုင်ဖို့အတွက် . . . . သူတို့လူကြားထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



တင့်တယ်ဖို့အတွက် ဦးနှောက်ရောလက်ပါ အနားမရ။ဒါတောင် ကျွန်တော်နဲ့နေရတာ ကံဆိုးတယ်ထင်ရင် ထင်တော့ခင်။

* * *





## အခန်း (၉)

အိမ်ပြန်ရောက်လာတာ ကလေးဘဝပြန်ရောက်သွား သကဲ့သို့ပင်။ သားလေးကဖေဖေနဲ့ အဆင်ပြေနေသည်။ ခင်ကတော့ မီးဖိုချောင်ထဲ ဝင်စရာမလိုဘဲ သူများချက်ကျွေးတာ အဆင်သင့်စားရသည်။ မေမေက ခင့်ကို မီးဖိုချောင်ထဲတောင် အဝင်မခံ။ မမကြီးကလည်း သားလေး ကိုချစ်သည်။ မမရဲ့သမီးကလေးပင် မူကြိုထားတဲ့အရွယ်ရောက်နေပြီ။

"မေမေက မြေးတွေနဲ့ နေရရင် ပုတီးတောင်မေ့ချင် တာ. . . ခင် ရယ် . . သမီးအခု မာစတာမတက်ရသေးဘူးပဲ. . အိမ်ကိုတစ်လ တစ်ခေါက်တော့ ပြန်လာပါလား . . . ညီအစ်မတွေ စားချင်တာလုပ်စားကြ . . . အိမ်ထောင်ကျလို့ ဧည့်သွားကွဲတာမျိုး မဖြစ်စေနဲ့ . . . သူစိမ်းဖက်လာမေ့ဲ အရင်လိုပဲနေ"



www.burmeseclassic.com

www.burmeseclassic.com



ခင်ကတော့ မေမေ့ကိုဘာမှ ပြန်မပြောဖြစ်။ အခု ခင်ဒီကို လာတာတောင် စစ်ဆေးတိုက်ပွဲလုပ်ပြီးမှ လာရတာ။ မိဘဆို တာကတော့ သားသမီးနဲ့ အမြဲတူတူနေချင်မှာပေါ့။

"နှင့်ယောက်ျားကို သတိမရဘူးလား ခင်"

ခင့်မှာ တနေ့တနေ့ သူများချက်ကျွေးတာ အသင့်စားနေရပြီး စိတ်ချမ်းသာနေတော့ ကိုလတ်ကိုတောင် သတိမရ။

"မမပြောမှပဲ သူနဲ့ဝေးလေကောင်းလေပဲ"

"နင်ကလေးမဟုတ်တော့ဘူး ခင်. . . နင်ခုထိစကားကို ပေါ့ပျက်ပျက်ပြောတုန်း ကလေးပဲရနေပြီ"

"ကလေးရတိုင်း ကလေးလိုမနေရတော့ဘူးတဲ့လား မမကလဲ. . . ကိုယ်အိမ်ကိုယ်ပြန်တာပဲ ဥစ္စာ. . . ကလေးလို နေမှာပဲ"

မမက ခင့်ကို ပြုံးပြီးသာ ကြည့်နေသည်။

"ဒါနဲ့ မမလူကြီးရော ခြေငြိမ်သွားပြီလား"

"အင်း"

"မမဘယ်လိုသိလဲ"

"ဟိုတစ်ခုလပ် လင်ယူသွားပြီလေ"

"ဟုတ်လား ဘယ်ကလူနဲ့တဲ့လဲ"

"ပြောပြရင် အံ့သြစရာကောင်းတယ် ခင်ရေ. . . ကောင်လေးကခုမှ အသက်ကဆယ့်ခွန်လောက်ရှိတာကွယ် . . . အဲဒီ မိန်းမအိမ်မှာ





ရေထည့်ပေးတယ်လေ. . . နောက်တောက်တိုမယ် ရလုပ်ပေး တယ် . . . ဖင်ပုတ်ခေါင်းပုတ်နေရင်း . . . ယူကြလေသ တည်းဖြစ်သွား တာပဲ. . . အိမ်ကဟာကြီးကတော့ ဘာမှခံစားပုံ မပြဘူး . . . "

"မမ"

"အင်း"

"မမစိတ်ထဲမှာ အဲဒီကိစ္စကို သူ့ကိုဖွင့်မမေးချင်ဘူးလား"

"ဘာလို့မေးရမှာလဲ ခင်. . . အချိန်တန် ကိုယ့်ဆီမှာ သူရှိနေရင် ပြီးတာပဲ"

"ဟင် တမျိုးကြီးပဲ ခင်သာဆိုရင် ငိုမိမှာ. . . "

"မိန်းမတွေက ကိုယ့်ယောက်ျားအငယ်ထားရင် ထပ်ရှုပ်ရင်ပွဲ မကြမ်းရဘူး ခင်ရဲ့ . . . ငိုစရာလဲမလိုဘူး . . ဒီမှာ မသိချင် ယောင်ဆောင် ပြီး ကြိုးရှည်ရှည်သာလှန်ပေးထားလိုက်. . . အရမ်း ဂရုစိုက်ပြ ကြင်နာပြ. . . သူတို့က တစ်သက်လုံးဂရုစိုက်ခံချင်လို့ မယားယူထားတာ . . . အဲဒီအချက် နဲ့သာ အညာကိုင်ထားဘယ် ယောက်ျားမှ ကိုယ့်မိန်းမဆီကနေ မလွှင့်ဘူး"

"မမရဲ့ အဘိဓမ္မာတွေ နားထောင်ရတာ တစ်ဖက်သတ်ဆန် လွန်းသလိုကြီးပဲ"

"ဘာကို တစ်ဖက်သတ်ဆန်တာလဲ ခင်"

"အဲဒါတွေက ဝတ္ထုတွေ၊ ရုပ်ရှင်တွေထဲမှာပါနေတာရိုးနေပြီ ခင်တော့ ခင့်ယောက်ျားက မိန်းမတွေနဲ့ မရှုပ်လို့လား မသိဘူး . . . အဲဒီအ



www.burmeseclassic.com

www.burmeseclassic.com



တွက်တွေးပြီးတော့ မပူပါဘူး . . . ခက်တာက သူခင့်ကို သိပ်ချစ်နေတာ ပြဿနာဝဲ”

မမရောခင်ပါ လင်ယောက်ျားရဲ့ချစ်ခြင်းကို ခံယူရသော မိန်းမများဖြစ်သည်။ သို့သော် ခင်ကယောက်ျားရဲ့ အလုံးစုံချစ်ခြင်း ကို ရရှိပြီး မမယောက်ျားကတော့ ခြံထဲကမြက်အပြင် ခြံအပြင်က မြက်ပါ စမ်းသပ်စားချင်သော အစားဖြစ်လေသည်။

“သိပ်ချစ်လို့တော့မဟုတ်ဘူး ခင်ရေ . . . အိမ်ထောင်ပြုတုန်းကလဲ မလိုချင်ဘဲနဲ့ပြုရတာ . . . ပြုပြီးမှတော့ မဖျက်ချင်ဘူး . . . ဒါပဲ . . . ငါ့မှာဒီဆန္ဒပဲရှိတယ်”

နေ့လည်ဘက်ထမင်းစားပြီး ခင်တရေးတမော အိပ်ရန် ခုတင်ပေါ်သို့လှဲချလိုက်သည်။ ကျောနဲ့မွေ့ရာကပ်သွားတာနဲ့ ပရုပ်လုံးနံ့သင်းနေသော အိပ်ရာခင်းလေးကို မေမေတကူးတက အသစ်ဝယ်ပေးထားတာဟု တွေးလိုက်မိတာနဲ့ မိဘမေတ္တာကို သတိရမိသည်။

ဘယ်အချိန်အိမ်ပြန်လာလာ ခင့်ကိုနွေးနွေးထွေးထွေး ကြိုဆိုမြဲ။

ယောက္ခမအိမ်နဲ့တော့ တခြားစီ။

စိတ်က ကိုလတ်အစ်မအိမ် နှစ်ညအိပ်သွားလည်တုန်းက အဖြစ်ကို သတိသွားရသည်။ အဲဒီတုန်းက ခင်ငိုပြီးပြန်လာခဲ့ရ သည်။

အမျိုးတွေထဲမှာ ကိုလတ်ကို အချစ်ဆုံးမို့ ကိုလတ်မိန်းမ ခင့်ကို သူတို့ချစ်မည်ဟုလည်း ခင်ကမျှော်လင့်ထားပါ။ သို့သော် ခင်က





ကိုလတ်မိန်းမဖြစ်နေပြီပဲ။ သူစိမ်းလို့ ဆက်ဆံခံရရင်တောင်ခင်ဘာမှမပြော။ ခင့်ကို ရန်သူလိုမျိုး ကြည့်ကြဆက်ဆံကြတာတော့ ဆိုးသည်။

“နင်ဘာတွေတွေးနေတာလဲ ခင် . . . မျက်နှာကမဲ့နေတယ်”

မမက သိုးမွှေးထည်ကို လက်စသတ်ပြီး ခင့်ကိုမေးသည်။

“ဪ . . . ကိုလတ်တို့အမျိုးတွေဆီ သွားလည်တုန်းက အဖြစ်အပျက်တွေ သတိရလို့ပါ . . . အိမ်နဲ့တခြားစီပဲ”

“ဟုဲ့ . . . ဟိုကယောက်ျားအမျိုး”

“ဘယ်လောက်ထိဆိုးလဲဆို ဟင်းတောင်မှတစ်တုံးအပြင် ပိုမစားရဲဘူး . . . ကုန်ဈေးနှုန်းကဘယ်လောက်၊ လူကဘယ်နှစ် ယောက် ဒါကြားထဲဧည့်သည်လာသေးတယ်ဆိုပြီး ထမင်းဝိုင်းမှာ တောင်ပြောတာ”

“နင်ကဘာလို့သွားလဲ”

“ကိုလတ်ခေါ်လို့”

“သူခေါ်တိုင်းလိုက်လား”

“ခင်မလိုက်ရင် သူဘာလုပ်မယ်မှန်းမှ ခင်မသိတာ”

“ခင်”

“ဟင်”

“နင်ကိုလတ်ကို ကြောက်ရလား”

“မသိဘူး”

“နင့်ကြည့်ရတာကြောက်ရသလိုပဲ”



www.burmeseclassic.com

www.burmeseclassic.com



"အဲသလိုတော့ မဟုတ်ပါဘူး . . . ခင်က သူနဲ့ဖက်ပြိုင်ပြီး အောင်ရမှာရှက်တာ . . . နေတာကရပ်ကွက်ထဲမှာ မဟုတ်လား . . လူတွေတအုံ့ကြွရောက်ရင်သာ လှည့်မကြည့်ကြတာ . . . သူများ သွေးကွဲရင် ဝင်ပြီးမီးထိုးပေးတတ်တာမျိုး မမရဲ့ . . . သူနဲ့ဖက်ပြော ရမှာ ရှက်တော့ ခင်ငြိမ်ပဲနေတာပေါ့"

"အဲဒီတော့ ရောင့်တတ်တာပေါ့"

"အချိန်တန်ပါးစပ်ညောင်းရင် ပိတ်သွားမှာပေါ့"

မမက ခင်စကားကို ရယ်သည်။

* * *

"ခင် . . . ထတော့ . . . ကိုလတ်ရောက်နေတယ်"

မျက်လုံးကိုမဖွင့်ချင်သေးဘဲ ခင်ဆက်မှိတ်ထားမိသည်။ မှေးခနဲပျော်သွားရုံရှိသေး မမေက အထိတ်တလန့်လာနိုးသည်။

"ဘယ်ကကိုလတ်လဲ"

"အမယ်လေး . . . ညည်းယောကျ်ားကိုလတ်ပေါ့ ခင့်ရဲ့"

ခင်အလန့်တကြား မျက်လုံးဖွင့်ကြည့်လိုက်သည်။

"ဟင် . . . တကယ်လား မမေ"

"ငါက လိမ်တမ်းညာတမ်းကစားမဲ့ အရွယ်မဟုတ်ဘူး"

မမေက ပြောပြောဆိုဆို ခင့်ရှေ့ကထွက်သွားသည်။ ခင့်မှာ





ခေါင်းကိုအမြန်တစ်ပတ်လျှိုထုံးကာ အိပ်ရာပေါ်ကလူးလဲထသည်။ အိမ်ပြန်ရောက်တာဖြင့် တစ်ညနဲ့နှစ်နေ့ပဲရှိသေးသည်။

ညှော်ခန်းထဲမှာ ဖေဖေနဲ့စကားပြောနေသော ကိုလတ်က ခင့်ကို မြင်တော့အပြစ်ရှိသူလို တစ်ချက်ရယ်သည်။

ဖေဖေကအလိုက်သိစွာပင် "ခဏလှဲဦးမယ်" ဆိုကာ သူ့အခန်းထဲဝင်သွားမှ ခင်ကမေးလိုက်သည်။

"ဘာလိုလိုက်လာတာလဲ"

"သတိရလို့ . . . အားရော"

"အိပ်နေတယ်"

"ခင်ရယ် . . . ကိုကိုနေလို့ကို မရဘူး"

ခင့်လက်ဝါးတစ်ဖက်ကို ဆွဲယူကာ သူ့ပါးမှာကပ်ထားလေသည်။

"ခင်ရော . . . ကိုကို့ကိုသတိမရဘူးလား"

". . . . . . . ."

"ဟင် . . . ကိုကိုမေးနေတယ်လေ"

"အမှန်အတိုင်းပြောရမလား"

သူခင့်ကို သေချာစိုက်ကြည့်သည်။ ပြီးတော့ခေါင်းခါပြသည်။

"ကိုကို့ဆိုင်ပိတ်ထားခဲ့လား"

"အင်း"

"သက်သက်အလုပ်ရှုပ်ခံပြီးတော့ . . . "



www.burmeseclassic.com

www.burmeseclassic.com

"ခင်. . . ပြန်လိုက်ခဲ့နော်"

"ဟင်. . . လိုက်ချင်ပါဘူး"

"လိုက်ခဲ့ပါ ခင်ရယ်"

ခင်ဘာတတ်နိုင်မည်နည်း။ မိဘရင်ခွင်ထဲက ခင့်ကိုမရ အရဆွဲထုတ်သွားသူမှာလည်းသူ၊ အခုခဏနေ မိဘအိမ်ပြန်တော့လည်း သူ့ပဲမနေနိုင်မထိုင်နိုင် အတင်းအကျပ်လိုက်ခေါ်ပြန်သေးသည်။

နောက်ဆုံးတော့ ခင်သည် သူနဲ့ကင်းကွာလို့မရ။ သူသည် ခင်ဘယ်သွားသွား လိုက်မည့်အရိပ်ကဲ့သို့ပင်တည်း။

* * *

အိမ်ပြန်ရောက်တော့လည်း သာမန်ပါပဲ။ ဘာမှမထူး။ မေမေတို့အရိပ်အောက်မှာ ကလေးလိုပြန်နေရတဲ့ အချိန်ကလေးကိုသာ ခင့်မှာတမ်းတမ်းတတ။

"ကိုကို. . . မေမေက တစ်လတစ်ခေါက်အိမ်ပြန်တဲ့"

"ဘာ"

အနားကပ်အော်လိုက်သဖြင့် ခင့်အသားတွေပင်တုန်သွားသည်။ ဘာဆက်ပြောရမှန်းပင်မသိတော့။

"နေပါဦး . . . မင်းက လင်ရှိပြီးသားကွ. . . လင်နဲ့မနေလို့ အားတိုင်းအိမ်ပြန်ချင်လို့ ရမလားကွာ"



"မိဘအိမ်လေ ကိုကို"

"လောလောဆယ် မင်းကိုကျောင်းထားပေးတာ ဘယ်သူလဲ. . . မင်းရဲ့စားဝတ်နေရေး၊ ကျန်းမာရေး၊ ပညာရေးအကုန် ဘယ်သူတာဝန်ယူနေရသလဲ"

ခင်သူ့ကို ဘာမှပြန်မပြောနိုင်ဘဲ မျက်ရည်များသာ ဝိုင်းလာခဲ့သည်။ ဒါနဲ့များ သူခင့်ကိုချစ်သေးသတဲ့။

လူတစ်ယောက်ဟာ ကိုယ်လုပ်သင့်တဲ့အလုပ်တစ်ခုကို လုပ်ရတဲ့အခါမှာ အဲဒီအလုပ်ကို ငါလုပ်ရတယ်ဆိုပြီး ကြွေးကြော် ကြွားဝါစရာမလိုဟု ခင်တော့ထင်သည်။ ဖခင်တစ်ယောက်ဟာ မိသားစုကို ရှာဖွေကျွေးမွေးပြီး အိမ်ကိုကာကွယ်ပေးရသူဖြစ်တာနဲ့ ငါဟာဒီ အိမ်ရဲ့ခေါင်းဆောင် ငါရှာကျွေးနေရတာဟု လက်မထောင် စရာလား။ လုပ်သင့်တဲ့အလုပ်၊ လုပ်ကိုလုပ်ရမည့် တာဝန်ယူထား ပြီးတော့ အဲဒီလုပ်ရတာကြီးနဲ့ ကိုင်ပေါက်နေရတာ နားကလောလှသည်။ စိတ်ထဲ မှာရွံသလိုခါးသီးသည်။ ဒါဟာခင့်ရဲ့ ရပ်တည်မှုကို စော်ကား လိုက်တာပဲလေ။

ခင်က သူ့ရဲ့ဇနီး၊ သူ့ကိုမှီခိုပြီး ခင်ကျောင်းတက်နေရတာမို့ ခင့်ကို သူ့အစွမ်းအစကြောင့် လူရာဝင်ရတဲ့အဓိပ္ပါယ်။ ခင်မိဘတွေများ ခင့်ကိုကျောင်းထားပေးရလို့ တစ်ခါမှမညည်းညူဘူးခဲ့။ သူ့ကျမှ ပဲ. . .

"ငိုမနေနဲ့ . . . . ပြောရင်မျက်ရည်လေးစမ်းစမ်း စမ်းစမ်းတွေ ဖို့ပဲသိတယ်. . . ယောကျ်ားက ဘယ်လိုရှာဖွေနေရလဲဆိုတာ သိအောင်

www.burmeseclassic.com

www.burmeseclassic.com



မလုပ်ဘူး . . . နောက်ကလည်းမလိုက် ရှေ့ကလည်းမသွား ဘေးကလိုက်တဲ့ ဘေးလွယ်အိတ်လုပ်နေတာ အေးအေးဆေးဆေးမနေဘူး . . . ကဲ . . . မင်းဒီဘဲအိမ် ဒီလောက်ပြန်ချင်နေရင် ပြန် . . . သွား . . . ခုပြန် . . . ပြီးရင်ပြန်မလာနဲ့"

သူကခင့်အဝတ်ဗီရိုထဲက အဝတ်အစားတွေကိုယူပြီး ခင့်ရှေ့မှာပစ်ချပေးသည်။ ပြီးတော့ ဒေါသတကြီးတောက်ခေါက်ပြီး ဆဲဆိုရေရွတ်နေသေးသည်။

"ငါ့အချစ်ကို နားမလည်တဲ့မိန်းမ . . . ငါ့ကိုအချိန်ပြည့် လက်သီးပုန်းထိုးဖို့ပဲ စဉ်းစားနေတဲ့မိန်းမ . . ."

ခင်သူပြောသမျှတွေကို ကြားဖို့ခွန်အားမရှိတော့။ ခင့်ရှေ့မှာ အပုံလိုက်ပြန့်ကြဲနေသော ခင့်အကျီများကိုတလှည့် ဘီလူးသရဲလို ရှုံ့မဲ့နေသော သူ့မျက်နှာကိုတလှည့်ကြည့်ကာ စိတ်ထဲမှာ စူးစူးရှရှ နာကျင်လာသည်။

ဒါဘာအိမ်ထောင်ရေးလဲ။ အဆင်အမြဲပူဆူပြီး အော်ဟစ်ကာ ကြဖန်သဝန်တိုတတ်တဲ့ယောက်ျားတစ်ယောက်နဲ့ အိမ်ထောင်ပြုမိတာ ခင်တော့ဘဝဆုံးပြီတည်း။ ဘာမှလည်းမြှုပြင်လို့မရတော့။

မိဘကိုပြန်ဒုက္ခမပေးချင်သော ခင်သည် သူ့အပြောအဆိုကိုခံကာ သူနှင့်သေသည့်အထိ နေရတော့မည်တည်း။

* * *





## အခန်း (၁၀)

ခြေနှစ်ချောင်းမကာယ်နဲ့ဆိုပေမဲ့ အိမ်ထောင်ဦးစီးဆိုသော ဝေါဟာရအရ သူ့ဘက်ကအမျိုးမို့ လက်ခံလိုက်သောအခါ ခင့်အိမ်မှာ အငယ်ကောင်တို့လင်မယားရောက်လာခဲ့သည်။

"သူတို့ တော်တော်ဒုက္ခရောက်လာခဲ့ကြတာ ခင်"

ခင်ဘာမှပြန်မပြော။

"လောလောဆယ်နေစရာလည်းမရှိတော့ ပေးနေရမှာပဲ"

ခင်ငြိမ်နားထောင်နေဆဲ။

"အဲဒါ ခင်ကအကြီးပဲ . . . သည်းခံပြီးနေပါ"

"ကိုကို"

"ဘာလဲခင်"



www.burmeseclassic.com

www.burmeseclassic.com



"ကိုကို့ကို တစ်ခုမေးပါရစေဦး . . . ခင်ကကိုကိုယူထားတဲ့ မိန်းမနော်. . . ကိုကိုကခင့်ကိုတိုင်ပင်တာမှမဟုတ်တာ. . . ကိုကို စိစဉ်ပြီးမှ ခင့်ကိုအဲသိပေးနေတာပဲ ဥစ္စာ. . . ကိုကို့သဘောပါ. . . ခင်ကသူများလုပ်စာထိုင်စားနေတာလေ. . . ကိုကိုပြောသမျှ ခင့်မှာနားထောင်ပိုင်ခွင့်ပဲရှိတယ်. . . . ဝင်စွက်ဖက်ပိုင်ခွင့်မရှိဘူး . . . ခင်ကအသုံးမကျတာ ဘေးလွယ်အိတ်လို့ ကိုကိုပဲပြော ခဲ့တယ်မဟုတ်လား"

သူခင့်ကို စိတ်ပျက်အံ့ဩသလို ကြည့်နေသေးသည်။ ပြောစရာရှိတာပြောချင်တာ ပြောလိုက်ရသဖြင့် ခင့်ရင်ထဲမှာ ပေါ့သွားသည်။

"ခင်. . . ဘာလို့စကားနားထိုးရတာလဲ"

"စကားနားထိုးတာမဟုတ်ဘူး ကိုကို. . . ရင်ထဲကနာတာ"

ပြောပြီးလွယ်အိတ်လွယ်ကာ ခင်ကျောင်းသို့ထွက်ခဲ့လိုက်သည်။ M.Sc တက်နေတာမို့ ကျောင်းသူကျောင်းသား အသစ်ကလေးတွေ မြင်တိုင်း ခင်အိမ်ထောင်စောစောပြုခဲ့တာကို နောင်တရသည်။

အိမ်ထောင်ပြုတယ်ဆိုတာ မိုက်မဲခြင်းတစ်မျိုးပင်ဟု ခင်အိမ်ထောင်ပြုသက်ရလာလေ ထင်လာလေဖြစ်သည်။ သားကလေးသံယောဇဉ်ကတော့ ခင့်ကိုရစ်ပတ်စွဲနှောင်ထားဆဲ။ ဂျာနယ်ကျော်မမလေး၏ မုန်း၍မဟူဝတ္ထုကိုသတိရသည်။ ဝတ္ထုဖတ်ခါစကတော့ ခင်သည် အဲဒီထဲကကောင်မလေးကို ကိုယ်ချင်းသိပ်မစာဘဲ စာရေးဆရာသနားအောင် ရေးထားတာဟုသာ မြင်ခဲ့သည်။ အခု အိမ်ထောင်ကျမှ ခင်ကိုယ်ချင်းစာနိုင်ပြီလေ။





ခင်ပွန်းသည်ကချစ်၍ ချုပ်ချယ်ခြင်းကိုခံရသော ဇနီးမယားတစ်ယောက်ရဲ့ ခံစားချက်ကို ခင်နားလည်ပြီလေ။ တော်သေး တာက ခင်သည် ဆိုးရွားသောယောက္ခမတွေ၊ ယောင်းမတွေနဲ့ အနီးကပ်မနေရတာဖြစ်သည်။

လူဆိုတာဝေးနေမှကောင်းသည်။ အနေနီးလျှင် မကောင်းတာတွေကို အသေးအဖွဲကလေးမှအစ သတိထားမိတက်တာမျိုး။

ယောက္ခမနဲ့ချွေးမ၊ ယောင်းမနှစ်ယောက်ဘယ်တုန်းကများ တည့်ဖူးလို့လဲ။ ပြီးတော့ ခင့်ယောက္ခမတွေနဲ့ယောင်းမက ခင့်ကို သူတို့ဆီက ကိုလတ်အားဖွဲ့ထုတ်သွားသူဟု ဝန်တိုပြစ်တင်သူများ ဖြစ်သည်။

စရိုက်မတူသည့်အတွက် ကိုလတ်နှင့် ခင်တောင် တကျက်ကျက်ဖြသနာတက်ရသေးတာ။ သူတို့နဲ့သာအတူနေရင် ခင်တော့မချောင်။ လွတ်အောင်ရှောင်ပါလျက် အခုခင့်ဆီကိုမှ ဆိုက်ဆိုက်မြိုက်မြိုက် ပြဿနာကရောက်ရှိလာပြီတည်း။

ခင်ရှောင်လို့လည်းမလွတ်၊ သက်ပြင်းမောတွေထုတ် ရလွန်းသဖြင့် ဝါးစပ်လည်းညောင်းလှပြီ။

သားလေးကို မူကြိုပို့တဲ့တာဝန်ကို ကိုလတ်က အငယ်ကောင်မိန်းမအရွေအား လွှဲပေးလိုက်သည်။

"နင့်အစ်မက ကျောင်းတစ်ဖက်နဲ့. . . အဲဒါမီးဖိုချောင်ဖက် ခင်ကူလုပ်ပေး. . . အငယ်ကောင်က ငါနဲ့ဆိုင်ဝိုင်းထိုင်"



www.burmeseclassic.com

www.burmeseclassic.com



ကိုလတ်ရွှေ့မှာသာ ဟုတ်ကဲ့ဟု ခေါင်းညိတ်သည်။ ကိုလတ်နဲ့အငယ်ကောင် အလုပ်သွားတာနဲ့ ခင်သည်အရွှေရဲ့ ပြုစုစောင်း မြောင်းပြီး မကြားတကြားပြောတာခံရသည်။

အိုးတွေခွက်တွေဆောင့် ချလို့ချ၊ ပြီးရင်ငရုပ်သီးထောင်းတာတောင် လိုတာထက် အသံပိုမြည်အောင်ထောင်းသည်။

"နေစရာမရှိလို့ လာနေပါတယ်. . . ကျွန်ဖြစ်မှန်းမသိဖြစ် ရပြီ" စာကျက်နေရင်း ခင်စိတ်မကောင်းချေ။ မီးဖိုထဲဝင်ပြီး

"အရွှေ. . အခုဘာချက်နေလဲ. . ခင်ကူချက်ပေးမယ်"

အဲဒီအခါမျိုးမှာ . . .

"ရပါတယ်အစ်မရယ်. . . ကျွန်မလုပ်နေကျပါ"

ဟုမောင်းလွှတ်တတ်သည်။

ဘာကိုနားလည်ရမှန်းမသိချေ။ ညဥ့်နက်၍ဆိုင်ကပြန်လာလျှင်လဲ အငယ်ကောင်က အရက်မူးအောင်သောက်လာသည်။

သောက်ပြီးအိပ်ရုံဆို ပြဿနာမရှိ။ သောက်ပြီးရင် ပစ္စည်းတွေကန်ကျောက်ဖျက်ဆီး၊ အဆိုးဆုံးက လင်မယားရန်ဖြစ်၍ သတ်ကြခြင်းပင်ဖြစ်သည်။ စသတ်ကြတဲ့နေ့ကဆို ခင့်မှာသားကလေးကိုဖက်ပြီး အိပ်ခန်းထဲမှာကြောက်နေရသည်။

"ကိုကို. . . နည်းနည်းသွားပြောပါဦး . . . ဒီလောက်ဝုန်းဒိုင်းဖြစ်နေတာ. . ပတ်ဝန်းကျင်က ခနဲ့ထုနေဦးမယ်. . နေတာတရပ်ကွက်ထဲမှာ"





သူက တောက်တစ်ချက်ခတ်ကာ အငယ်ကောင်တို့အခန်းဘက်ကူးသွားသည်။ လင်မယားရန်ဖြစ်၍ သွားဖြန်ဖြေခိုင်းသော ခင်မှာကိုယ့်အပြစ်နဲ့ကိုယ် ကိုယ့်နဖူးသာထုတော့သည်။

ကိုလတ်က ဒေါသကြီးကြီး၊ အငယ်ကောင်ကမူးမူး . .

ညီအစ်ကိုနှစ်ယောက်ထိုးကြ ကျိတ်ကြနဲ့။ ဒီကြားထဲ အရွှေကအော်သေးသည်။

"အမယ်လေး . . . အရပ်ကတို့ရဲ့ . . . ကျွန်မယောက်ျားကိုသေအောင်သတ်နေပါတယ် ရှင့်"

ကောင်စီလူကြီးနဲ့ ဆယ်အိမ်မှူးတွေကတောင် မနေနိုင်၍ လာရောက်ဖြန်ဖြေပေးရတဲ့ အဆင့်ရောက်သွားသည်။

ပြဿနာတွေအားလုံးရှင်းလင်းပြီးတော့ ခင်က. . .

"နောက်ရပ်ကွက်ထဲမှာ ရပ်ဖြစ်ရင် ကိုကို့ကို သွားဖြေခိုင်းရမယ်" ဟု ရွဲ့ပြောဖြစ်သည်။

"အရွှေကို တံမြက်စီးနဲ့ရိုက်နေလို့ ငါဝင်ထိုးလိုက်တာကွ"

"အဲဒါပြောတာပေါ့ . . . လင်မယားကြား မောင်နှမကြားဘယ်တော့မှမဝင်နဲ့တဲ့ . . . ခင်မှားတာပါ. . . ကိုကို့ကို သွားဖြန်ဖြေခိုင်းတာကိုး . . . အငယ်ကောင်အရက်သောက်တာ ကိုကိုကကြည့်နေရသလား"

"ဟ. . . ဒီကောင်ကနှစ်ပက်လောက်သောက်ပြီး ရစ်တဲ့ကောင်"

www.burmeseclassic.com



"ကိုကို . . . သူတို့ဘယ်အထိနေကြမှာလဲ"

ခင့်စကားကို သူမဖြေနိုင်။ ငိုင်သွားသည်။ ပြီးမှ . . .

"မသိဘူးကွာ"

* * *

သားကလေးက သူ့တင်ပါးကိုလှန်ပြသည်။ တင်ပါးမှာ လက်ဝါးရာ

"နာလား ကောင်းကောင်း"

"အင်း"

"ဆရာမရိုက်တာလား"

ကောင်းကောင်းက ခေါင်းခါပြသည်။

"တီတီ"

အရွှေရိုက်မှန်း ခင်သဘောပေါက်လိုက်ပြီ၊ ဒီအတိုင်းဆိုရင်တော့ ခင်သူ့ကိုသွားပြောမှ ဖြစ်တော့မည်။

"အရွှေ"

"ဘာလဲ အစ်မ"

"ကလေးကို မနက်ကကျောင်းသွားဖို့ရင်း ရိုက်သေးလား"

အရွှေမျက်နှာကွက်ခနဲပျက်သည်။

"ဘာလို့လဲ အစ်မ"





"ကလေးတင်ပါးမှာ လက်ဝါးရာတွေ့လို့"

"ဩော် . . . ကျွန်မရိုက်တယ်လို့ အစ်မကထင်လို့လား။ ကျောင်းကဆရာမ ရိုက်ချင်ရိုက်မှာပေါ့"

"ဆရာမ ရိုက်တာမဟုတ်ဘူးတဲ့"

"ကလေးပြောတာ အစ်မယုံတယ်"

"ကောင်းကောင်းလိမ်မပြောတတ်ဘူး"

စိတ်ထဲမှာ မကျေနပ်စိတ်ကိုမြိုကာ ကိုလတ်ပြန်လာတော့မှ ရင်ဖွင့်ဖြစ်သည်။ ကိုလတ်က မျက်နှာမှုန်ကုပ်ကုပ်နဲ့ နားထောင်ပေးလို့တော်သေးသည်။

"အဲဒါပဲ ကိုကို . . . ခင့်သားကိုရိုက်တာ မဟုတ်ဘူး။ အခု ကလေးကို ရိုက်ပြီးမေးတော့လဲ ဟိုလွှဲဒီဖယ်လုပ်သေးတယ် . . ခင်ဒေါသထွက်တာမှ အရမ်းပဲ . . အသားချင်းကိုယ်ချင်းမစာ။ ကိုကို သူတို့ကို ဘယ်အချိန်ထိထားမှာလဲ တသက်လုံးတင်ကျွေးထားမှာလား . . . ထမင်းချက်တာလောက်တော့ ခင်လုပ်နေကျပါ . . အရွှေရှိလို့ ဘာမှမထူးဘူး . . . အဲဒါလေး ဝန်းပြုပြီးတော့ ကတုံးပေါ် ထိပ်ကွက်တာတော့ လွန်လွန်းပြီ။ သည်းမခံနိုင်တော့ဘူးနော်"

"ကိုယ်လဲ ပြောရမှာ အားနာလို့ခင်"

"ဘာကိုလဲ ကိုကို . . . အိမ်မှာဆက်ထားဖို့လား . . . အိမ်ထောင်ကျနေပြီပဲ ကိုကိုရာ . . . ကိုယ့်ဟာကိုယ်မိန်းမကို ရှာကျွေးပစေ



www.burmeseclassic.com

www.burmeseclassic.com



ပေါ့ . . . ကိုယ်ခြေထောက်ပေါ်ကိုယ်အားမကိုးဘဲနဲ့ . . ဒီလိုကပ်တွယ်နေလို့ ဘယ်ဖြစ်မလဲ . . . ခင့်ကျောင်းစရိတ် . . မိသားစု စရိတ်နဲ့ . . . ဝန်ပိတယ်"

အိမ်ထောင်ကျပြီးမှ ခင်တတ်လာသောပညာများအနက် တစ်မျိုးမှာ သူများနားဝင်အောင် ဆွဲဆောင်ပြောဆိုနည်းဖြစ်သည်။ ကိုယ့်ယောကျ်ားကို ဘယ်အချိန်မှာ နားဝင်မလဲဆိုတာ ခန့်မှန်းတတ်လာသည်။

ဘယ်ယောကျ်ားမဆို အိပ်ရာဝင်ချိန်မှာပြောလျှင် ၉၉ ရာခိုင်နှုန်းက ခေါင်းညိတ်တတ်ကြသည်။ ဒါကြောင့် ဝန်ကြီးသေ တမတ်ဝန်ကတော်သေ တစ်ကျပ်ဟု ဆိုရိုးစကားထားခဲ့ခြင်းဖြစ်သည်။

"ခက်တယ်ကွာ"

"မခက်ပါဘူး ကိုကို"

"ကိုယ်က ညီအရင်းလေကွာ"

"ဒါပေမဲ့ ခင်ကလည်း ကိုကို့မိန်းမအရင်းကြီးမဲလေ . . သားကရော တဝမ်းကွဲသားမို့လို့လား"

ခင်စိတ်ပေါက်ပေါက်နဲ့ . . အဲသလိုပြောတော့ သူရယ်လေသည်။ ပြီးတော့ ခင့်ခေါင်းကလေးကို ရင်ခွင်ထဲဆွဲသွင်းကာ နဖူးလေးကို ငုံ့နမ်းသည်။

"ကိုကို . . . ခင်မေးတာ ဖြေဦးလေ"

"အေးပါမိန်းမရာ . . . ကိုကိုပြောပါ့မယ် . . ကျေနပ်ပြီလား"

ခင့်ဘဝမှာ ဘယ်သူတစ်ဦးတစ်ယောက်ကိုမှ ချောက်တွန်းခြင်းတစ်စုံတစ်ယောက်ကို အသုံးချ၍ ကြံစည်ခြင်းများမရှိခဲ့။ ခုတော့ သားလေးကိုရိုက်သည့်အတွက် ခင့်ရန်သူကိုခင် ပထမဆင့် ချေမှုန်းနိုင်ပြီတည်း။

သားသမီးထိ မခံနိုင်ကြည့်ဆိုသော မိဘတို့၏ အတ္တကို ခင် ကောင်းကောင်း အသုံးချတတ်ပြီတည်း

* * *

"ကဲ . . . ထိုင်ကြ . . . မင်းတို့ကို ပြောစရာရှိတယ်"

အငယ်ကောင်တို့ လင်မယားက ထိုင်ခုံပေါ် မျက်နှာမှုက်ပျက်နှင့် ဝင်ထိုင်ကြသည်။ သူတို့အဖြစ်ကို သူတို့သိမှာပဲဟု ခင် တွေးလိုက်သည်။

အိမ်မရှိယာမရှိနဲ့ . . . သူများအိမ်မှာကပ်နေပြီး . . အ ဆင်ပြေအောင် မနေတတ်ကြ . . . အိမ်ရှင်လို ပြုမူပြောဆိုနေကြတဲ့ နောက်တော့ ဘယ်သူကမှသည်းခံမှ မဟုတ်။ ကြက်ဖတောင် ကိုယ့်နယ်မှာပဲ တွန်လို့ရသည်။ သူများနယ်ရောက်ရင် ကြက်မ ဖြစ်သွားရရော။ ပြီးတော့ ကိုယ့်အနေအထားကိုယ်မသိဘဲ မင်းမူ စိုးမိုးချင်တာမကောင်း။ ကိုယ့်အိမ်မဟုတ်လျှင် ညှိသည်ပဲပေါ့။ ညှိသည်ဆိုတာ အချိန်တန်ရင် အိမ်ပြန်ရမည်။

"မင်းတို့ . . . "







www.burmeseclassic.com

www.burmeseclassic.com



ကိုလတ်စကားဆက်ရမှာ ခက်သလို ခဏရပ်ထားလိုက် သည်။

"အစ်ကို ဘာပြောချင်လဲဆိုတာ ကျွန်တော် သိပါတယ်။ ကျွန်တော်တို့မှာ နေစရာအိမ်မရှိဘူး . . အစ်ကို။ ငှါးနေရအောင် ကျွန်တော်မှာ အလုပ်မရှိဘူး အလုပ်ရခဲ့ရင်တောင် ရတဲ့ငွေနဲ့ အိမ်ငှါးနေ ဖို့စားဖို့ မလုံလောက်ဘူး . . . အစ်ကို"

ခင်သည် လောကကြီးမှာ ဤသို့အရည်အချင်းမရှိ။ မကြီး စားချင်သောယောကျ်ားညံ့များရှိသေးကြောင်း မျက်ဝါးထင်ထင် မြင်ဖူးတာမို့ အံ့ဩနေသေးသည်။ ကိုလတ်မျက်နှာကို ခင်ကြည့် လိုက်တော့ တွေဝေခွဲရ ခက်ဟန်ပေါ်သည်။

"ဟုတ်ပါတယ် အစ်ကိုရယ် . . . အရွှေတို့မှာက အစ်ကိုပဲ အားကိုးစရာရှိတာ"

"ငါသိတယ် . . . အေး . . . ဒါပေမဲ့ နင်တို့နေပုံထိုင်ပုံကိုလဲ နင်တို့ ပြန်ကြည့်ဦး . . . ငါ့သားကိုလည်း ရိုက်သေးတယ်"

အရွှေမျက်နှာကို လှမ်းကြည့်သည်။ သူ့အကြည့်မှာ ရန်လို ခြင်း မတတ်သာ၍ သာအကြည့်နဲ့ ဖြေသိမ့်ရတာမျိုး ပြီးတော့ ခင့် ကို နေနှင့်ဦး ပေါ့ဆိုသော အဓိပ္ပါယ်မျိုးပါသည်။ ခင့်စိတ်ထဲမှာ မိန်းမပီပီမခံချင်စိတ်တွေ ထလာကာ အသားတွေပင်စပ်ဖျင်းစပ်ဖျင်း ဖြစ်နေသည်။

"ကိုကို"

ခင်စကားပြောရန်ပါးစပ်ဟလိုက်စဉ်မှာပဲ ကိုလတ်က လက်ကာ





ပြသည်။ ပြောချင်တာတွေ မျိုသိပ်ပြီး ပြန်မျိုချလိုက်ရသည်။

ကိုလတ်မရေမရာလုပ်ပုံနဲ့ သူတို့အိမ်မှာ ကပ်တွယ်နေဦးမှာပဲ။ ကိုလတ်ဟာလေ အပြင်ပန်းက ကြည့်တော့သဘောဆိုးပုံနဲ့ အင်မတန် အူကောင်းသည်။

"ငါပြောချင်တာ မင်းတို့အိမ်ငှါးနေဖို့ပြောမလိုပဲ . . . ဒီအိမ်မှာ နေရင် . . . ငါ့မိန်းမနဲ့ ငါ့သားကို ထိခိုက်စရာမလိုဘူး။ မင်းတို့ကို တင်ကျွေး ထားရသေးတယ် . . . ကျေးဇူးမသိတတ်ရင် တောင် ကျေးမစွပ်သင့် ဘူး . . . လူဆိုတာ ကိုယ်ဘယ်အနေအထား ရောက်ရောက် ဘယ်အခြေ အနေကလာတယ်ဆိုတာ မမေ့သင့်ဘူး။ ပြီးတော့ မျက်နှာထောက်ထား စရာလဲ လိုသေးတယ်"

အရွှေက . . .

ဒါဆို အရွှေတို့ ဒီအိမ်ကဆင်းပေးရမှာလား . . . အစ်ကို ရပါတယ် . . . အစ်ကို့ကိုမိဘလို သဘောထားပြီး အရွှေတို့က ကပ်နေတာပါ။ အကိုနှင်တော့လည်း ပြန်ရုံပေါ့။ အစ်ကို့မှာ အကြွင်နာတရား ဘယ်လောက် ရှိလဲဆိုတာ ဒီလောက်သိရရင်ကျေနပ်ပြီ"

အငယ်ကောင်က မျက်နှာအောက်ချနေရာက ခင့်ကို မော့ကြည့် သည်။

"အစ်မရယ် . . . ကျွန်တော်တို့ကို ကိုယ်ချင်းစာပါဦး"

အရွှေက ကက်ကက်လန်အသံဖြင့် သူ့ယောကျ်ားကို သူဆွဲ ခေါ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ရှင်စကားဆက်မပြောနေနဲ့တော့ အောက်ကျခံစရာလဲ မလိုတော့ဘူး. . . လမ်းဘေးမှာအိပ်စရာတွေ မေ့လွှန်းလို့"

ခင်ဘာမှ ပြောချိန်မရလိုက်။ ကိုလတ်က. . .

"ကဲ. . . ကဲ. . တော်ကြတော့. . . ဒီမှာပဲ ဆက်နေမယ် နေကြ" ဟူ စကားဖြတ်ကာ စီရင်ချက်ချလိုက်လေသည်။ ခင့်ရင်ထဲက အလုံးသည် လည်ချောင်းထဲတွင် တစ်ဆို့လျက်ရှိပြီး လူအားလုံးကို မကျေနပ်ချေ။

* * *

"မင်းဘာပြောမလို့လဲ ခင်"

ဆိုင်မှာလူရှင်းနေပြီ . . . ခင်နဲ့သူနှစ်ယောက်ထဲ စားပွဲမှာ ထိုင်တုံးသူမေးသည်။

"ပြောစရာရှိတယ်မို့လား ခင်"

"ရှိတာပေါ့ ကိုကို"

"ကဲ . . . . ပြော"

"ကိုကို. . . ခင်. . ကိုကို့ညီလင်မယားနဲ့ မနေချင်ဘူး"

"ကိုယ်သိတယ်"

"ဒါဆို ကိုကိုဘာလို့ စကားကို အပြတ်မပြောလဲ"

"ခင်. . . လောကကြီးမှာ ကိုယ်နေချင်သလိုနေလို့ရမယ်ဆို





ဘာဘောင်မှထားမှာ မဟုတ်တော့ဘူး နားလည်လား. . . ကိုကိုက လူကြီးလေ ခင်. . . ကိုယ့်ညီတစ်ယောက်လုံး လမ်းဘေးရောက် နေတာ ကြည့်ရက်ပါ့မလား . . . ခင်တွေးကြည့်လေ. . ခင်ရယ်။ လူကြီးလို ကျင့်စမ်းပါ. . . ကလေးလို စိတ်ကိုဦးစားမပေးနဲ့"

"ခင်သာစိတ်ကို ဦးစားပေးမယ်ဆိုရင်လေ. . . အခုရွှေမှာမြင် နေရတဲ့ ရေခွေးခွက်နဲ့ ကိုကို့ကိုကောက်ပက်ပစ်လိုက်ပြီ သိရဲ့လား"

"ခင်ဘာလို့ ဒီလောက်စိတ်တိုနေတာလဲ"

"ခင် ဖြစ်ချင်တာမဖြစ်ရဘူး. . . ဒါပဲ အဓိကကဒါပဲ. . ခင်ယောက်ျားယူတာ ကိုကိုတစ်ယောက်ထဲပါနော်. . . တခြားသူ တွေမပါဘူး . . . ခင်အိမ်ထောင်စုနှစ်စု ပူးမနေချင်ဘူး. . . ခင် သီးသန့်ပဲကြိုက် တယ်. . . ခင့်ကို အချိန်ပြည့် ဖြူစုစောင်းမြောင်းနေ မဲ့ကိစ္စကိုလဲ မခံနိုင်ဘူး. . . ခင်လဲလူပဲ ခင်လဲမိန်းမပဲ. . . တစ်နေ့မှာ အကြီးအကျယ် ပြဿနာတက်ရင် ကိုကိုဘယ်လိုရှင်းမလဲ"

"ဟာ. . . သူတို့က အိုင်ကျူခပ်နိမ့်နိမ့်တွေ. . ဒီမယ် ခင်ကိုယ့်အဆင့်နဲ့ ကိုယ်နေစမ်းပါ"

"ဘာကိုယ့်အဆင့်နဲ့ ကိုယ်လဲ"

"ခင်ကပညာတတ်လေ"

"ပညာတတ်တိုင်း ငုံ့ခံရမှာပေါ့ ဟုတ်လား"

"ခင်. . . မင်းဈေးဝယ်တဲ့အခါ. . ဈေးသယ်ကအငေါ်ဆိုးတယ်



www.burmeseclassic.com

www.burmeseclassic.com



ဆိုပါစို့ မင်းသူနဲ့ ဖက်ရန်ဖြစ်မလား"

"မဆိုင်တာတွေ ဆွဲထည့်ပြန်ပြီ"

"ကိုယ်ပြောတာ. . . လွှင့်ပစ်လိုက်စမ်းပါကွာ. . အဲဒီသဘောပဲ. . . ဒီမယ်. . . ပညာတတ်ပြီး ဦးနှောက်ရှိတဲ့လူဆိုတာ ဘယ်လောက်ပဲ စိတ်ညစ်ပါစေ. . ရိုင်းတဲ့နည်းနဲ့ ထွက်ပေါက်မရှာဘူး"

"ခင်ကတော့ ထဘီအလံထူပစ်ချင်စိတ်ပေါက်နေပြီ"

သူက ဟက်ဟက်ပက်ပက် ရယ်မောလေသည်။ ပြီးတော့ ခင့်ကို. . .

"ကလေးမဆန်ပါနဲ့ ခင်ရယ်"ဟု တိုးတိတ်စွာချော့သည်။

"ခင်ဘယ်အထိ သူတို့နဲ့. . . နေရမှာလဲ"

သူမဖြေနိုင်ပြန်ချေ။ အဲဒီအတွက် ခင့်မှာလဲအဖြေမရှိ။ ခင်တော့ ပညာတတ်ဆိုတာနဲ့ပဲ. . . ပညာမတတ်တဲ့ အိမ်ဖော်မ တစ်ယောက်ရဲ့ ဖြူစင်ရှတ်သီးထောင်းသံကို လွှင့်ပစ်ရတော့မည် ပေါ့။ လောကမှာ တရားတာမတရားတာသည် ပညာတတ် ဦးနှောက်နဲ့ နှိုင်းယှဉ်၍ အခြေအနေ၊ လုပ်ပိုင်ခွင့်အားလုံးပေါင်းလိုက်သောအခါ သုညဖြစ်သွားလေရော့သလား။

* * *



ကောင်းကောင်းကို ကျောင်းစထားသည့်အခါ ခင့်မှာ တာဝန်တစ်ခုတိုးလာသည်။ အဲဒါ ဘယ်ကျောင်းမှာထားမလဲ။ စာသင်ဖြင့် သူငယ်ချင်းဆရာမတွေရဲ့ စကားအရ ခင့်မှာ သားကိုဘယ်ပို့ရမှန်းမသိ။ စာမကြိုးစားဘဲ ပြိုင်ဆိုင်မှုရာထူးတွေထဲ သားမြှုပ်သွားမှဖြင့်။ ဒီခေတ်ကလေးတွေက အတတ်မြန်ကြသည် မဟုတ်လား။ ပြီးတော့ ဝကာသနတွေကြားထဲ သားလေးကို မထားချင်။

တက္ကသိုလ်ကဆရာမမို့ ခင့်မှာ ရန်ကုန်မြို့နာမည်ကြီး ကျောင်းတွေမှာ သားကိုကျောင်းထားနိုင်ခွင့်ရှိသည်။ ဒါပေမဲ့ ကိုယ်ကလူတန်းစား အမြင့်ထဲကမဟုတ်။ သားကိုကားနဲ့ လိုက်မပို့နိုင်။ သုံးဖြုန်းပြိုင်ဆိုင်သော ပတ်ဝန်းကျင်ထဲ မသုံးနိုင်ဘဲ သားကိုသွားထားလျှင် ကလေးရဲ့စိတ်မှာ လူ့ဘဝဆိုတာကို တံမျိုးမြင် သွားလိမ့်မည်။ ခင်အဲဒါကို အကြောက်ဆုံးပါပဲ။

မိဘချင်းမေတ္တာမယှဉ်ဘဲ ရာထူးချင်း၊ ပိုက်ဆံချင်းကြွားဝါတတ်သော ဓလေ့စရိုက် ခင့်သားမှာမရှိစေချင်။

သားကို အဖြောင့်အတိုင်းပဲ ရှင်သန်စေချင်သည်။

အင်မတန်ရှုပ်ထွေးညစ်ပတ်သော ခင်တို့ရဲ့ လူ့ဘဝဝကာသန အဝန်းအဝိုင်းကြီးထဲမှာ နောက်ထပ်ရှင်သန်ကြီးပြင်းလာမည့် ကလေးတစ်ယောက်အတွက် ခင်သေချာစဉ်းစားရသည်။

နောက်ဆုံး ခင် အ. ထ. က(၅) မရမ်းကုန်းသို့ သားကိုပို့လိုက်သည်။

www.burmeseclassic.com



"စည်းကမ်းလဲကောင်းတယ်. . . ပြီးတော့ စာလဲသင်တယ်။ တပ်မတော်က အုပ်ချုပ်တဲ့ကျောင်းဆိုတော့ ကျောင်းထွက်တဲ့အခါ မျက်နှာပန်းလှတယ်"

သားကို အဲဒီဆုံးဖြတ်ချက်နဲ့ ခင်ကျောင်းပို့သည်။

ခင်ကိုယ်တိုင်က ဆရာမတစ်ယောက်ဖြစ်ခဲ့ပြီမို့လား။

ပထမဆုံးနေ့မှာ သားကွန်ပါဘူးပျောက်သည်။

"သား . . . ကွန်ပါဘူးရော"

ကောင်းကောင်းက မဖြေတတ်။ ခင်သိလိုက်ပါပြီ။ ပြဿနာဖြေ ထိုင်ဝယ်သည်။ နောက်နေ့ခဲတံတချောင်းပျောက်သည်။ လှူကစိတ်တိုပြီး နောက်နေ့ ခဲဆံဘူးပျောက်သည်။ ဒါ့အပြင် သားလက်မှာ ဒဏ်ရာ ပါလာသည်။

"သားကို ကောင်လေးတစ်ယောက်ကထိုးတာ" ဟု သားကပြန်ပြောပြသည်။ ခင်မနေသာတော့။

ကျောင်းလိုက်ရလေသည်။ အတန်းပိုင်ဆရာမ သူငယ် ချင်းတော်ဖြစ်နေသည်။

"ကလေးချင်းဆိုတော့ ခွင့်လွှတ်လိုက်ပါ ခင်ရယ်. . ဒီမှာဆင်းရဲတဲ့သူများတယ်ကွဲ. . . . တပ်ထဲ စစ်သည်သားသမီးတွေ အများကြီး ပဲ . . . ကလေးတွေက ချို့တဲ့ပေမဲ့ ကြိုးစားကြသား။ တနှစ်တနှစ်ရဲဘော် သားသမီးထဲက ဆယ်တန်းကို ထူးထူးချွန်ချွန် အောင်သွားတာတွေ

*အ. ထ. က (၅)မရမ်းကုန်းသည် စာရေးသူ၏ ဇာတိချက်ကြွေ ကျောင်းတော်မြေ*





အများကြီး. . . ဒီကျောင်းမှာထားတာက တခြားကျောင်းတွေထက် ပိုကောင်းတယ်. . . ဆရာ ဆရာမတွေက သူငယ်တန်းကနေ ဆယ်တန်းအထိ ကျောင်းသားတွေကို မိသားစု လိုစာသင်တာ. . . ကထိန် ဆိုရင် သိပ်ပျော်စရာကောင်းတာ. . ပြီး တော့ တချို့ဆိုစာသိပ်တော်ပြီး မအေမရှိတာတို့ ဖအေမရှိတာတို့ ရှိသေးတယ် . . . ဒီမှာထားလို့ကတော့ အားလုံးမျှတမှုရှိတယ် ခင် အကုန်လုံးပဲ. . . ကိုယ်တို့ ဗူးပါတိတ်မရလဲ ကလေးတွေစာသင်နေရရင် ပျော်တာပဲ. . . "

သို့သော် ပစ္စည်းပျော်တာကတော့ ထုံးစံလိုပင်။ နောက်မှ ခင်လဲ ခပ်စုတ်စုတ်ကွန်ပါဘူးနဲ့ ခဲတံနှစ်ချောင်းသာထည့်ပေးတော့သည်။ သားကဆော့တော့ ကျောင်းရှေ့မြက်ခင်းပြင်မှာ လဲကျ ပျောက်နိုင်တာပဲဟု တွေးဖြေရသည်။

"မေမေ . . . ကျောင်းမှာပုရစ်တွေမှ အများကြီး"

သားက ညအိပ်ရာဝင်လျှင် စီကာပတ်ကုံး ပြန်ပြောတတ်သည်။

"ဆရာမက ရိုက်လားသား"

"အင်း . . . ဖင်ချွတ်ရိုက်တယ်"

"သားချွတ်ရသေးလား"

"တစ်ခါချွတ်ရတယ် ဟီး ဟီး"

သားက စာတော်လေသည်။ သို့သော် အိမ်စာလုပ်ရမှာ ပျင်းသည်။ သူ့ကျောင်းက ဆရာမလေးလှတာလဲ ပြောတတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မေမေ . . . သားကိုလေ ချစ်စရာလေးတဲ့"

"ဘယ်သူကတုံး"

"အတန်းကြီးက မမတွေက"

ခင့်မှာ ကိုတိုနဲ့ သိပ်မရင်းနှီးတော့ဘဲ သားနဲ့သာအချိန်ကုန်လေသည်။ ဒါတောင် ကိုကိုကပြောချင်သေးသည်။ သို့သော် သူလဲသားကိုချစ်သည်။ ခင့်ကိုလဲချစ်သည်။

* * *

ကလေးပင် ကျောင်းတက်နေရသည့်အရွယ်ရောက်သော်လဲ သူသဝန်တိုတာ ပိုလျော့မသွားပါ ပိုဆိုးလာသည်။ ခင်တာဝန်ကျသည်က ဆေး(၂)မြောက်ဥက္ကလာ။ ခင်ကအရပ်မြင့်ပြီး အသားလှသူဖြစ်ရာ တချို့ကျောင်းသူလေးများက . . .

"တီချယ်က အပျိုလား" ဟု စပ်စုကြသည်။

"ဟင့်အင်း သားကလေးရှိတယ်"

"ဟုတ်လား . . . ဘယ်နှစ်နှစ်ရှိပြီလဲ"

"ခုနစ်နှစ်"

"ဟင် . . . မြန်မြန်ကြီးရင်ကောင်းမယ်. . . ဒါမှ တီချယ့်တို့ ယောက္ခမတော်လို့ရမှာ"

ခင့်ရဲ့ သရုပ်ပြဆရာမဘဝသည်။ တစ်ခါတစ်ရံပင်ပန်းမှုများ





နှင့်ကြုံတွေ့ရပေမဲ့ ပျော်စရာကောင်းလှသည်။ ခေတ်ကတိုးတက်လာပြီမဟုတ်လား။ အရင်လို light microscope တွေနေရာ မှာ electric microscope တွေ အစားထိုးဝင်လာသည်။ မီးမလာလျှင်တော့ စာမသင်ရ။ အစစအရာရာသည် ခင်တက္ကသိုလ်တက်တုန်းကနှင့်မတူ။ ပြောင်းလဲခဲ့ပြီ။

ဆေးကျောင်းသူကလေးများသည် ပါးမှာသနပ်ခါးပင် မကပ်နိုင်ကြ။ စာမေးပွဲတွေကြားမှာ လူးနေရသည်။

နယ်ကပိုများကြသည်။

ကျောင်းသားတွေကလဲ တီချယ့် တီချယ်ဆိုပြီး စာကပ်မေးကြသည်။

"တီချယ် . . . အိမ်လာလည်လို့ရမလား"

ခင်မင်တဲ့ တပည့်မလေးတွေက ခင့်မှာအများသား။ သားကို ကျောင်းခေါ်လာလျှင် သူတို့ဝိုင်းနမ်းကြသည်။

"တီချယ့်သားကလေးက ချစ်စရာလေး"

သားကတော့ ကော်ရစ်တာတွေမှာ လျှောက်ဆော့နေ တတ်သည်။ Demonstrator သုံးနှစ်အတောအတွင်း ခင်သည် ရုက္ခဗေဒဘာသာကို သဲထဲဝင်ဝင်ကျွမ်းကျင်လာသည်။

တစ်ခါတစ်ရံပညာစမ်းသော တပည့်တွေက ရှိသေးသည်။

libraryက စာအုပ်လေး မတောက်တခေါက်ဖတ်ကာ ကိုယ့်ကို



www.burmeseclassic.com

www.burmeseclassic.com



ကိုယ် တဝင်မြှမ်းကြသေးသည်။ ဘာပဲဖြစ်ဖြစ် ဒါဆေးကျောင်းရဲ့ထုံးစံ။

ကျောင်းတွေမှာနံပါတ်တစ်ဖြစ်ပြီးတော့မှ ဆေးကျောင်းရောက်လာတာဆိုတော့ ဘဝင်ခပ်မြင့်မြင့်ကလေးတွေ။ သူတို့က F.R.C.S တို့ MRCP တို့ရထားတဲ့ ဆေးရုံကဆရာဝန်ကြီးတွေကိုတော့ ပြောနေကြသည်။ တချို့ Part II ကျောင်းသားတွေဆို demonstrator ကလေးများအား လှည့်ပတ်ချောင်းပိုးကြသေးသည်။ အသက်ချင်းကမှ သိပ်မကွာတော့တာ။

စာစရှင်းရတဲ့နေ့ဖြင့် ခင်ရင်တွေတော်င် တုန်သေးသည်။ ဖြစ်ပါမလားပေါ့။ နောက်တော့လဲ အားပါကာဖြစ်သွားသည်။ စာသင်ရတာကို ခင်ကသိပ်ကြိုက်ခဲ့တာ။ ကလေးတွေကြားထဲနေရတာပျော်စရာကောင်းသည်။

သို့သော် စာမေးပွဲအောင်သွားကြသော တပည့်မကလေးတွေက အိမ်လာလည်ပြီး ခင့်ကိုအပြင်ထွက်ဖို့ခေါ်တိုင်း ခင့်မှာ ငြင်းရသည်။ ခင်က ကိုယ့်အကြောင်းကိုယ်သိသည်။

ကိုကိုကမကြိုက်။ ပြီးတော့ ခင့်မှာက ညနေစာကို ထမင်းချက်ရသေးသည်။ အရွေကလဲ ခင့်ကိုအမဲသားဆိုလျှင်ခုတ်ဖြတ်ပစ်ချင်မှ

ဘာပဲဖြစ်ဖြစ် ခင်ကတော့ နေတတ်အောင် နေတော့မည်။ ပုံစံခွက်ဖြစ်နေသော ခင့်လူနေမှုဝန်းကျင်မှာ ခင်သည် ရင်ခွေအကျီလက်ရှည်ကလေးများနဲ့ ဇာဒါက်ဖိနပ်စီးကာ ကြွကြွလေးလမ်းလျှောက်တတ်သော





ဆရာမကလေးဖြစ်လာသည်။

"ကိုကို ကျောင်းကလေ. . . ဆရာမတွေစုပြီး ကျိုက်ထီးရိုးတက်ကြမယ်တဲ့ . . . ခင်နဲ့သားလိုက်သွားရမလား"

တစ်ခါသော ဒီဇင်ဘာက ခင်ခွင့်တောင်းဖူးသည်။ သူက စိတ်မဝင်စားသလို မကြားသလိုလုပ်နေသည်။

"ကိုကို ခင်မေးနေတယ်နော်"

အဲဒါလဲ သူကမကြားချင်ဟန်ဆောင်နေတုန်း။ နောက်ဆုံး သူ့ရှီးလက်စခါးအောက် ခင့်လက်ထိုးထည့်ပစ်လိုက်သည်။

"ဟ . . . ဘယ်လိုလုပ်တာလဲ လက်ပြတ်သွားမယ်. . . နားလည်လား"

"ပြတ်ပစေပေါ့ . . . ခင်မေးတာဘာလို့ မဖြေသလဲ"

"မသွားရဘူးကွာ"

ခင်လိုက်ခနဲ ငိုချင်မိသည်။ သူက

"မင်းကျိုက်ထီးရိုးသွားမှဘုရား ရောက်တာမဟုတ်ဘူး။ အိမ်က ဘုရားလဲ ဘုရားပဲ"

ခင်ဘာဆက်ပြောရမှန်းမသိ။ အဲဒါနဲ့ပဲ ခင်သူနဲ့စိတ်ဆိုးရပြန်သည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



ခင့်မှာ demonstrator ဘဝမှာ ၃နှစ်ပြည့်၍ လက်ထောက်ကထိက တာဝန်ဖြင့် ဆေးခန်းသို့နေရာပြောင်းရွှေ့ခွင့် ကျလာစဉ်က အရမ်းပျော်ရသည်။

"ကိုကို . . . ခင် transfer ရတယ်"

သူလန့်ဖျန့်အော်ထည့်လိုက်ရာ တစ်ဖက်ခန်းမှာ ရန်ဖြစ်နေသော အငယ်ကောင်တို့ လင်မယားပင် တိတ်သွားသည်။

"ဘာကွ . . . လာပြန်ပြီ"

"ကိုကိုရယ် . . . အခု ခင်က A.L ဖြစ်မှာလေ"

"မလိုချင်ပါဘူး . . , မင်းအလုပ်ကထွက်လိုက်တော့ခင်"

"ကိုကို . . , ခင်စာသင်ရတာ ဘယ်လောက်ကြိုက်တယ်ဆိုတာ သိသားနဲ့"

"လခကထမင်းစားလောက်ရဲ့လား ခင်"

အဲဒီမှာ ခင့်ရဲ့ပညာတတ်မာနတွေ ဝုန်းခနဲကြွသွားတော့သည်။

"ခင် ဒီအလုပ်ကိုနှစ်သက်လွန်းလို့ လျှောက်ခဲ့တာ . . . မစော်ကားပါနဲ့ ကိုကို . . . အေးလေ . . . ကိုကိုက ဆရာမှမလုပ် ဖူးတာ . . . ဆရာတစ်ယောက်ရဲ့ ပီတိကိုဘယ်ကိုယ်ချင်းစာပါ့မလဲ"

"ပီတိရှာ ဗိုက်ဝလား ခင် . . . ဗိုက်ဝရင် မင်းထမင်း မစားနဲ့"

"စကားကိုကပ်ဖဲ့မပြောပါနဲ့ ကိုကို ခင့်ကိုထမင်းမကျွေးနိုင်ရင် ကိုကို အစကတည်းက ယူမထားပါနဲ့လား . . . အခုဟာက လုပ်ငန်းကိစ္စပြော နေတာ"



"သားတကွဲလင်တကွဲနဲ့ မသွားရဘူး . . . ဒါပဲ"

ခင်ဒေါသထွက်ကာ အသားတဆတ်ဆတ်တုန်ကျန်ရစ်သည်။ ခင့်မှာတော့ Professor ဖြစ်ဖို့ကြိုးစားလိုက်ရတာ။ သူဒီလိုလုပ်ပုံနဲ့ ခင်တော့ဒီတစ်သက် ရာထူးတက်ရန်မမြင်။ နောက်ဆုံး ခင်ထွက်စာတင်ရသည်။ ဆရာကြီးက

"ဆရာမ . . . ရာထူးကတစ်ဆင့်ပြီးတစ်ဆင့် တက်မှာနော်"

"ကျွန်မသိပါတယ်"

"ဒီအခွင့်အရေးကို ဘာလို့လက်လွှတ်တာလဲ"

ခင့်မှာ မျက်ရည်ကိုမှတ်ခတ်ပုတ်ခတ်လုပ်ရင်း

"ကျွန်မသားကငယ်သေးတယ် ဆရာ . . . ပြီးတော့ အမျိုးသားကလည်း ကျွန်မနောက်မလိုက်နိုင်ဘူး . . . ဒါကြောင့်ပါ"

"ခက်တာပဲ ဆရာမအသင်ပြကောင်းတာ ကျွန်တော်တို့ လဲသိတာပဲ။ ကဲ . . . ဆရာမ ကျွန်တော်တို့ပြန်စဉ်းစားပေးမယ်။ ထွက်စာပြန်သိမ်းထားပါဦး လောလောဆယ်မလိုအပ်သေးပါဘူး"

နောက်ဆုံး ခင့်ကိုဆေး(၂)မှာပဲ A.L ရာထူးနဲ့ ဆက်ထားကြသည်။ အလုပ်မထွက်ရတဲ့အတွက် ခင်ဝမ်းသာသည်။

သို့သော် သူနဲ့ ခင်ကြားပို ဝေးလာသလို ခံစားရသည်။ သူဟာသူ့အတွက်ပဲ အတ္တရှိတဲ့လူမျိုးဖြစ်သည်။

ခင်အိမ်ထောင်သက်ရလာလေလေ အဲဒါကိုနားလည်လာ လေပင်။

* * *

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၁)

ခင်သည် 99 batch ကတပည့်မလေးသုံးယောက်နဲ့ အတော်ခင်မင်သည်။ သူတို့ကို ခင်က ချို၊ မေ၊ မီဟုခေါ်လေသည်။ သုံးယောက်မှာတစ်ယောက်က စာရေးဆရာမကလေးဖြစ်သည်။ပြီးတော့ သွက်သွက်လက်လက်ချက်ချက်ချာချာရှိသည်။ အသားညို ကာ စကားများသည်။ နောက်တစ်ယောက်က မြောင်းမြသူ၊ ဆံပင် အရှည်ကြီး၊ စကားပြောလျှင်အသံကျယ်ကာ ရိုးသားသည်။ စာရေး ဆရာမကလေးကတော့ ဟန်ဆောင်တတ်သေးသည်။ နောက်တစ် ယောက်က အိညက်အိညက်နဲ့ ကြောင်အလွန်ချစ်သည်။

တစ်နေ့မှာ အိညက်အိညက်နဲ့ တပည့်မ မီက ခင့်ကို မေးသည်။

"တီချယ်. . . တစ်ခုမေးမလို့"





"အင်း . . . ပြော"

"တီချယ် ကိုကို့ကို ချစ်လား"

ခင်ဘာဖြေရမှန်းမသိ။ စာရေးဆရာမ်လေး 'ချို'က

"ဟဲ့ . . . ချစ်တာပေါ့ . . . နော်. . တီချယ်"

မြောင်းမြသူလေးက

"သြော် . . . ချစ်လို့လဲ ကလေးတစ်ယောက်ရနေပြီ"

ပြီးတော့ သုံးယောက်သား တခစ်ခစ်ရယ်ကြလေသည်။ မီက . . .

"ချစ်လားမချစ်လားဆိုတာ တီချယ်မဖြေချင်ရင်ရ တယ်နော် . . . ခေါင်းပဲညိတ်. . . ခေါင်းညိတ်ရင်ချစ်တယ်ပေါ့"

ခင်ခေါင်းခါပြလိုက်သည်။ စာရေးဆရာမကလေး စိတ်ဝင်စား ဟန်ပေါက်လာသည်။

"တီချယ်. . . တီချယ်ယောကျ်ားကို တကယ်မချစ်ဘူးလား. . . ဟာ ဒါဆိုအတော်ပဲ ဝတ္ထုကုန်ကြမ်းရပြီ"

မီ နဲ့ မေက ချို့ကို ဝိုင်း၍ ထောပနာပြုကြသည်။

"ကဲပါတီချယ်. . ပြောချင်ရင်သာပြော. သမီးဝတ္ထုရေးချင်လို့"

"ရေးတာက ပြဿနာမရှိပါဘူး"

မီက. . .

"တီချယ့် ကိုကိုသိသွားရင်ရော. . . "

"အို . . . သူကဝတ္ထုဖတ်တာမှ မဟုတ်တာ. . ရေး. . ရေး တီချယ်ပြောမယ်"



www.burmeseclassic.com

www.burmeseclassic.com



စာရေးဆရာမကလေးက စိတ်ဝင်စားစွာ နားထောင်ပြန် ပြသည်။

"သမီးတို့ရဲ့ အိမ်ထောင်ပြုတယ်ဆိုတာ. . . အချိန်ကြာတော့လည်း သံယောဇဉ်နဲ့ ဖွဲ့တည်သွားကြတာမျိုးပဲ. . သည်းခံရ တယ်. . . အဲဒါ ပထမဆုံးလိုအပ်တာပဲ. . . လောကမှာပြုသူနဲ့ခံသူ နှစ်မျိုးပဲ ရှိတယ်. . . ခံရသူဆိုတာ ခန္တာစပါရမီကိုတော့ ဂုဏ်ထူး မထွက်ရင်တောင် ဂုဏ်ထူးနဲ့ အောင်မှတ် ရထားသင့်တာမျိုး လူဆိုတာကိုယ့် တစ်ယောက်တည်းတောင် စိတ်ကတည့် တာ မဟုတ်ဘူး. . စိတ်နဲ့ ကိုယ်မကပ်တာ အများကြီးပဲ"

မီ။ ။ "ဟုတ်တယ်. . ဟုတ်တယ် သမီးဆို Micro သင်ရင်ဝိုက်နေတာပဲ . . . စိတ်ကအိပ်ချင်တာမှာပဲရှိတယ်. . စာမှာ မရှိဘူး"

ချို။ ။ "သမီးကတော့ အိပ်ချင်ရင်မျောက်အိပ်ပစ် တာပဲ ရှေ့မှာဆရာစာသင်နေလဲ ကိစ္စမရှိဘူး. . . ကိုယ်ကသင်ချင်ပေမဲ့ စိတ်ကမှ အိပ်ချင်နေတာ . . ဟဲ . . ဟဲ"

မေ။ ။ "သမီးလဲ အဲသလိုပဲ စာသင်ချိန်ဝိုက်လာပြီ တကယ်ပဲ အဆောင်ရောက်ရင်တော့ စိတ်နဲ့ကိုယ်ကပ်ပြီး ထမင်း ချက်စောတာပဲ"

သူတို့လေးတွေ ကြည့်ရတာ အပူအအပင်သိပ်ရှိပုံမပေါ်။ အိမ်ထောင်ရေးဆိုတာကို သိချင်စိတ်နဲ့ သူတို့ပုံဖော်ကြည့်ချင် ကြတာ။

မီ။ ။ "တီချယ် . . ဘယ်ကနေ ကိုကိုနဲ့စတွေ့သလဲ ပြောပြ"

"ဩော် တက္ကသိုလ်မှာပဲ. . . တီချယ်တို့က သူငယ်ချင်းတွေ"





ချို။ ။ "တီချယ်က သူငယ်ချင်းဆိုတာနဲ့ ချစ်သူဆိုတာ ခွဲခြားပြီး ရွေးခဲ့ရဲ့လား"

ခင့်ဆီမှာအဖြေရှိပါသည်။ တကယ်တမ်းခင်မှ မခွဲတတ်ခဲ့တာ။ ခင်ကသူငယ်ချင်းဆိုတာလေးရဲ့အားနာကူညီ ခေါင်းဆောင်တတ်တာ၊ ကြင်နာတတ်တာလောက်ပဲရွေးပြီး ချစ်သူအဖြစ် အကဲဖြတ်ခဲ့ခြင်းပေကိုး။

"ပထမတော့ တီချယ်လဲ သူ့ကိုအားကိုးရမယ်ထင်တာပေါ့။ ဒီလိုပါပဲ အထင်နဲ့အမြင်ဆိုတာ အမြဲလွဲတယ်"

ချို။ ။ "တီချယ် သူ့ကို ချစ်တယ်လို့ထင်ခဲ့တာလား"

"အင်း . . . မပြောတတ်ဘူး"

မီ။ ။ "ဟင် တီချယ်ဟာကလဲ ဟုတ်သေးဖါဘူး"

မေ။ ။ "ဟဲ့ ဆေးရုံသွားရတော့မယ် နောက်မှလေ ဖော. . . ထတော့ တီချယ်ရေ သွားလိုက်ဦးမယ်"

"အေး . . . အေး"

သုံးယောက်သား လွယ်အိတ်လေးတွေနဲ့ ထွက်သွားတော့ စာရေးဆရာမလေးက "တီချယ် သမီးတကယ်ဝတ္ထုရေးမှာနော်" ဟု ထပ်ပြောသွားသည်။ သူတို့ပြန်သွားတော့ ခင့်အခန်းထဲမှာ တိတ်ဆိတ်စွာ ကျန်နေခဲ့သည်။

ဩော် . . . တချိန်တုံးက ခင်လဲ သူတို့လိုပဲ ပျော်ခဲ့ဖူးသည်။ သူတို့လိုပဲ အချစ်ဆိုတာကို လိုက်လံသင်ကြားဖို့ နာယူတတ်သူဖြစ်ခဲ့သည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



"ဟယ် မမ"

ကျောင်းကအပြန် အိမ်ညည့်ခန်းမှာ မမကိုတွေ့ရသဖြင့် ခင်ဝမ်းသာသွားလေသည်။

"ညည်းကမှ မလာတာ. . . ဒီတော့ ကျုပ်ကလာရတာပေါ့"

"မမသမီးက တော်တော်ကြီးနေပြီ"

"ဟင် . . . နောက်တစိုက်နဲ့"

မမက ရယ်လေသည်။

"ဩော် ညည်းကမှမလာတာ"

ခင် မျက်နှာပျက်သွားတာကို မမကသိသည်။

"ကဲ. . . ကဲ. . အကျီသွားလဲဦး . . ပြီးမှစကားပြောကြတာပေါ့. . . ငါတို့ညီအစ်မ မတွေ့တာသုံးနှစ်ကျော်လောက်ရှိသွားပြီ"

အကျီအမြန်လဲကာ ခင်ထမင်းအိုးအရင်တည်သည်။ ပြီးတော့ မီးဖိုချောင်ရေကပြင်မှာထိုင်ပြီး ညီအစ်မနှစ်ယောက် စကားပြောကြသည်။ မမကချဉ်ပေါင်ရွက်ခြွေသည်။

"ကျောင်းက ဘယ်လိုလဲ"

"ကောင်းပါတယ် . . . ပျော်စရာလေးတွေပါပဲ"

"နင့်ယောက်ျားရော . . . အူတိုတုံးပဲလား"

"အမယ်လေး . . . ကျောင်းကတပည့်တွေလာမှာတောင် တားထားရတယ်"



မမက ခင့်ကိုသနားသလိုကြည့်သည်။

"အဲသလိုမကြည့်ပါနဲ့ မမရယ်"

"နင် အိမ်မှာနေတုန်းကလောက် စိတ်ချမ်းသာရဲ့လား ခင်. . . နင့်ကိုကြည့်ရတာ ပိုပိန်လာသလိုပဲ . . စိတ်ကလဲ ကျဉ်းကျပ်နေတဲ့ပုံပဲ"

"မိန်းမတစ်ယောက်ဟာ ဘဝမှာ အချိန်နှစ်ချိန်နဲ့ပဲ လုံးထွေးကုန်ဆုံးရတယ် . . . တချိန်က မိဘညီအစ်ကို မောင်နှမတွေနဲ့ မိသားစုဘဝမှာနေတဲ့အချိန် နောက်တစ်ချိန် က အိမ်ထောင်ရေးမှာ ကုန်ဆုံးတဲ့အချိန်ပေါ့။ အဲဒီနှစ်ချိန်လုံး စိတ်ချမ်းသာရမဲ့ဘဝမျိုးကို လိုချင်တယ်. . . ငါလိုချင်ခဲ့ဖူးတယ်။ ဒါပေမဲ့ မုန့်အိမ်ကြည်နဲ့တူတဲ့ အချစ်ကို သနားစိတ်နဲ့ ကြည်မိတဲ့ခဏ. . . ငါ. . ပိုးစာဖြစ်သွားခဲ့တာ ပါပဲ. . ."

"ခင်"

မမက ဆိုနင့်စွာခေါ်သည်။

"မမရယ် . . မီးစာဆိုတာ အလင်းရောင်ရဖို့ ငါကတော့ တစ်သက်လုံးသူ့ရင်ခွင်ထဲမှာအမှောင်တွေဖက်ပြီးအိပ်မက်ခဲ့ရပြီ။ အပြင်ကကြည့်ရင်တော့ မီးလင်းနေတဲ့ မုန့်အိမ်လေးက ချစ်စရာ လေးပဲ . . . ဒါပေမဲ့ မီးစာရဲ့နာကျင်မှုကို ဘယ်သူမှမသိနိုင်သလိုပဲ။ ကိုယ်ချစ်သလိုထင်တဲ့ လူတစ်ယောက်ကို လက်ထပ်လိုက်ရတဲ့မိန်းမတစ်ယောက်က သဝန်တိုတာကို ခါးခါးသီးသီးနဲ့ မုန်းပြီးတော့. . . အိမ်ထောင်ပျက်သွားမလားဆိုတဲ့ သောကကြီးကို ကျော်ပိုးပြီး . . . . . ."

www.burmeseclassic.com

www.burmeseclassic.com



ခင်စိတ်မထိန်းနိုင်တော့ မျက်ရည်များက ကျချင်လာပြီ။

"ငါနာတယ်သိလား . . . ငါကမှန်အိမ်ထဲက မီးစာလိုပဲ . . . အဲသလိုမှန်းသိရင် ငါအိမ်ထောင်မပြုခဲ့ပါဘူး . . . နောက်ဆုံးတော့ ငါသိပြီ . . . အိမ်ထောင်ပြုလိုက်တဲ့အတွက် မိန်းမတစ် ယောက်ဟာ အရေခွံလဲခံလိုက်ရတာပဲ . . . လုံးဝကို ပြောင်းလဲပစ် လိုက်ရတာပဲ . . . ကိုယ်ပိုင်အခွင့်အရေးတွေကို ယောကျ်ား တစ်ယောက်ရဲ့လက်ထဲမှာ စာချုပ်တစ်ခုနဲ့အဆုံးရှုံးခံလိုက်ရတာပဲ။

ဘာစာချုပ်လဲဆိုတော့ လက်ထပ်စာချုပ်လေ"

"နင့်ကို မိဘအိမ်မပြန်ရဘူးလို့တောင်လုပ်ထားသလား ခင်"

"အဲသလိုမပြောပါဘူး . . . ဒါပေမဲ့ ပြန်ခါနီးဆိုရင် . . သူအရက်သောက်ရော . . ."

"ဘာဖြစ်လဲ . . သောက် . . သောက် . . . ထားပစ်ခဲ့ပေါ့"

"သူက **allergy** ထတတ်တယ်လေ မမရဲ့ . . . လူကတောင့်တောင့်ကြီးမာနေရော . . . အဲဒါ ခင်က ပစ်ထားလို့ ကောင်းပါ့မလား"

"ဟင်း"

"နောက် သူလိုက်ပို့မယ်ဆိုပြီး အချိန်လဲဆွဲထားသေးတယ်"

"လွန်လွန်းတယ် . . . ဒါနဲ့ . . . နင်တို့အိမ်က ဟိုလင်မယားရော"

"အငယ်ကောင်တို့လား"

"အေး"





"ရှိပါတယ် ရွာပြန်သွားတာ ခြောက်လလောက် ရှိပြီ"

"သူတို့ကရော ဘယ်လိုလဲ"

"အဆင်မပြေပါဘူး . . . စိတ်ကသိကအောက်ဖြစ်ရတယ် ကိုယ့်မိသားစုပဲနေချင်တာပေါ့ . . . ပြီးတော့ အငယ်ကောင်က အရက်သောက်တယ် . . . အရက်သောက်ပြီးရင်လဲ လင်မယားက ရန်ဖြစ်သေးတယ်"

"ခင်ရယ် မလွယ်ပါလား"

"မမ အိမ်ထောင်ရေးတိုင်းက အဆင်ပြေမယ်တော့ မထင်ပါဘူးနော်"

"လူနှစ်ကို စိတ်နှစ်မျိုးလေခင် ဘယ်လိုလုပ် အဆင်ပြေမလဲ . . . ဒီလိုပဲညှိယူရတာပေါ့ . . . နင်ယောကျ်ားကတော်သေးတယ် . . . မိန်းမကိုစွမရှုပ်ဘူး"

" ဟုတ်တယ် ဒါပေမဲ့ အခုသူနောက် မိန်းမယူမယ်ဆိုရင် တောင်ခင်က ပျော်ပျော်ကြီး လက်မှတ်ထိုးပေးလိုက်ဦးမှာ"

"ဒါနဲ့ နင့်သူငယ်ချင်းတွေနဲ့ရောပြန်တွေ့သေးလား"

" စီစီမာ က ကျူတာလုပ်နေတယ် နောက် ရဲထွန်းက ဟိုတလောက တော့ဈေးရှေ့မှာ တွေ့သေးတယ် သူ Malaysia က ပြန်လာတာ သိပ်မကြာသေးဘူးတဲ့ အခု စာအုပ်ထုတ်ဝေရေး လုပ်ငန်းလုပ်နေတယ် သိလားပဲ . . အမလေး အဲဒါလဲ ကိုလတ်ကို ပြန်မပြောရဲပါဘူး . . . တော်ချောင်း

www.burmeseclassic.com

www.burmeseclassic.com



ကဆရာမတစ်ယောက်နဲ့ဈေးသွား တုန်းတွေ့တာမို့လို့ နို့မို့ဆိုမင်းက ဘယ်သူနဲ့သွားလဲ ဘာကိစ္စလဲ နဲ့သိပ်စိတ်ရှုပ်တာပဲ စစ်လားဆေးလားနဲ့ အဲဒီတော့သွားချင်ရင် ကိုယ်ဟာကိုယ်ပဲသွားတယ် မပြောတော့ဘူး . . နှုး ညီးလို့"

မမက ခင့်ကိုအချုပ်အနှောင်ခံယုန်ကလေးလို ခေါင်းလာ သပ်ပေးသည်။

"ဒါနဲ့ မေမေ တို့ရောနေကောင်းရဲ့လား မမကြီးရော"

"ကောင်းတယ် . . မေမေနဲ့ ဖေဖေက အသက်ကြီးပြီမို့လား . . . အဲဒါ နင်လဲအားရင်လာခဲ့ပါဦး မိဘက သားသမီးဆီ လာနေရရင် ဘယ်ကောင်းမလဲ . . . ခုဆို သီတင်းကျွတ်တောင် လူကြုံနဲ့ ပစ္စည်းပို့ ကန်တော့ရုံပဲ လူမမြင်ရဘူး အဲဒီလောက်တောင် နင့်မှာ အလုပ်လဲမများ ပါဘူး"

ဩော် ကိုယ့်မိဘအိမ်ပဲလာချင်တာပေါ့ မမရယ် ကျောင်းကလဲ ဝိတ်မှမဝိတ်တာ အခုဆို စီနီယာ နဲ့ ဂျူနီယာက တစ်လှည့်ဆီ ခင်တို့ မှာ နားကိုမနားရဘူး"

"နင်နယ်မပြောင်းရဘူးလား"

"ပြောင်းရမှာ ကိုလတ်က ထွက်စာတင်နိုင်းတယ် အဲဒါ ကျောင်းက အထက်လူကြီးတွေက မထွက်ပါနဲ့ဆိုပြီး ဒီမှာပဲနေခွင့်ပေးတာ"

" ဟယ် အစိုးရဝန်ထမ်းပဲ နယ်ပြောင်းရမှာပေါ့ "



"မလုပ်ပါနဲ့ မမရေ ဆေး(၁) နဲ့ (၂)ပြောင်းရင်တောင် ပွစိပွစိ လုပ်ဦးမှာ ဆေး(၂)ကိုပဲ အမြဲနေချင်လို့ဘယ်ရမလဲ"

" ဘယ်လိုပြောရမလဲ နင်ယောကျ်ားကအတ္တလွန်ကဲနေတာ ဘာမဆိုသူ့အတွက်ပဲ ကြည့်တဲ့လူမျိုး"

" ဘယ်တာတ်နိုင်မလဲ"

ခင်တို့မိန်းမတွေက အိမ်ထောင်ပျက်တ ်ခုလပ်နာမည်ကို ခံဝံ့သူများမဟုတ်။တစ်လင်မကောင်းတစ်လင်ပြောင်းဖို့ဆိုတာလည်း မလုပ်ဝံ့ သွားရုံနှင့်ပင်ကျောချမ်းရသည်။ ဒီတော့ . . . ။

* * *

"ခင် ဒီနေ့ အိမ်ပြန်နောက်ကျတယ်"

ခင် လက်ကနာရီကိုကြည့်တော့လေးနာရီခွဲ။

"ကျောင်းမှာအစည်းအဝေးရှိလို့ ကိုကို"

"များလှချည်းလားကွ မင်းကျောင်းကအစည်းအဝေးက တစ်လ ဘယ်နှစ်ခါလောက်လုပ်နေရသလဲ"

"ကိုကို ခင်ကကျောင်းဆရာမတစ်ယောက်နော်"

"မင်းကို ကျောင်းဆရာမဆိုပြီးစိတ်ချထားရမလားကွ"

သူ့စကားကြောင့် ခင် စိတ်တိုသွားလေသည်။ မမ တို့ဈေးဘေးနေ

www.burmeseclassic.com

www.burmeseclassic.com



ခိုက်မို့ပိုပြီးတော့ဒေါသထွက်သည်။ ခင် အစ်မရှေ့မှာ အဲဒီလို အော်လိုက်ခြင်းအားဖြင့် သူတပါပါပြချင်တာ သိသာလွန်းသည်။

"ဒီမှာ မင်းရဲ့တပည့်တစ်ယောက်လာကန်တော့သွားတယ် ကျောင်းမှာမတွေ့လို့တဲ့အိမ်လိုက်လာတာတဲ့"

အဲဒီတော့မှ သူဒီလောက်ဖြစ်နေမှန်း ခင် သဘောပေါက်တော့သည်။အစည်းအဝေးက လေးထပ်မြောက်မှာလုပ်ရတာ၊မြေညီထပ်က နေကျော်မတက်ချင်ကြသော ကျောင်းသားမှန်သမျှက လေးထပ်မြောက်မှာ အစည်းအဝေးရှိမှန်း ဘယ်လိုစိတ်ဝင်စားမလဲ။

"ဘယ်သူလို့ပြောသွားသေးလဲ ကိုကို"

"ချမ်းမြေ့ညီ တဲ့"

"သြော် supply တစ်ယောက်ထဲထိတဲ့ကလေးပဲ"

"ဘာတွေမှန်းကိုမသိဘူးမင်းဟာက ရှုပ်ရှုပ်ယှက်ယှက်တွေ"

"ကိုကိုရယ် ဆရာနဲ့တပည့် ဒီလိုတော့ရှိတာပေါ့ ခုဟာက ခင်အစည်းအဝေးတက်ရတာ မသိလို့နဲ့ တူပါတယ်"

"ငါတော့ အိမ်လာတာမကြိုက်ပါဘူး"

ခင် သက်ပြင်းတစ်ချက်ခိုးချမိသည်။ ဒီလိုမျိုးအတွင်းလှိုက်စားမှုတွေကို ဘယ်သူသိမလဲ။ဘယ်သူကိုဖွင့်ချင်းပြောနိုင်မလဲ။ညနေထမင်းဝိုင်းအထိ သူမျက်နှာက တည်နေတုန်း။ မမနဲ့တူမလေး တောင်သူ့မျက်နှာကြည့်၍ လန့်နေသည်။ထိုအခိုက် သားလေးက တရုတ်သိုင်းကား





တစ်ကားကို ကောင်းသည်ဟု စပြောရာ ခင် လည်း သတိလက်လွှတ်ဖြစ်တာ ကျောင်းကသူငယ်ချင်းတစ်ယောက်နဲ့ ဘမွတရုံမှာ ကြည့်ခဲ့သော Hollow Man အကြောင်းကိုပြောလိုက်မိသည်။

"လူကို ကိုယ်ဖျောက်ပြီး နောက်မှ လူပုံပြန်ပေါ်လာတာ သားရဲ့ . . . သိပ်ကြည့်လို့ကောင်းတာပဲ . . . မေမေဖြင့်ကြောက် လိုက်တာလေ"

သူက ထမင်းဆက်မစားတော့ပဲ ခင့် ကိုကြည့်တာ. . .

"မင်းက ဘယ်တုန်းက ရုပ်ရှင်ရုံ ရောက်လို့လဲ"

" အင် "

"အေးလေ . . . မင်းက ဒီလောက်ထိဇာတ်လမ်းကို ပြန်ပြောပြနေတာ. . . ဘယ်တုန်းက ငါမသိအောင်သွားကြည့်ထားတာလဲ"

"ဟို . . . ဟို . . . ခင် မကြည့်ပါဘူး ကိုကိုရဲ့ . . . ခင့်သူငယ်ချင်း ပြန်ပြောပြတာလေ . . . အဲဒါ ကိုကို့ကိုတောင် ခင် ထိုက်ပြနိုင်းမလို"

"အမိပ္ပါယ်မရှိတာ . . . ရုပ်ရှင်ကြည့်ရင် ထမင်းစားရအား . . . အားယားနေတဲ့သူမှ ရုပ်ရှင်ရုံသွား အချိန်ဖြုန်းတာ. . . ပြီးတော့ သူများရယ်ပြ ငိုပြတာကို ထိုင်ကြည့်ပြီး ပိုက်ဆံကုန်တဲ့ ကိစ္စ"

သူ့ ဝါဒီက အဲ့သလို။ဘယ်တော့မှ ရုပ်ရှင်မကြည့်ပေ။ အိမ်မှာ တီဗွီကိုတောင် ညခုနစ်နာရီတားပဲ ကြည့်နိုင်းသည်။ကိုးနာရီ ကြည့်နိုင်း။ညဘက် ဂဏန်းတွက်နဲ့ တစ်ချောက်ချောက် သူ့စာရင်း



www.burmeseclassic.com

www.burmeseclassic.com



တွက်နေတာကို ခင်က ငိုက်မြည်းပြီး စောင့်ရသည်။ခင်အရင်အိပ်ရင်လဲ မကြိုက်သေး။

"ကိုကို ကလည်း . . . ရုပ်ရှင်ဆိုတာ Relax လုပ်တာပဲ"

"ညက်နည်းတဲ့သူတွေ ကြည့်တာ . . ."

ထမင်းဝိုင်းသိမ်းပြီးတော့ မမက ခင့်ကို အခန်းထဲမှာ

"ငါသာဆိုရင်တော့ မပျော်လို့သေမှာပဲ" ဟုညည်းပြသည်။

ခင်က ပုခုံးဆတ်ဆတ်တွန့်ကာ . . .

"ခင်တော့ နေသားကျနေပြီ "ဟုပြန်ဖြေလိုက်သည်

* * *

"တီချယ် . . . ဒီနေ့လှနေတယ်"

"အင်း"

ခင်ပြုံးကာ ခင့်တပည့်မလေးတွေကိုကြည့်နေလိုက်သည်။

ချိုက "တီချယ် . . . ဇာတ်လမ်းဆက်ပြောလေ"

မေက "ဒီမိန်းမအကြောင်းသိပြီးပြီလား တီချယ်"

"ဘာတုန်း . . . ပြောပါဦး"

မီ။ ။"ဒီမိန်းမလေ သူ Publisher ကြီးနဲ့ညိသွားပြီတဲ့"

စာရေးဆရာမလေးက ပြုံးနေသည်။



ထုတ်ဝေသူနဲ့ဆို၍ ခင်ရင်လေးသွားရတာတော့ အမှန် . . .

ဒီကောင်မလေးတော့ စိတ်မြန်ကိုယ်မြန်နဲ့ လုပ်ချင်တာ လုပ်ထည့်လိုက်ပြန်ပြီ။ ဘယ်လိုလူမျိုးလဲမသိ။

"ဟုတ်လား . . . နာမည်က ဘယ်သူတဲ့လဲ"

"ဟင်း . . . အရုပ်က ဂျပုလေး . . . နာမည်က ရဲထွဋ်တဲ့"

"ဟယ် . . . အဲဒါ တီချယ်သူငယ်ချင်းပဲ"

မီ။ ။"ဟယ် . . . ဟုတ်လား"

ချို။ ။"ဟုတ်လား . . . တီချယ် . . . သူကျောင်းတုန်းက ကောင်မလေးတွေနဲ့ ရှုပ်လား . . . သူပြောတော့ သူကမိန်းမတွေကို စိတ်မဝင်စားဘူးတဲ့ . . . သူ့ကိုသာစိတ်ဝင်စားတာတဲ့"

"ဘယ် . . . သူကသာကြိုက်မှာပေါ့ . . . သူ့လိုဂျပုကို ဘယ်သူကကြိုက်မှာလဲ . . . အလကားစတာ ရဲထွဋ်ကသိပ်အေးတာ . . . ရည်းစားလဲမထားခဲ့ဘူး . . . သူ 3rd year စာမေးပွဲကျလို့ တီချယ်တို့နဲ့ကွဲသွားတာ . . . ဟိုတလောက စကော့ဈေးရှေ့မှာတောင် တွေ့သေးတယ်"

ချို။ ။"ဟုတ်လား . . . သမီးသူ့ကိုပြန့်မေးကြည့်ဦးမယ် . . . ပြီးတော့ သမီးကိုညာရင် အသိပဲလို့ပြန်ကြိမ်းလိုက်ဦးမယ်"

"ဘယ်တုန်းက ဇာတ်လမ်းတွေဖြစ်သွားကြတာလဲ . . . ပြောဦး"

စာရေးဆရာမလေးသည် စာရေးဆရာမ မပီသစွာ တလေး

www.burmeseclassic.com

www.burmeseclassic.com



ဆန်သလို ခေါင်းမာတာ အနည်းငယ်တော့ရှုပ်ပါသည်။ သူ့အကြောင်းတွေကို ခင့်အားလာလာ ပြောပြတတ်တာမို့ ဒီတစ်ကြိမ် ကိုယ့်သူငယ်ချင်းနဲ့တော့ အဆင်ပြေတည်မြဲစေချင်သည်။

ချို။ ။"ဟိ ဟိ. . . သိပ်မကြာသေးဘူး"

"အရင်ကောင်လေးကရော"

"ပြတ်သွားပြီ"

"ဩော်. . . မြန်လှချည်လား"

"တီချယ်ရယ် . . . ကိုယ်အတွက်က အဓိကပဲဟာကို. . . ကိုယ့်ကိုသည်းခံပြီး ဦးစားပေးတဲ့လူ ယူမှာပေါ့. . . . အသက်ကြီးတော့ ပိုအားကိုးရမယ် ထင်တာပဲ"

"ထင်တာပဲ"

ခင်ကစာရေးဆရာမလေး အသံကို သံရောင်လိုက်မိသည်။ ခင်တို့မိန်းမတွေဟာ ယောကျ်ားတွေကို ထင်မြင်ချက်နဲ့ ချစ်ရသူ များပါဝင်

"သမီးကတော့ ကိုယ်ထက်အသက်ကြီးတာကို ပထ မထားပါဘူး . . . တချို့ယောကျ်ားတွေက အသက်ကြီးပြီး နားလည်မှုရှိတာ မဟုတ်ဘူး . . . ကိုကိုက သမီးနဲ့လုပ်ငန်းချင်း လည်းတူတော့ နားလည်တယ်. . . ပြီးတော့ သူ့လောက်သမီးကို သည်းခံတာ တစ်ယောက်မှ မရှိသေးဘူး . . . အဲဒါ တော်တော် ထူးဆန်း . . . သူ့စရိုက်ကိုကအေး တာ. . . သမီးက ဟန်ဆောင်တာမကြိုက်ပေမဲ့ ကိုယ်တိုင်အ





ဟန်ဆောင်တတ်တော့ သူများဟန် ဆောင်ရင်လည်းသိတယ်. . . သူ့ကို ရွေးခဲ့တာ ရိုးသားလို့ပဲ တီချယ်. . . သူကသိပ်ရိုးသား တယ်. . . အဲဒါက အဓိကပဲ. . တော် ကြာကြိုက်တုန်းကတစ်မျိုး ယူတော့မှတစ်မျိုးဆိုရင် ကိုယ်ကိုနည်းရချည့်ရဲ့. . . ပြန်အမ်းလို့ကလဲ မဖြစ်. . . အဟက်. . . ဟက် တစ်ခုရှိတာက သူသမီးယူထားတဲ့လိုင်းကို သမီးကဘဝင်မြင့်ရင် သူကရိုက်ချိုးတတ်တယ်. . . ဆေးကျောင်း ရောက်လို့ဘဝင်မြင့်တာ သူနဲ့ကျမှပျောက်သွားတာ"

"ဩော်. . . သူက B.Sc Botany လေ. . . သမီးထက် နိမ့်တော့ သူ့စိတ်ထဲမှာ အဲဒါကြီးက အမြဲသိမ်ငယ်နေမှာပေါ့"

"မဟုတ်ဘူး တီချယ်. . . သူကအသိမ်ငယ်တတ်တာမျိုးမရှိဘူး . . . စိတ်ညစ်တာလဲရှားတယ်. . . ဘဝကိုလေးလေးပင်ပင်နဲ့ မဖြတ်သန်းဘူး . . . စိတ်ညစ်စရာဆို သမီးက ကြမ်းဖန်ညစ်တာ. . . သူကအဲဒီတစ်ခုတော့ သမီးကိုဖြေသိမ့်နိုင်တယ်. . . အဲဒါပါပဲ တီချယ်. . . ချစ်တာမချစ်တာကြီးက ဘာမှန်းမသိဘဲ လူတွေက ပါးစပ်က တစ်ချိန်လုံးသုံးနေကြတာ. . . တ ကယ်တမ်းကျတော့ ဘာမှလဲမဟုတ်ဘူး . . . သမီးဆိုချစ်ခဲ့ဘူးတာပဲ . . . ဟော အခု ကြတော့လည်း မေ့သွားပြီ. . . ဒါနဲ့ တီချယ်ရော ချစ်ခဲ့ဖူးလား"

ခင်ကို ပေါက်ပေါက်ရှာရှာမေးပြီး သူ့ဟာသူရယ်နေလေသည်။ မိကာ. . .

"တီချယ်နော် . . . ကိုကို့ကို ချစ်လားမေးတုန်းကပဲ မဖြေဘူး . . . အခုတော့ မရှောင်နဲ့"



www.burmeseclassic.com

www.burmeseclassic.com



မေကလဲ. . .

"ဟုတ်တယ် . . . ဟုတ်တယ်. . . တီချယ်. . . ပြော"

"အင်း . . . ရှိတာပေါ့"

"ဟော. . . ပေါ်ပြီ. . . ဝတ္ထုအတွက်ကုန်ကြမ်းရပြီ"

"ဒါပေမဲ့ တီချယ်မစောင့်တော့ဘဲ တခြားတစ်ယောက်ကို ရွေးခဲ့တယ်"

"တီချယ်. . . အဲဒီတစ်ယောက်က တီချယ့် ကိုကိုလား"

ခင်ခေါင်းညိတ်ပြလိုက်သည်။ စာရေးဆရာမလေးက

"ဒီလိုပါပဲ တီချယ်. . . မြန်မာမိန်းကလေးတွေက စောင့်နေကြရတာပဲ. . . စောင့်မနေဘဲ ရွေးတော့လဲ အရွေးမှားရင်ခံ. . . ပြီးတော့ ပြန်ပြင်ခွင့်မရှိဘူး . . . ဘယ်လိုခေါ်မလဲ. . အသေကြီးပဲ. . . သမီး အသိထဲကတစ်ယောက်ဆိုရင် အိမ်ကပေးစားတာယူပြီးကွဲတော့ လူတွေက မေးငေါ့ကြသေးတယ်. . . အဲဒါနဲ့ သူ့အိမ်က နောက်တစ်ယောက် ထပ်ပေးစား . . . ပြီးတော့ ဟိုက သေတော့ အခုပိုပြီးပြောစရာဖြစ် နေတယ်. . . သမီးတို့မှာက ကိုယ့်အလုပ်ကိုမလုပ်ဘဲ သန်းစွဲပြီး အတင်းပြောချင်တဲ့အလေ့အထက ရှိရာပဲလေ. . . ဘယ်တော့မှ ပျောက် လို့ရမှာ မဟုတ်ဘူး. . . လူ တစ်ယောက်ကို နှစ်နေရင် ခြေထောက်နဲ့ ကန်တာမျိုးပဲရှိမယ် လက်နဲ့တော့ဆွဲတင်ကြမှာ မဟုတ်ဘူး . . . စိတ်ပိုင်း ဆိုင်ရာ ဝေဖန်ခံရတော့ အဲဒီတစ်ယောက်လည်း ဖြစ်ချင်ရာဖြစ်ဆိုပြီး





ဆိုက်ကား သမားတစ်ယောက်နဲ့ လိုက်ပြေးသွားတယ်. . . သူကပတ်ဝန်းကျင် ကို ဂရုစိုက်တာကိုး . . . အဲဒီတော့ ဒီလိုပဲဖြစ်မှာပဲ. . . အမှန်က လူတွေကကို မဟုတ်တာ. . . သူ့ဟာသူတစ် ခုလပ် ဘာဖြစ်လဲ တစ်လင်သေ ဘာဖြစ်ရလဲ. . . လမ်းထွက်ရင်တောင် ရိုသဲ့သဲ့ကြည့်ကြ၊ မထိတရိစကြနဲ့ အထူးသဖြင့် ယောကျ်ားတွေလေ ပြောရင်ကုန်မှာ မဟုတ်ဘူး . . . ဦးနှောက် မရှိ အဆင့်မရှိကြဘူး . . တကယ်ပဲ"

"ပတ်ဝန်းကျင်ဆိုတာတော့ ဂရုမစိုက်လို့မရဘူး သမီးရဲ့"

"သမီးကတော့ ဂရုမစိုက်ဘူး . . . ဘာလို့လဲဆို ကိုယ့်ဟာကို ထမင်းရှာစားရတာ ပတ်ဝန်းကျင်က ကျွေးတာမှမဟုတ် တာ. . . ပြီးတော့ ကိုယ့်လောက်စာမဖတ် အသိမကြွယ်တဲ့ ပတ်ဝန်းကျင်ကို ဘာလို့ဂရု စိုက်ရမှာလဲ"

"ဒီကောင်မလေး . . . "

မေ။ ။"အမယ်လေး . . . သွားမပြောနဲ့ တီချယ်. . လုပ်ချင်တာလုပ်တဲ့ မိန်းမ"

ချို။ ။"ငါက desire ကို wisdom နဲ့ထိန်းတတ်တယ်ဟ . . . လူ့လောကကြီးက ကျဉ်းကျဉ်းလေးပါဟာ. . . ပြောသလိုနေရ ခက်တာပဲပေါ့. . . သေတဲ့အချိန်နောက်ပြန်ကြည့် ဘာမှ မဟုတ်ဘူး . . . ပြောချင်တာပြောတာနဲ့ တီချယ့်ဇာတ်လမ်းပြတ် သွားပြီ. . . တီချယ်ဆက် ပြော"



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ခင်က သူနဲ့တွေ့ပုံ၊ ကြိုက်ပုံမှ ခုချိန်ထိကို အကျဉ်းချုံးပြီး ပြောပြလိုက်လေသည်။ ခင့်စကားဆုံးတော့ မေက

"တီချယ် . . . သူ့ကိုတော်တော်သည်းခံခဲ့တာပဲ" ဟု မှတ်ချက်ချသည်။ မိက . . .

"တီချယ် . . . သူ့ကိုချစ်လို့ပေါ့နော်. . . ဒီလောက်သည်းခံနိုင်တာ"

ခင်က "မသိဘူး" ဟု ဖြေလိုက်သည်။

စာရေးဆရာမလေးက

"သမီး တီချယ့်ဝတ္ထုကို ခေါင်းစဉ်တပ်ဖို့စဉ်းစားလို့ရပြီ"

"ဟုတ်လား"

"အင်း . . . ညကမီးပျက်တယ် တီချယ်ရဲ့ . . . မှန်အိမ်ထွန်းတော့ ဘာရယ်မဟုတ်ဘူး . . . သမီးတွေးကြည့်မိတယ် . . . မီးစာလိုပဲ မချစ်တဲ့လူနဲ့ ဒါမှမဟုတ် ချစ်တဲ့လူနဲ့ပဲဖြစ်ဖြစ် လက်ထပ်လိုက်ပြီးတဲ့အခါ အိမ်ထောင်ရေးအဆင်မပြေတဲ့ မိန်းမတွေဟာ မီးစာတွေလို . . . . ဘာမှမထူးဘူး . . . ရေနံဆီကုန်တဲ့အထိ ဒါမှမဟုတ် မီးစာကုန်တဲ့အထိတော့ ဆက်အထွန်းခံနေရ တာပဲ . . . တီချယ့်ဇာတ်လမ်းကို မှန်အိမ်ကြည်ရဲ့မီးစာလို့ပေးမယ် . . . မကောင်းဘူးလား"

* * *





**အခန်း (၁၂)**

"အငယ်ကောင် ရထားပေါ်ကနေ မူးပြီးထိုးကျလို့ ရထားကြိတ်ခံရတယ်တဲ့ ခင်"

ခင်သူ့စကားကို အသာငြိမ်နားထောင်မိသည်။

"အဲဒါ . . . အရှေ့နောင်ရေး ဘယ်လိုလုပ်ရမလဲ . . စဉ်းစားပေးပါဦး"

"ရွာပြန်ပေါ့ ကိုကို"

"သူကရွာမှ မနေချင်ဘူးတဲ့"

"တစ်သက်လုံးသူ့ရွာမှာ နေခဲ့တဲ့ဥစ္စာပဲ . . . အခုမှထူးပြီးတော့ . . ."

"ခင် . . . တဆိတ်လူကြီးဆန်စမ်းပါကွာ"



www.burmeseclassic.com

www.burmeseclassic.com



"မဆန်နိုင်ပါဘူး . . . အဲဒါ ခင့်ကိုစော်ကားလို့ဖြစ်တာ သိလား . . . သူတို့နှစ်ယောက်သိပ်ရိုင်းတာပဲ . . . ကျေးဇူးရှင်ကို နားလည်တာ မဟုတ်ဘူး . . . အားတိုင်း ခင့်အကြောင်းအိမ်နီးချင်းတွေကို အရွှေက အတင်းလိုက်ပြောနေတာ"

သူက ခင့်ကိုမျက်မှောင်ကြုတ်ကြည့်သည်။

"ဘာလဲ . . . ကိုကိုက နာတယ်ပေါ့လေ"

သူကရုတ်တရက်ထကာ ခင့်ဘေးနားက ဖန်ခွက်ကိုယူပြီး ပေါက်ခွဲပစ်လိုက်လေသည်။ ပြီးတော့ အိမ်အပြင်ထွက်သွားသည်။ ခင်လည်း သူ့ကိုအတိုက်အခံသွားပြုမိသည့်အတွက် နောင်တရသည်။

ဉာဏ်မရှိတဲ့သူဆိုတာ ဘယ်တော့မှထိပ်တိုက် ရင်ဆိုင်ဖို့ မသင့်တော်။ သူတို့က တစ်ကိုင်ဟုချော့ပြောလျှင်တော့ ယုံတတ်ကြတာမျိုး။ twist တို့ပဟေဠိတို့ကို နားလည်ဖို့ထက် ရှင်းလင်းတာကိုသာ သိချင်တာမျိုး။

"ကဲ . . . သားရေ . . . မေမေတို့တော့ ဒီညအိပ်ရေးပျက်ရဦးမယ်"

ညကတဖြည်းဖြည်းမှောင်လာသည်။

သူပြန်မရောက်လာသေး။

သားလက်ကိုဆွဲ၍ လမ်းပေါ်ထွက်ရှာတော့မတွေ့။ ခင့်လက်မှာက လက်ကောက်တွေတန်းစီနေတာ။ မတော်သူများ ဖြုတ်လုသွားမှာ စိုးရသေးသည်။ အခုက လက်ဖြတ်နားရွက်ဖြတ်နဲ့ ရွှေလုနေကြတာ





မှုခင်းဂျာနယ်မှာ မဖတ်ချင်မှအဆုံး။

"မှောဟဲ . . . မောဟဲ"

"သားလေး . . . မောနေပြီလား"

"ဟုတ်ကဲ့ မေမေ"

အိမ်ပြန်ရောက်တော့ သားကိုယ်မှာ ချွေးတွေရွှဲနစ်နေတာပဲ။ ခင်သားကို အဝတ်လဲပေးပြီး အိပ်ခန်းထဲသွင်းလိုက်သည်။

"သား . . . အိပ်တော့နော်"

"မအိပ်ချင်သေးဘူး မေမေ"

"လာပါ . . . မေမေ ပုံပြောပြမယ်"

"ဟင့်အင်း"

သားကိုပွေ့ချီပြီး ခုတင်ပေါ်တင်လိုက်သည်။

"မအိပ်ချင်လဲ ငြိမ်ငြိမ်နေ . . . မေမေမှာထားမယ်နော် . . . မေမေတို့ စောစောက အပြင်ထွက်တာ ဖေဖေကိုပြန် မပြောရဘူး"

"ဘာဖြစ်လို့လဲ မေမေ"

"သားဖေဖေက စကားများလို့"

"ဟုတ်ကဲ့"

"ကဲ . . . သားမျက်လုံးမှိတ်ထား"

သားက ခဏအတွင်း အိပ်ပျော်သွားသည်။ ခင်မှာ နာရီလက်တံကို ကြည့်ရင်း သူပြန်အလာကို စိတ်ပူစွာစောင့်ရလေသည်။ ညသန်းခေါင်နာရီ



www.burmeseclassic.com

www.burmeseclassic.com



ထိုးသည့်အထိ အရိပ်အယောင်မမြင်ရ။

ခင့်မှာ သူတစ်ခုခုဖြစ်ပြီလားဟု တွေးကာရင်တွေပူလာ သည်။

သူသေသွားလို့မဖြစ်သေးပါဘူး။ သူစရိုက်ဆိုးပေမဲ့ ခင့်ကို ချစ်ရှာတာ။ မတော်လမ်းမှာ သူတစ်ခုခုဖြစ်သွားရင်ဖြင့် . . . ။

အတွေးနဲ့ခင် မှေးခနဲအိပ်ပျော်သွားလေသည်။

* * *

သူအိမ်ပေါက်ဝကနေ ခင့်ကိုအော်ခေါ် သည်။

"ခင်ရေ . . . ခင်"

"ရှင် . . . ကိုကို"

မျက်လုံးကို ကပျာကယာဖွင့်ကာ အိမ်ရှေ့ပြေးထွက်တော့ ရင်ဖတ်မှာ သွေးတွေရွှဲနစ်နေသော ကိုကို။

"ဟင် . . . ကိုကို ဘာဖြစ်လာတာလဲ"

"မါးထိုးခံရတာ"

ခင်ရင်ဘတ်ကို လက်ဖြင့်ဖိကာ ဘုရားတမိသည်။

သူက အိမ်ထဲကိုမဝင်။

"ကိုကို . . . . အိမ်ထဲဝင်လေ"

"ဝင်လို့မရဘူး ခင်"





"ဘာလို့လဲ"

"ကိုကိုဆီလာပါဦး ခင်ရယ်"

ခင်သူ့ကို အံ့ဩသလို အနားသို့ဖြေးညှင်းစွာကပ်သွားလိုက်သည်။ သူကခင့်မျက်နှာကို လှမ်းကိုင်သည်။

သူ့လက်တွေက အေးစက်စက်ကြီး။ ခင့်ကျောထဲမှာ စိမ့်သွားရသည်။ ညကအချိန်မတော်၊ ရင်ဘတ်မှာလည်း သွေးတွေနဲ့။

"ကိုကို . . . ရင်ဘတ်က တအားနာနေလား ဟင်"

"နာတယ် ခင် . . . . ကိုကို ခင့်ကိုနမ်းမလို့ . . မျက်လုံး မှိတ်ထားပေး"

"ဟင် . . . ကိုကို ဘာဖြစ်နေတာလဲ ဟင်"

"ကဲပါ . . . မျက်လုံးမှိတ်ထားပေးပါ ခင်ရယ်"

ခင်ယောင်ယမ်းပြီး မျက်လုံးမှိတ်လိုက်သည်။ ခင့်နဖူးပေါ်မှာ ခပ်နွေးနွေးအထိအတွေ့တစ်ခုကို ရသည်။

ခင်မျက်လုံးဖွင့်ကြည့်လိုက်တော့ သူမရှိတော့။ ခင်လှည့်ပတ်ပြီး ရှာလိုက်သေးသည်။ မတွေ့။ ဒါအိပ်မက်များလား။ မဟုတ်။ ခင်အိမ်ရှေ့တို သေချာရောက်နေခဲ့တာ ဖြစ်သည်။

လတ်တလောကြုံလိုက်ရသော အဖြစ်အပျက်ကြောင့် စိတ်လှုပ်ရှားကာ ခင့်ရင်တွေ တဒိတ်ဒိတ်ခုန်လာလေသည်။

ကိုကိုများတစ်ခုခုဖြစ်သွားခဲ့ရင် . . . ။



www.burmeseclassic.com

www.burmeseclassic.com



အိမ်ပေါက်ဝမှာ ငုပ်တုတ်ထိုင်ရင်း ခင်ပွန်းသည်ဆိုတာ ကာကွယ်သူဟု ခင်သဘောပေါက်လာရလေသည်။ သူမရှိရင် ခင်ဟာခါးပြတ်သောမြေနဲ့ ဘာမှမထူး။ ဘာမှသုံးစားရမှာမဟုတ်။ကလေးတစ်ယောက်နဲ့ မုဆိုးမဘွဲ့ခံယူပြီး ပျင်းရိငြီးငွေ့စွာ ဘဝကို ဖြတ်ကျော်ရမည်။ အနည်းဆုံးတော့ လင်မရှိတဲ့အတွက် လမ်းထွက်ရင်တောင် ရိသဲ့သဲ့အကြည့်ခံရမှာဖြစ်သည်။ တစ်လတစ်ခါ ဗိုလ်ချုပ်ဈေးမှာ ပစ္စည်းဝယ်ဖို့၊ အိမ်အသုံးစရိတ်၊ ခင့်နှုတ်ခမ်းနီဖိုး၊ သားလေးရဲ့ ကျူရှင်နဲ့ ကျောင်းစရိတ်. . . . တွေးရင်း ခင် မွန်းကျပ်လာလေသည်။

မဖြစ်သေးပါဘူး။ သူရှိမှာဖြစ်မှာ။ သူကမှီခိုခံသူ၊ ခင်က မှီခိုသူ။ ခင်သည် အားကိုးထိုက်သော လင်ကြောင့် ကိုယ်ပိုင်အစွမ်းအစနဲ့ ရင်ဆိုင်ရဲသော သတ္တိများပျောက်ဆုံးခဲ့ပြီတည်း။

ထိုအခိုက် အိပ်ခန်းထဲက သားလေးက အော်ခေါ်သည်။

"မေမေ"

အခန်းထဲပြေးဝင်တော့ သားကယောင်ပြီး အော်နေတာတွေ့သည်။

သားကိုပွေ့ဖက်ပြီး ပြန်ချော့သိပ်တော့ သားကခင့်လက်ကလေးတစ်ဖက်ကို ဆုပ်ကိုင်ရင်း ပြန်အိပ်ပျော်သွားသည်။

သားလေးက အခုမှသုံးတန်းရှိသေးတာ။ ဒီသားရဲ့ ရှေ့ရေးအတွက် ခင်နဲ့ကိုကိုမှာ လုပ်စရာတွေမှ တပုံတပင်ကြီးရယ်။

ကိုကိုက စောစောစီးစီး လက်တွဲဖြုတ်သွားဖို့ဆိုတာ. . . ။



ခင်တွေးပြီး တစ်ချက်ရှိုက်လိုက်သည်။

ခင်သည် လိုအပ်၍ လင်ယူခဲ့သူမဟုတ်။

ခုတော့ လင်တစ်ယောက်ကို အားကိုးအားထားအတွက် လိုအပ်နေခဲ့ပြီ။ ခင်ပထမအကြိမ် ကိုလတ်ကိုလိုအပ်ခြင်းဖြစ် လေသည်။

ခင်တို့မိန်းမတွေအတွက် ယောကျ်ားတစ်ယောက်ရဲ့ ရင်ခွင်သည် မိန်းမရဲ့စွမ်းရည်သတ္တိတွေ တုံးစေခဲ့သောနေရာဖြစ် သည်။

အဲဒီရင်ခွင်ထဲမှာပဲ ဈေးဖိုးအစ နှုတ်ခမ်းနီဖိုးအဆုံး ရနေကြပြီး ကိုယ်တိုင်ကိုယ်သုံးစွဲနိုင်စောက်သော ငွေကြေးမရှိသော အခါ. . . ။

ခင့်မှာ တက္ကသိုလ်က ဆရာမဆိုတဲ့ဂုဏ်လေးပဲရှိတာ. . . ။

တခြားဘာများရှိလို့လဲ။ ခင်သည် ခုချိန်ထိလစာငွေမှတပါး ပြင်ပငွေမရှာတတ်သေးချေ။ ငွေတစ်သောင်းကို ဘယ်လိုရှာရမည်လဲ။ အဲဒီနေရာမှာ ခင့်ထက်ကိုလတ်က ပိုကျွမ်းကျင်သည်။

ခင်ဘာစာတော်လဲ။ ခင်တော်တာ အပင်တွေ. . . ။

ဒါပေမဲ့ အပင်တွေအကြောင်းသိလို့ ပိုက်ဆံကဖြစ်လာခဲ့တာမဟုတ်။ ပြီးရော့ နေရာ. . . ။

လူတွေကနေရာနဲ့လိုက်ဖက်စွာ သင့်တင့်စွာ သုံးစွဲချင်ကြသေးသည်။ ထွက်ငွေနဲ့ဝင်ငွေက အချိုးမညီတဲ့အချိန်။

ခင့်ထွက်ငွေက မနည်းပါ။

Mabelline lip liner တစ်ခုကို ငွေသုံးထောင်ပေးဝယ်ရနိုင်

www.burmeseclassic.com

www.burmeseclassic.com



ခင်သည် ခင့်လစာကို ခေါင်းထဲကထုတ်ထားမိသည်။

တစ်ခါတလေမြို့ထဲထွက်ပြီး ကျောင်းကဆရာမတွေနဲ့ ရုပ်ရှင်ထွက်ကြည့်ဖြစ်တဲ့အခါဆို ငွေကထောင်ကျော်ထွက်ပြီ။

စေ့စေ့တွေးလေ ခင်သည်ခင့်ယောကျ်ားရဲ့ အရည်အချင်းကို သိလာလေသည်။ သူ့ခမျာ ခင်လှုဖို့သုံးဖို့ရှာနေရပြီး နွတ်ကြမ်းပေမဲ့ ရင်ထဲကချစ်ရှာတာဟုလည်းမြင်သည်။

"ကိုကို . . . ဘယ်လျှောက်သွားနေလဲ"

ခင်သည် ခပ်တိုးတိုးညည်းရင်း ရင်တွေလဲပူကာ ရေထသောက်လိုက်၊ ထလိုက်ထိုင်လိုက်နဲ့ ဂနာမငြိမ်။

ခွေးဟောင်သံကြားတော့ ကြက်သီးကထသေးသည်။

တဖြည်းဖြည်းနာရီက ညဉ့်နက်တာကို ပြလာပြီ။

ခင်မျက်တောင်များ စင်း၍ အိပ်ငိုက်လာလေသည်။ အဲဒီအခိုက်ဖိနပ်ရုပ်တိုက်သံကြား၍ ဖျတ်ခနဲမျက်လုံးဖွင့်ကြည့်လိုက်သည်။

"ကိုကို"

သူအရက်သောက်လာပုံရသည်။ မျက်လုံးတွေက နီရဲလို့။ ခင်က ထ၍ သူ့ကိုတွဲလိုက်ပြီး အိပ်ခန်းထဲရောက်တော့ ခုတင်ပေါ် ဝုန်းခနဲ ပစ်လှဲချလေသည်။

"ဖြည်းဖြည်းလုပ်ပါ ကိုကို . . . သားနိုးသွားမယ်"

ပြီးတော့ လူမှန်းသူမှန်းမသိအောင် သောက်လာပြီး တရှူးရှူးနဲ့





အိပ်မောကျနေလေသည်။ ခင့်ကိုလည်း မမှတ်မိတော့။

ဘာပဲဖြစ်ဖြစ် အိမ်ကိုဘာမှမဖြစ်ဘဲ တည့်တည့်မတ်မတ် ပြန်ရောက်လာတာ တော်သေးသည်။ ဘုရားမလို့။

* * *

မနက်မိုးလင်းတော့ သူ့အိပ်ရာတမထနိုင်။

"ခေါင်းသိပ်ကိုက်နေတယ် . . . ခင်"

"ခင် သံပုရာရည်ဖျော်ပေးမယ်လေ"

"ရတယ် . . . ခင်ကျောင်းသွားဖို့လုပ်လေ"

"ရတယ် ကိုကို . . . ဒီနေ့ခင် off time ရထားတယ် . . . သားကိုပဲ ဖယ်ရီလိုက်တင်ပေးလိုက်မယ်"

သူ့အတွက် သံပုရာသီးခပ်ချဉ်ချဉ်နှစ်လုံးဖျော်ပေးပြီး သားကို ရေချိုးပေးရသည်။ သားက

"ဖေဖေနေမကောင်းဘူးလား"

"ရှူး . . . တိုးတိုး . . . ယုတ်တယ်"

"မေမေကို အော်သေးလား"

ခင်တို့အိမ်ထောင်ရေးရဲ့ ပြယုဂ်က သားမေးခွန်းမှာ တည်၍ တလေးတောင် နားလည်နေတာ။



www.burmeseclassic.com

www.burmeseclassic.com



"မအော်ပါဘူး အားရဲ့"

သားက ဘာမှပြန်မပြော။ ကျောင်းစိမ်းဝတ်ပေးပြီး ဖယ်ရီပေါ် လိုက်တင်ပေးလိုက်သည်။ အိမ်ပြန်ရောက်တော့ သူက

"ညကနည်းနည်းများသွားတယ်ကွာ. . . အခုခြေထောက်တွေတောင့်ပြီး ယောင်နေတယ်. . . လမ်းလျှောက်မရ ဘူး. . . ခင် ကြည့်ပေးပါဦး"

"ကိုကိုနဲ့ အရက်မတည့်တာ ဘာလို့သွားသောက်လဲ"

"စိတ်ညစ်လို့ပါခင်ရာ"

"လင်မယားပဲ ကိုကို . . . အဆင်မပြေရင် ညှိယူမှာပေါ့. . လင်မယားဆိုတာ အနီးဆုံးပဲ . . . ဖအေမအေတောင် လင်မယားလောက်နီးပါ့မလား . . . အိမ်ထောင်သက်ပဲ မနည်းတော့ဘူး . . . ကိုကို ခုထိကလေးဆန်ချင်တုန်း"

သူက ခင့်ကိုတမေ့တမော ငေးကြည့်နေလေသည်။

"အင်း . . . ကိုကို ဒီလိုဖြစ်တော့ ခင်ဆိုင်ထိုင်ရမှာပေါ့"

"ပိတ်ထားလိုက်ကွာ. . . ခင်ပင်ပန်းပါတယ်"

"ဒီဆိုင်က ထမင်းကျွေးနေတာ . . . အဲဒါကြောင့် ကိုကို့ကိုပြောတာပေါ့ . . . ခင်က အခုကျောင်းဆရာမဖြစ်နေပြီး . အရက်ဆိုင်ထိုင်မရောင်းချင်ဘူး . . . ကိုကို့စီးပွားရေး ကိုကို လုပ်တာလူမြင်ကောင်းတယ်. . . ခင်ကျတော့ . . . ဒါပေမဲ့ ဒီနေ့ မြတ်မှမနက်ဖြန် အရင်းရမှာ. . . ပြီးတော့ အားကိုးရမဲ့ ကိုယ်ခွဲကလဲမရှိ"





"အဲဒါကြောင့် အရွေကိုခေါ်ထားဖို့ ကိုယ်ပြောတာပေါ့"

"အရွေကို ဆိုင်မှာထားဖို့လား . . . ကိုကို့သဘောပဲလေ"

နောက်ဆုံးတော့ သူ့အလိုကျ။

ခင်ဘယ်လောက်တင်းမာချင်ပစေ သူမရှိလျှင်ဆိုသော အတွေးမျိုးက ဦးဆောင်၍ ခင်အလျှော့ပေးလိုက်ရလေပြီ။

ခင်သည် ခင့်တပည့်စာရေးဆရာမလေးပြောသော မှန်အိမ်ထဲတမီးစာလေးကို မြင်ရသလိုပူလောင်လှပြီ။

"ဟုတ်တယ် သမီးရေ။ တီချယ်ဟာ မီးစာတစ်ခုပဲ. . ဒါပေမဲ့ဆီကတော့ မကုန်သေးဘူးကွဲ့" ဟု ရင်ထဲက ညည်းညူမိသည်။

* * *

လက်ထောက်ကထိက အဖြစ်မှ ကထိကအဖြစ်သို့ ပြောင်းရွှေ့ခြင်းနှင့် ခင်ကြုံရပြန်လေပြီ။

"မနက်ဖြန် အင်တာဗျူးတဲ့ ခင်ရေ"

အတူစာသင်ဖော်ဆရာမတစ်ယောက်က ပျော်နေပေမဲ့ ခင်ကတော့ရင်လေးမိသည်။ ရာထူးတက်မဲ့ကိစ္စ ခင်မပျော်ဘဲ ရှိပါ့မလား ဒါပေမဲ့ . . . . ။

ကျော်သွားတိုင်းဖျာပါတဲ့ဘဝမှ မဟုတ်ခဲ့တာ. . . ။ ခင်လက်ထပ်

www.burmeseclassic.com

www.burmeseclassic.com



ထားတဲ့သူက ဘာမဆိုသီးခံခွင့်လွှတ်နားလည်တဲ့လူမှ မဟုတ်ခဲ့တာ။ အိမ်ပြန်ရောက်တော့ ခင်သူနဲ့ပြဿနာတက်ရပြန် သည်။

"ခင် ကထိကရာထူးနဲ့ မန္တလေးဒါမှမဟုတ် ဆေးမကွေးကို ပြောင်းရမယ်တဲ့ ကိုကို"

သူကတီဗွီကြည့်နေရာကနေ တီဗွီကိုထပိတ်ပစ်သည်။ မျက်နှာကလည်း ချက်ချင်းပုပ်သိုးသွားသည်။

"မသွားရဘူး"

"ဒါအထက်အမိန့်ပဲ"

"အလုပ်ထွက်လိုက်ပေါ့ကွ"

ခင်တော့ ဒီတစ်ခါအလုပ်ထွက်ရတော့မည်ထင်သည်။ နောက်ဆုံးအနေနဲ့ ခင်သူကိုဖြားယောင်း၍ လိုရာပြောဖို့ကြိုးစားသေးသည်။

"ကိုကို . . . ခင်ရာထူးတက်ချင်တယ်"

"မင်းရာထူးနဲ့ ငါနဲ့သား ဘယ်သူ့ရွေးမလဲ"

ခင်လည်းပင်းလိမ်လျက် ဘာမှမပြောနိုင်တော့။ စိတ်ထဲမှာတော့ မကျေနပ်။ သူကအိပ်ရာထဲရောက်တော့ ခင့်ကိုနမ်းရှုပ်ရင်း ချော့သေးသည်။ မသွားဖို့၊ တကယ်လို့ အကျပ်အတည်းဖြစ်လာရင် အလုပ်ထွက်ဖို့။ ခင်ကတော့ သူမမြင်အောင် အောက်နှုတ်ခမ်းကို သွားနဲ့နာနာကိုက်ထားမိသည်။ တက်လမ်း။ ခင်တော့ တက်လမ်းတွေ ပိတ်ဆို့ကုန်ပြီထင်ပါရဲ့။





ခင်မျက်လုံးထဲမှာ . . . အညွှန့်တလူလူဖြစ်စပြုနေသော ဘူးညွှန့်ကို ကတ်ကြေးနဲ့ဖြတ်လိုက်သလိုပါပဲ။ ဘယ်တော့မှ အထက်မရောက်နိုင်တော့။ ဘူးပင်သည် ဘူးစင်အမြင့်လောက်ပဲ မြင့်ရသတဲ့သို့ ခင်သည်လည်း သူမြင့်ပေးသလောက်ပဲ မြင့်ရတော့မည်လေ။

ပထမအကြိမ်ငိုပြီးပြီ။ ဒုတိယကြိမ်လည်း ငိုပြီးပြီ။

နောက်အကြိမ်တွေ . . . . . ။ နောက်ထပ်အကြိမ် ဘယ်လောက်များများ ခင်ငိုရဦးမှာပါလိမ့်ကွယ်။ ဟင့်အင်း . . ။ ခင်တော့ ခါးသီးလှပြီ။

နောက်တစ်နေ့မနက် အင်တာဗျူးဝင်တော့ ဆရာကြီးတွေ ရှေ့မှာ ခင်ခေါင်းငုံ့လျက် မျက်ရည်မကျအောင် ထိန်းချုပ်ကာ ခက်ခက်ခဲခဲ ဖြေယူရလေသည်။

"ကျွန်မမသွားချင်ဘူး"

ဆေး (၂) ပါချုပ်ဦးသာလှရွှေက

"ဆရာမမှာ အခက်အခဲရှိပြန်ပလား"

"ဟုတ်ကဲ့ . . . . ဖြစ်နိုင်ရင် ဆေး (၁) မှာပဲဆိုရင် အဆင်ပြေပါတယ်"

"ခက်တယ် ဆရာမရေ . . . ရန်ကုန်ကတော့ လူတိုင်းနေချင်တာပဲ"

"ကျွန်မရဲ့ကလေးက သုံးတန်းပဲရှိသေးလို့ပါ ဆရာ . . မိဘတွေနားမှာဆိုတော့ . . ."



www.burmeseclassic.com

www.burmeseclassic.com

ပြောရင်း ခင်မျက်ရည်ကျလာလေသည်။ ဆရာကြီးကတော့ ထင်သည်။ မိသားစုကြောင့် မပြောင်းချင်တာလို့။ တကယ်တော့ ခင်သည် သားလေးကို ခင်သွားတဲ့နေရာမှာ ကျောင်းထား နိုင်တာပဲ။ ပြီးတော့ သူလည်းခင့်ကို ငွေပို့နိုင်တာပဲ။ ရာထူးတက်မဲ့ကိစ္စကို ခင်လက်လွှတ် လိုက်ရတဲ့အသိက နာကျင်လှသည်။

"ဆရာမကို ကျွန်တော်တို့ သေချာပြန်စဉ်းစားပေးပါမယ်"

အင်တာဗျူးဝင်မဖြေပြီးကတည်းက ခင့်စိတ်တွေဆောက် တည်ရာမရ။ ခင် A.L ဖြစ်ခဲ့တာ တစ်နှစ်တောင်ရှိပြီ။ လွယ်လွယ်နဲ့ ကထိကဖြစ်မဲ့ကိစ္စကို ခင်ကိုကို့ကြောင့် လက်လွှတ်ရဦးမှာပါလား။

အိမ်ပြန်ရောက်တော့ သူက

"ဘယ်လိုလဲ ခင်. . . အလုပ်ထွက်မှာလား" ဟု တန်းမေး လေသည်။ ခင်မှာ ငိုချင်ရက်သိမ်းထားခဲ့သော မျက်ရည်တို့ကို နာကျင်မှု အစားထိုးအဖြစ် ဖြေသိမ့်ရလေသည်။

"ငိုမနေပါနဲ့ ခင်. . . . မလွှမ်းလောက်ပါဘူး . . . ကိုယ် ရှာကျွေးနိုင်တာပဲ"

ခင်သိက္ခာသည် သုညအဆင့်သို့ ထိုးကျသွားလေသည်။

လူတစ်ယောက်ရဲ့ လုပ်ပိုင်ခွင့်၊ ရပ်တည်နိုင်ခွင့်၊ ခံစားနိုင်ခွင့်ကို အခြားလူတစ်ယောက်က ပယ်ချခွင့်ရှိသလား။

ကိုယ်ချင်းစာစိတ်ဆိုတာ ဘယ်မလဲ။



သူ့ခမျာ ဘာညာ. . . ဒီလိုမျိုးတောင် မတွေးဝေးနိုင်တော့။ သူသည် ခင့်အပေါ်တွင် အစွမ်းကုန်ရက်စက်ခြင်းမျိုးဖြင့် ရက်စက်နေပြီ။ ခင်မှာကိုယ်ပိုင်ဆိုတာ မရှိတော့ပြီ။

ခင်သည် ယောကျ်ားတစ်ယောက်ကို လက်ထပ်မိခဲ့ပြီ။ သို့အတွက် အဲဒီလက်ထပ်ခြင်းက ခင့်ကိုချည်နှောင်သည်။ ထို့နောက် ခင့်လိုလားချက် တွေကို နောက်ကိုနေစေလျက် ခင့်ခံစား ချက်တွေကို ဖျက်ဆီးပစ်လိုက်သည်။ တစ်ခုလိုချင်ရင် တစ်ခုပေး ဆပ်ရတာ မမှတာဟု ဆိုကြပါဆို့။ လက်ထပ် ခြင်းအတွက် ခင်ပေး လိုက်ရသော အရင်းအနှီးသည် ကုန်ကျူးတာတွေနဲ့ ပြောလျှင် အရှုံးချည်းပဲ။

***

ခင့်ထက်လုပ်သက်နုသော ဆရာမကလေးအား ဆေးမန်းသို့ ကထိကအဖြစ် ခင့်အစားစေလွှတ်လိုက်ပြီး ခင်ကတော့ သရုပ်ပြထက် အဆင့်အနည်းငယ်သာမြင့်သည့်ရာထူးမှာပဲ တည်ရှိနေခဲ့ရသည်။ ခင်တော့ ကြံ့တိုင်းမိန်းကလေးတွေကို ဆုံးမသည်။

"အိမ်ထောင်မပြုကြနဲ့နော်. . . နောင်မှရတဲ့ နောင်တသိမ်တင်"

တပည့်မလေး မီက

"တီချယ်ကျတော့ ယူပြီးတော့ . . . "ဟု ရယ်ကျဲကျဲနောက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"သမီးရယ် . . . မသိလို့ယူတာပေါ့"

စာရေးဆရာမကလေးက

"သိရင်လည်း ယူချင်ယူမှာပေါ့ တီချယ်"

"အမယ်လေး . . . ဒါကလက်တည့်စမ်းကောင်းတဲ့အရာ မဟုတ်ဘူး"

"သမီးကတော့ အဲဒီလောက်ထိ အိမ်ထောင်ရေးကို ကြောက်စရာကောင်းမယ် မထင်ပါဘူး တီချယ် . . . သူအောင်တိုင်း ကိုယ်လိုက် အောင်ကြေးဆို အိမ်ထောင်ရေးဆိုတာ ရန်ပွဲတစ်ပွဲနဲ့တင် ပြီးတဲ့ အရာမျိုးလို့ထင်တယ် စိတ်ဝင်စားတယ် . . . ပြီးတော့ ယောကျ်ားတိုင်းတော့ မကောင်းဘူးလို့မမြင်ဘူး"

"သမီး . . . ယောကျ်ားတွေမှာ အတ္တအနည်းအများတော့ ရှိမှာပဲ"

စာရေးဆရာမလေးက ပုခုံးတွန့်သည်။ တစ်ချိန်လုံးငြိမ် သက်နေသော မေက

"တီချယ် . . . သမီးမွေးနေ့က လာမဲ့စနေနေ့ကျ တယ် . . . အဲဒါ ရွှေရှမ်းကန့်မှာကျွေးမလို့ . . . တီချယ်ကိုလာခေါ်မယ်"

"အင်း . . . . အင်း"

ကိုလတ်ကို ခင်ကြိုမပြောဘဲ အေးအေးဆေးဆေးပဲရက်တွေ ကုန်ကာ စနေနေ့ရောက်လာသည်။ စောစောစီးစီး အိမ်အလုပ်တွေ ပြီးအောင်လုပ်ကာ ရေမိုးချိုးအလှပြင်ထားသည်။ သားကိုပါ ခေါ်သွားမည်ဟု စိတ်ကူးရသည်။





တပည့်တွေရောက်လာတော့ ခင်ကဆိုင်ကို ဝင်အား

"ကိုကို . . . ဟို . . . ဆံပင်ရှည်ရှည်နဲ့ဖြစ်သောလ် [illegible] လေး . . . အဲဒါလိုက်သွားမလို့"

ဆိုင်ရှေ့မှာရပ်နေကြသော တပည့်တွေကိုကြည့်ကာ [illegible] မပြော ကျေနပ်ဟန်တော့မပြဘဲ ခေါင်းညိတ်သည်။

"တီချယ့် ကိုကိုက ကျေနပ်ရဲ့လား"

"မကျေနပ်လည်း အိမ်ရောက်မှပြောပေါ့"

"တီချယ်ကလည်း မလွတ်လပ်လိုက်တာ . . . [illegible] မိန်းမလည်း ဒီလိုပဲ . . . သူ့အဖေက အရမ်းချုပ်ချယ်တာ"

အပြောခံရသော စာရေးဆရာမကလေးက

"ဟုတ်တယ် . . . အဖေက အချိန်နဲ့အတိအကျ . . . အခု လည်း နေ့လယ် ၁၂ နာရီအရောက်ပြန်ရမယ်တဲ့ . . . စိတ်ညစ်ပါတယ် တီချယ်ရာ ယောကျ်ားယူရင်တော့ လွတ်လပ်ထားမဲ့သူပဲ ယူမယ်"

"ရဲထွဋ်က မလွတ်လပ်ဘူးလား"

"လွတ်လပ်ပါတယ် . . . အရမ်းအလိုလိုက်တယ် . . . သမီးက သူနဲ့ကျမှ နေချင်သလိုနေရတာ . . . အိမ်မှာက ထောင်လိုပဲ"

ရွှေရှမ်းကန်မှာ မင်္ဂလာဆောင်ရှိနေ၍ ရွှေအင်းလျားမှာပဲ စားဖြစ်ကြသည်။ မီက

"တီချယ်သားလေးက သိပ်သွက်တာပဲ"



www.burmeseclassic.com

www.burmeseclassic.com



ဝဏ္ဏန်းတင်းချိုတွေသောက်လိုက် waiter ကိုခေါ် လိုက်နဲ့ အလုပ်ရှုပ်နေသော သားလေးကိုကြည့်ပြီး ခင်တို့လင်မယား ပြဿနာတက်တိုင်း သားချောင်ကုပ်နေရတာ သတိရသည်။

မေက "တီချယ် အချိန်ရပါတယ်နော်"

"အင်း ရပါတယ်"

ကျွန်းကိုသွားသည့် တံတားပေါ်မှာလမ်းလျှောက်ရင်း သူတို့ကို ကျောင်းတုန်းကအကြောင်းတွေ ပြန်ပြောပြဖြစ်သည်။

"အဲဒီတုန်းကတော့ တော်တော်ပျော်ရတယ်. . ."

တပည့်တွေနဲ့ စိတ်လွတ်ကိုယ်လွတ် စကားတွေပြောပြီး အိမ်ပြန် ရောက်တော့ "သိပ်ပျော်ခဲ့ရလား" ဟု ခနဲ့တဲ့ အမေးခံရသည်။

"ကိုကို မရွဲ့ပါနဲ့"

သူကအဲသလိုပဲ အပြင်ထွက်တာ မကြိုက်။ ဘာမှန်းကိုမသိ။ ကြာတော့စိတ်ပျက်လက်ပျက်နဲ့ သူမပြောဘဲ သွားချင်ရာ ခိုးသွားကာ အသိပေးလိုက်မိရင် အရွဲ့ခံရပြီသာမှတ်။

"ဒါနဲ့ ရဲထွဋ်ကောင်မလေးက ဘယ်တစ်ယောက်လဲ"

"ဩော် . . . ဟိုစကပ်အကွဲလေးနဲ့ ဟော့ရှော့ဝတ်လာတဲ့ ကောင်မလေးလေး . . . ဆံပင်ခါးလယ်လောက်ရှိတယ်. . . စာရေး ဆရာမ ပဲ . . . ချိုတဲ့ ဝတ္ထုထွက်တော့မှာလေ . . . ခပ်သွက်သွက်ကလေးပဲ . . . ရဲထွဋ်နဲ့ရုပ်ချင်းလဲဆင်တယ် . . . နှစ်ယောက်လုံး ညိုညိုလေး





တွေ . . . အဲဒီရဲထွဋ်က ကြိုက်စရာရှားလို့ ငါ့တပည့်လေးမှ ရွေးကြိုက်တယ် . . . စာရေးဆရာမနဲ့ ထုတ်ဝေသူ လိုက်တော့လိုက်ဖက်သားနော် ကိုကို"

"ဒီကောင်မလေးရှားက ပြန်လာတာ ဘယ်လောက်ကြာပြီလဲ"

"နှစ်နှစ်လောက်ရှိပြီတဲ့ . . . ခုမှစာအုပ်စထွက်တာ . . . ခင့် တပည့်က သူ့ပထမဆုံးထုတ်တဲ့ စာရေးဆရာမလေ . . . ရဲထွဋ်ကသိပ်သည်း တာတဲ့ . . . ကောင်မလေးကနိုင်တယ် . . . ဒါဆို ဒါပဲ . . . ဟိုတလဲ ဆယ့်သုံးနှစ်စောင် အသက်ကွာတော့ ကလေးလိုပဲ အလိုလိုက်တယ်"

"ဘယ်တော့ ယူကြမလဲ"

"မသိဘူး . . . ကောင်မလေးက ခုမှ 3rd MB ကျောင်းပြီးဖို့ အများကြီးလိုသေးတယ်"

"ဟိုကောင်တော့ အဘိုးကြီးဖြစ်ပြီပေါ့"

ပြောပြီး သူ့ဟာသူရယ်နေလေသည်။

ကောင်းချင်ရင် ချက်ချင်း။ သူ့စိတ်အတိုင်းဆို ခင့်ခေါင်းမူး လိမ့်မည်။

"သူတို့ကလေးယူရင် ဒုက္ခပဲ"

"ဘာလို့လဲ ကိုကို"

"ကောင်မလေးကငယ်သေးတယ် . . . ဒါပေမဲ့ ရဲထွဋ်တာ လေးဆယ်ကျော်သွားမှာ . . . ဒီကောင်သွားမရှိမှ ကလေးချီရမှာ"

"အင်း . . . ခင့်တပည့်လေးက ကံကောင်းမှာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ. . . မင်းက ကံမကောင်းနေလို့လား"

ခင်သူ့ကို စကားဆက်မပြောနေဘဲ တစ်ဖက်စောင်းအိပ်လိုက်သည်။

* * *

"တီချယ် ချိုလေ. . . သူ့ကိုကိုနဲ့ လက်မှတ်ထိုးလိုက်ပြီတဲ့ တီချယ်"

"အင်. . ."

"အဲဒါ. . တစ်ပတ်အတွင်း ကြော်ငြာခိုင်းပေးပါ တီချယ်"

"ပြောလိုက်. . . တီချယ်က ပြောတယ်လို့. . . ကိုယ့်တန်ဖိုး ကိုယ်မြင့်လို့"

အိမ်ရောက်တော့ ကိုလတ်ပြောလိုက်သည်။

"ရတ်တရက်ကြီး ဘာအစီအစဉ်မှ မလုပ်ဘဲ လက်ထပ်ကြတယ်တဲ့ . . . ဒီကောင်မလေး လုပ်ချင်တာလုပ်လိုက်ပြန်ပြီ. . . တန်ဖိုးမရှိရာကျအောင်လုပ်တယ်"

သူကခင့်စကားကို ချေပသည်။

"ငါတော့ ရဲထွဋ်ဘက်ကတွေးတယ် . . . သူ့အသက်က ခုပဲသုံးဆယ့်ငါး ကောင်မလေးက နှစ်ဆယ့်သုံး သင့်တော်ပါတယ်ကွာ . . . ရဲထွဋ်က အလုပ်နဲ့အကိုင်နဲ့ပဲ . . . ကျောင်းထားပေးနိုင်တာပဲ"





"ဪ. . ခင့်တပည့်က ဆရာဝန်လောင်း. . စာရေးဆရာမ"

"ဘာဖြစ်လဲ. . . မလိုပါဘူး . . . ဆရာဝန်လောင်း ဘာလုပ်ရမလဲ. . . လစာက ဘယ်လောက်ကောင်းလို့လဲ. . . စာရေးဆရာမတာ အောင်မြင်နေပြီလား . . . ဒါတွေအကုန်လုံး ရဲထွဋ်လုပ်ရမှာ . . . ကျောင်းပြီးအောင်ဆက်ထားရမယ်. . . အောင်မြင်အောင် သူကငွေကုန်ခံရမယ်"

"ဘာပဲဖြစ်ဖြစ် ခင့်တပည့်က M.B.B.S ဘွဲ့ရမှာပဲ မတန်သလိုဘဲ. . . နမြောတယ်. . . ငယ်လဲငယ်သေးတယ်"

ခင်ကတပည့်အတွက် ညီမလေးလိုတွေးသည်။

မင်္ဂလာဆောင်ဖို့ဆိုတာ မကြာခင် ဝါဝင်တော့မည်။

အချိန်က ကြာတော့မည်။ ပြီးတော့ ကောင်မလေးအဖေတာ သဲသဲလှုပ် ရဲထွဋ်တော့ မီးတောင်ဝကိုလက်နှိုက်မိသွားသလိုပဲ။

ဘာတွေဖြစ်ကြဦးမှာပါလိမ့်။

ခင်က အိမ်ထောင်ရေးထဲမှာ စိတ်ညစ်နေသူ။ အခု ခင့် တပည့်ခစ်ရဲရဲ သတ္တိခဲမလေးက မင်္ဂလာဆောင်ကို မလုပ်သေးဘဲ အရင်လက်မှတ်ထိုးသတဲ့။

* * *



www.burmeseclassic.com

"ချစ်လို့တီချယ်"

"မိုက်လိုက်တာ"

"အခုတော့ ဒီလိုပဲ မြောကြမြင်ကြမှာပဲ တီချယ်. . . လူဆိုတာ အခြေအနေအချိန်အခါအရ ကြုံလာရရင် မလွဲရှောင်နိုင်ကြပါဘူး . . . ပြီးတော့ အိမ်ထောင်ကျတဲ့ မိန်းမတစ်ယောက်ဟာ လင်ရက်ကောင်း မကောင်း ချက်ချင်းမဆုံးဖြတ်နိုင်ပါဘူး . . လက်ထပ်ပြီးဆယ်နှစ်ကြာမှ ကိုယ့်ယောက်ျားအရည်အချင်းတို့ သိနိုင်တာမျိုး . . . ကိုရဲထွန်းကို လက်ထပ်တာချစ်လို့ . . . ပြီးတော့ သမီးမှာ တွယ်တာရမဲ့အနေအထားမို့ အားကိုးတယ် တီချယ်"

"သမီးမှာ မိသားစုရှိတာပဲ"

"ဟုတ်ပါတယ် . . . ဒါပေမဲ့ သမီးနဲ့ နားလည်မှုမရှိကြဘူး. . . လူဆိုတာပျော်တဲ့နေရာ ရှာကြတာပဲ တီချယ်"

"ဒါနဲ့ မင်္ဂလာဆောင်ကရော"

"လိုပါသေးတယ် . . . လူနှစ်ယောက်လက်ထပ်တာ လူနှစ်ယောက် ချစ်ဖို့ပါပဲ တီချယ် . . . မင်္ဂလာဆောင်ဆိုတာ သူများ ပစ္စည်းလက်ဖွဲ့တာ တင်တောင်းတာတို့ကို တန်ဖိုးလို့သတ်မှတ်ပြီး လုပ်နေကြတဲ့ ထုံးစံကြီးပါ . . . သမီးက တန်ဖိုးဆိုတာကို ကိုယ့်ကို ချစ်တဲ့ယောက်ျားတစ်ယောက်နဲ့ပဲ ဆုံးဖြတ်ချင်တယ် . . . ကိုယ်နဲ့ပတ် သက်ရင် ကိုယ့်ဆုံးဖြတ်ချက်ကိုပဲ ဦးစားပေးတဲ့လူ. . . ကိုယ့်ကို သဲသဲလှုပ်ချစ်တဲ့လူ . . . အဲသလိုလူကို ရွေးခဲ့တာ. . ကိုယ့်ကိုကိုယ် နိမ့်ကျတယ်လို့ မထင်ပါဘူး"





"မှားမသွားနိုင်ဘူးလား သမီး"

"ချိုလုပ်တဲ့ အလုပ်တိုင်းအမြဲစဉ်းစားပါတယ် တီချယ် . . သမီး ကိုယ့်ကိုကိုယ်ယုံတယ် . . . . ကိုယ့်ဒူးကိုယ်ချွန်ခဲ့တဲ့လူပဲ . . . ဆုံးဖြတ်ချက် ဆိုတာ ဘယ်တော့မှမမှားခဲ့ဘူး . . . မှားလည်း အိပ်ပြုသနေ့စမရှိဘူး . . . တစ်ဘဝလုံးစာ အိမ်ထောင်ရေးမှာ မြေမြှုပ်မထားဘူး . . . ရအောင်ပြန်တူးဖော်ပြီး သမိုင်းအသစ်ပြန် စမယ် . . . အဓိကက သတ္တိရှိဖို့နဲ့ လူတွေကိုဂရုမစိုက်ဖို့ပါဘဲ . . . ဒီဆေးကျောင်းမှာက သမီးလို အပြင်စီးပွားရေးလုပ်တဲ့လူနည်း တယ် . . . အပြင်လောကနဲ့ ငွေအကြောင်း လူအကြောင်း သိပ်သိကြတာမဟုတ်ဘူး . . . မိဘပို့တဲ့ငွေနဲ့ စာမေးပွဲ အောင်ဖို့ လုံးပန်း နေတဲ့လူကများတယ် . . . သူတို့ကဲ့ရဲ့ရင် ကိစ္စမရှိပါဘူး တီချယ် . . . သူတို့သမီးကို ထမင်းလာကျွေးမှာမဟုတ်ဘူး . . ကိုယ့် သမိုင်းကိုယ်ရေးရတာပါ တီချယ်ရယ်"

ဒီကောင်မလေး သတ္တိကိုသြချသည်။ ယောက်ျားယူတာများ ဟင်းရွက်ကန်စွန်းလိုပဲ ကောက်ယူသည်။ ခင့်အဖြစ်တုန်း ကတော့. . . ။ ပြန်မတွေးချင်။

* * *

www.burmeseclassic.com



ထို့နောက်ပိုင်းခင်သည် ပုံမှန်ပဲ ခင့်ရဲ့နေ့စဉ်တွေ ဖြတ်သန်းရသည်။ အရှေ့ကို ဆိုင်မှာကူခိုင်းပြီး ရက်သိပ်မကြာခင် သူ့မိဘတွေ ခင်တို့နဲ့နေဖို့ ပြောင်းရွှေ့လာကြသည်။ ခင့်မှာ တာဝန်တွေ ခေါင်းပေါ် ပိကျလာလေသည်။ အဘိုးကြီး အဘွားကြီးက အသက်ကြီးတော့ နားအေးပါးအေး နေချင်ကြသည်။ ညဘက် တီဗွီဖွင့်လျှင်တောင် ခပ်တိုးတိုးပဲ ဖွင့်ရသည်။ အဘိုးကြီးဘုရား ရှစ်ခိုးချိန်ဆို ခင်စကားမပြော။ အသံကျယ်ရင် အာရုံမရမှာဆိုးလို့ ဖြစ်လေသည်။

"ဟင်းကပေါ့တယ်"

"ငရုပ်သီးအရောင်လျှော့ထည့်"

"ငပိရည်က သခွားသီးလေးနဲ့မှ"

"ရေနွေးကြမ်းကို တစ်နေ့တစ်အိုးတည်ပေးပါ"

ခင်မညည်းမညူပါ။ သို့သော် ကျောင်းကတစ်ဖက် သားက တစ်ဖက်ကြာလျှင် ခင်တော့ဒုက္ခပဲ။ ထင်တဲ့အတိုင်းပင်။ သိပ်မကြာ။ ခင်ဖျားလေသည်။

အရှေ့က "အစ်မက ပျော့ကိုပျော့တာပါ" ဟု ညည်းညူလေသည်။

ပြီးတော့ ခင်ညဘက်တွေ သိပ်အိပ်မရချေ။ ဘာလုပ်ရမှန်းမသိ။ ဟိုစဉ်းစား ဒီစဉ်းစားနဲ့။ လူကမျက်ကွင်းညိုကာ ပိန်ကျသွားသည်။ အင်္ကျီတွေတောင် ချောင်သွားသည်။

ကျောင်းမှာကလေးတွေ ရယ်မောနေတာတွေ့လျှင် ခင်



အားကျမိသည်။ ခင့်မှာတော့ ဟန်ဆောင်မှုတွေနဲ့ပင်ပန်းလိုက်တာ။

တစ်နေ့စာရေးဆရာမကလေးနဲ့ နှစ်ယောက်ထဲစကားပြော ဖြစ်သည်။

"တီချယ်ပိန်သွားတယ်နော်"

"ဟုတ်တယ် . . . စိတ်ရှုပ်လို့"

"စိတ်ရှုပ်တာများ မေ့ပစ်ပေါ့ တီချယ်"

"မလွယ်ဘူးသမီးရဲ့"

"ရှင်းစရာရှိတာမရှင်းရင် ပိုရှုပ်မှာပေါ့ တီချယ်"

ခင်ရယ်မိလေသည်။

"သမီးက ငယ်သေးတာကိုး"

"တီချယ် တကယ်ထင်သလားဟင်"

"ဘာကိုလဲ"

"အိမ်ထောင်ကျသွားတဲ့မိန်းကလေးတစ်ယောက်ဟာ ဘယ်လောက်ပဲ ဖြစ်ဖြစ်

တော့မလဲ တီချယ် . . . ရင့်ကျက်သင့်သလောက် တည်ငြိမ်လာတာပဲ"

"ဒါနဲ့ သမီးအဆင်ပြေရဲ့လား"

"ပြေတယ် တီချယ်"

"အင်း . . . စောင့်ကြည့်ရမှာပေါ့"

* * *

www.burmeseclassic.com

www.burmeseclassic.com



တကယ်တမ်း ခင်စောင့်ကြည့်ရမည်မှာ ခင့်ကိုယ်ခင်သာ ဖြစ်လေသည်။ ခင်ညနေကျောင်းကပြန်လျှင် ဈေးဝယ်ရမည်။ ချက်ရမည်။ ယောက္ခမတွေကို အရင်ဦးကျွေးရမည်။ ပြီးတော့ သားကိုကျွေး။ ပြီးရင်နောက်နေ့အတွက် လက်ချာနုတ်စ်တွေကြိုရေးရမည်။ ကိုကိုပြန်လာရင် ထမင်းအတူစား။ နောက်အိပ်ရာဝင်ရမည်။

"ဟင်"

ကိုယ့်ဘဝကိုယ် ကျေနပ်သလား။

ခင်စတွေးရင်းအဖြေမရ။

Lab room ထဲက electron microscope တွေကို ကျောင်းသူလေးတွေချိန်တာကြည့်ပြီး ခင်သတိဝင်မိသည်။

အိမ်ထောင်ရေးဆိုတာ . . . မှန်ဘီလူးနဲ့ဖြိုရှာမှ အဖြေတွေ့မှ မဟုတ်။ အင်း. . .။

ခင့်ကို သူနောက်အကြိမ်များစွာ သဝန်တိုဦးမည်။

ပိတ်ပင်ဦးမည်။

သူ့ကြောင့် ခင်ငိုရဦးမည်။

ရယ်ရဦးမည်။

စိတ်ဆိုးရဦးမည်။

သို့သော် ရင်ခုန်စရာကား မရှိတော့ . . . . .။

မီးစာသည် မီးစွဲလောင်လျှက်ကနေပြီး ကုန်သွားရသကဲ့သို့





ခင်လည်း သူနဲ့ထိတွေ့နေပြီး သူ့ကိုစိတ်ကုန်လာရသည်။

တစ်နေ့မှာ စာရေးဆရာမကလေးက

"အာကာနဲ့ ကိုကိုလမ်းမှာတွေ့တယ်တဲ့ တီချယ်. . . အာကာ့တယမင်းခင်ဆိုတဲ့ နာမည်ကြားယုံနဲ့ ရင်တွေခုန်လိုက်တာတဲ့ သူကလင့်ခရုဇာတွေဘာတွေနဲ့ . . . အရမ်းချမ်းသာနေပြီ ဘဲ့ . . . သူလည်း သမီးသုံးယောက်ရနေပြီ ဆိုလားပဲ. . ."

ခင်ထူးပြီး ဘာမှမခံစားရဝါ။

ခင့်ရင်သည် လှိုင်းထပြီးငြိမ်သက်ခဲ့လေပြီ။

ခင်သည် ခင်တည်ဆောက်ထားသော အိမ်ထောင်ရေးမှန်အိမ်မှာ မီးစာအဖြစ် သေသည့်အထိ အထွန်းခံမဲ့သူဖြစ်လေသည်။

သေချာသည်က ခင်မီးစာဖြစ်ရတာကို နှစ်မြို့ခြင်း မရှိသော်ငြားတွန့်လှန့်နိုင်စွမ်းကင်းမဲ့သူလည်း ဖြစ်ပြန်လေသည်။

ချစ်ခင်လေးစားလျှက်. . .

မြလွန်းချို (ဆေးတက္ကသိုလ်)

13-10-2001 (Sat)
2:04 (A.M)



www.burmeseclassic.com